www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

# တစ်သက်တာ ရင်ခွင်ရိပ်မြုံ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ…တယုတယနဲ့ လက်တွဲခေါ်ဆောင်ရာလမ်းကိုကြည့်ရင်း ရင်မော၀ွာ စိတ်မပေါ့တပါလိုက်လာရသည့် သူမကိုယ်သူမလည်း ဘာလုပ်လို့ ဘာလုပ်မိမှန်းမသိ ဖြစ်နေခဲ့လေသည်။

"ဘာမှ စိတ်မပျက်နဲ့နော် ခဲ့လေး"

ဟု…ချစ်သူက စိုးရိမ်မကင်းစွာ တဖွဖွ၊ တတွတ်တွတ် အားပေးလျက် သူမလက်ဖဝါးတွေကို တင်းကြပ်စွာ (တဖန် မြဲမြံစွာ) ဆုပ်ကိုင်ထားခဲ့ပါသည်။

ချစ်တဲ့သူနဲ့သာ အတူနေရမယ်ဆိုရင် ဟူသော စကားရဲ့ နောက်ကွယ်မှာ ဘာခွန်အားတွေ ပါနေလို့ရယ်တော့ သူမ…မသိခဲ့ပေ



www.burmeseclassic.com

www.burmeseclassic.com

မဲ့ သူမကိုယ်တိုင်ရဲ့ အလှည့်ကျတော့ အဲဒီစကားရဲ့ ဆက်နွယ်ဖန်တီးနေတဲ့ သူမအဖြစ်အပျက်ကို ပြန်ပြီး နောင်တရနေခဲ့ပြန်သည်။

အံချစ်စစ်...အချစ်မှန်ဆိုတဲ့အရာကို သေချာစွာ...မသုံးသပ်နိုင်ခဲ့ခင်မှာပဲ...

ကိုယ့်ချစ်သူနဲ့ကိုယ် လက်တွဲခွင့်ရချင်တယ်ဆိုတဲ့စကားကို တိတိကျကျ မပြောနိုင်ခဲ့ခင်မှာပဲ...

သံယောဇဉ် ဆိုသော မိန်းကလေးတစ်ယောက်ဟာ နှစ်သစ် ဆိုသော ယောက်ျားလေးတစ်ယောက်နဲ့အတူ ဘဝတစ်ခုကို ထူထောင်ဖို့ ဆုံးဖြတ်လိုက်ရတော့တဲ့ တစ်နေ့မှာ...။





## ပထမအဖြစ်အပျက်

( သံယောဇဉ် )

နဲ့

( နှစ်သစ် )



www.burmeseclassic.com

www.burmeseclassic.com

(၁)

BURMESE CLASSIC

သ်ယောဇဉ်သည် မထင်မှတ်ထားသော အခြေအနေကို ကြား သိလိုက်ရလျှင် ပထမတော့ မှင်သက်ငြိမ်တွေသွားပါသည်။

"ကို…ဇဉ်ကို ညာထားသလိုဖြစ်နေခဲ့တယ်၊ အဲ့ဒီအတွက် ခွင့်လွှတ်ပါလိုတော့…ကို မတောင်းပန်တော့ပါဘူး ဇဉ်ရယ်…။ ကိုက မှားထားပြီးတဲ့လူလေ…အဲဒီ့အမှားမျိုးကလဲ အမှန်တော့…ကို မလုပ် သင့်ဘူးမှန်းသိနေပေမဲ့ ဇဉ့်ဆီက အချစ်ကို မရမှာစိုးလို့ ညာထားမိ တဲ့အမှားပါပဲ"

ဇဉ်က စိတ်ညစ်ညူးစွာပင်…





"ပြောမနေပါနဲ့တော့ ကို…ရယ်"

ဟု ရေရွတ်ပါသည်။

ဇဉ်…သူမ၏ကို့ကို ငေးကြည့်နေမိပါသည်။ ကြည့်စမ်းပါဦးလေ…ဒီလောက် ရုပ်ရည်ချောမောလွန်းပြီး…အပြောအဆို… အနေ အထိုင်ကအစ အဆင့်အတန်းရှိလွန်းတဲ့ကိုဟာ…တကယ့်တကယ် တော့ ဇဉ်တောင် မျှော်လင့်မထားဖူးတဲ့ ဘဝထဲကလူတစ်ယောက် ဖြစ်နေခဲ့တာတဲ့…။

အမေက မုန့်ဆိုးမ…။ မနက်ပိုင်း…ရပ်ကွက်ဈေးထဲမှာ မုန့် ဟင်းခါးရောင်းရသတဲ့…။ ညီမလုပ်တဲ့သူက အဝေးသင်တက္ကသိုလ် တက်ရင်း အိမ်မှာ စက်ကလေးတစ်လုံးထောင်ပြီး စက်ချုပ်ဆိုင်ဖွင့် ထားသတဲ့…။ ပြီးတော့ ဆယ့်သုံးပေ၊ ပေးငါးဆယ်လောက်သာ အကျယ်ရှိတဲ့ ကန့်ထရိုက်တိုက်ခန်း ခပ်စုတ်စုတ်တစ်ခုကို ရပ်ကွက် သိပ်မကောင်းတဲ့နေရာတစ်ခုမှာ စသော်ပေးပြီး ငှားနေရတာတဲ့…။

ဒါတွေ အခုမှ ပြောရသလားလို့ ရန်လုပ်ပြီး စကားမများချင်။ ဇဉ် ကိုယ်တိုင်ကိုက မှားခဲ့တာလေ။ ကို့ကို အဝတ်အစား၊ အနေ အထိုင်လေးတစ်ခု၊ ရုပ်ရည်လေးတစ်ခုနဲ့တင် ဘာမှန်းညာမှန်းမသိ အထင်ကြီးပြီး…အင်း…ချစ်ဖို့ ဆုံးဖြတ်လိုက်တာပဲ…ထားပါတော့။

"ခင်…ဘယ်လိုဆုံးဖြတ်မလဲဟင်"

ကိုက…မရဲတရဲ မေးလာသည်။

ခင်…မျက်ရည်ခပ်ဝဲဝဲနှင့် ခေါင်းသာခါမိ၏။ ခင်…ဘာလုပ်လို့ ရတော့မှာလဲ။ ခင့်ဘက်က အများကြီး ရှုံးဖဲတွေရထားတဲ့ပွဲတစ်ပွဲမှာ ရှုံးသာအောင်တော့…တစ်ခုခုနဲ့ ဖြေသိမ့်လိုက်ရတော့မှာပေါ့။

"ခင့်မှာ ဆုံးဖြတ်စရာမှ မရှိတော့တာ"

"ဒါဖြင့်…"

"ခင်…အိမ်က အပြီး ထွက်လာပြီးနေပြီ၊ ခင်…ဖေဖေ မေမေတို့ကို စာရေးပြီး အကျိုးအကြောင်း ပြောပြခဲ့ပြီးပြီ…ခင် နောက်ပြန်မလှည့်တော့ဘူး"

"ဝမ်းသာလိုက်တာ ခင်ရယ်…ကိုက ခင့်ကို လက်လွှတ်ဆုံးရှုံးရမှာ အရမ်းပဲစိုးရိမ်နေခဲ့တယ်၊ ခင့်ကို ညာထားမိတယ်လို့…ဒီနေ့မှ ပြောတာကလဲ ခင့်ဘက်က အကြောင်းအရာကို သိလိုက်ရတော့လို့…ကို ဆက်မညာချင်တော့တာနဲ့ ဝန်ခံလိုက်တာပါ၊ မထူးတော့ဘူးလေ…ခင်…ကို့နောက်လိုက်လာပြီဆိုရင် ကို့အခြေအနေကို အမှန်အတိုင်း သိလိုက်ရတော့မှာလေ…"





ခင်…တိတ်ဆိတ်စွာ…သက်ပြင်းချနေခဲ့ပါသည်။

"ကို…ခင့်ကိုညာပေမဲ့ ခင့်အပေါ်မှာ အမြဲသစ္စာရှိမှာပါ၊ ပြီးတော့ ကို…တတ်နိုင်သလောက် ခင့်ကို မတောင့်မတ၊ မကြောင့်မကြရအောင် ထားမှာပါ။ ဒါပေမယ့်…ချက်ချင်းကြီးတော့ တိုက်နဲ့ ကားနဲ့တော့ ဘယ်နေရမလဲ ခင်ရယ်…ကို၊ အများကြီး ကြိုးစားရဦးမယ်၊ ကြိုးလဲကြိုးစားပါ့မယ်၊ အားလုံးက ခင့်အတွက်ပါ…ခင့်ကိုချစ်လို့ကို ကြိုးစားမှာပါ"

ကိုကတော့ အားတက်သရော ကတိတွေ ပေးနေပြန်သည်။ ကတိကို အမြဲတမ်း ဖောချင်းသောချင်း ပေးတတ်သော ယောက်ျားမျိုးဖြစ်နေသည့်ကို့ကို အရင်ကလိုပဲ 'ပေးပြန်ပြီလား ဒီကတိတွေ' ဟု စကားနာထိုးဖို့ပင် စိတ်ကမပါ။

ငါလိုချင်တာ ဒီလိုအခြေအနေမျိုးနဲ့ လူတစ်ယောက် မဟုတ်ဘူးဟု…ရင်ထဲမှာ အကြိမ်ကြိမ်အခါခါပင် အော်ဟစ်ငိုညည်းနေမိပါသည်။

"အခု…ဘယ်သွားကြမလဲ"

"ကို့ အမေအိမ်ပဲ…လိုက်ခဲ့လေ"

"မိုးရာလိုက်ပါတယ်ဆိုတဲ့လူကို…အမေအိမ် တန်းခေါ်သွားရရောတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အမေကတော့ ကိုတို့ကို ခွဲပစ်မဲ့အမေမှ မဟုတ်တာ။ ပြီးတော့ ဧဉ္ဇမိဘတွေကလဲ ရုပ်ရှင်ထဲကမိဘတွေလို အတင်း မရမက ပြန်ရှာပြီး ခွဲပစ်မဲ့မိဘတွေမှ မဟုတ်တာ။ ခဏနိုးရာလိုက်။ အချိန်တန်တော့ ပြန်အပ်…ညှို့ခံပွဲလေး ဘာလေးလုပ်၊ ဒါပဲပေါ့ ဧဉ္ဇရယ်… ဘာမှ…စိတ်ပူစရာ မရှိပါဘူး"

ဒါဖြင့် ဧဉ္ဇမိဘတွေကို ရှင့်အခြေအနေအမှန် ပြောပြပြီး လာတောင်းရဲသလားလို့ ဧဉ္ဇစိတ်ထဲမှာ ရွတ်ချသလို မေးနေမိသည်။

ဧဉ္ဇမိဘတွေမှာ သိပ်အချမ်းသာကြီး မဟုတ်။ သိပ် အဆင်းရဲကြီးလဲ မဟုတ်သော…အဆင့်အတန်းနဲ့ နေသူတွေ ဖြစ်ပါသည်။

ရပ်ကွက်သန့်သန့်လေးမှာ တိုက်ခန်းကျယ်လေးတစ်ခန်းပိုင်ပြီး ခေတ်ပေါ်အိမ်တွင်းအသုံးအဆောင်၊ အပြည့်အစုံနှင့် လက်ဝတ်လက်စား အနည်းငယ်ပိုင်ဆိုင်ကာ သားသမီးလေးယောက်တို့ကို ပြည့်စုံစွာ ဆင်ယင်ကျွေးမွေးနိုင်သော စီးပွားရေးအခြေအနေကို ပိုင်ဆိုင်လေသည်။

သားသမီးလေးယောက်တွင် အစ်ကိုကြီးကတော့ သူ့အိမ်ထောင်နဲ့သူဖြစ်ပြီး ကျန်တဲ့အစ်ကိုလတ်နှင့် အစ်မအပါအဝင် အငယ်ဆုံးဧဉ္ဇတို့ကတော့ အိမ်ထောင်မရှိသေးသော လူပျိုလူလွတ်တွေ ဖြစ်သည်။





ဖေဖေက ပင်စင်စား အရာရှိကြီးတစ်ယောက်ဖြစ်ကာ မေမေကတော့ စုတတ်ဆောင်းတတ်လှလျှက် ဖေဖေ ပင်စင်လဲပေးရော မိသားစု အခြေအနေမပျက် ဆက်ရပ်တည်နေနိုင်ရန် ဟိုမှာရှယ်ယာနည်းနည်း၊ ဒီမှာ ရှယ်ယာနည်းနည်းနဲ့ ဝင်ငွေဆက်ဖြည့်နေသူ။

အစ်ကိုလတ်ကလဲ ကုမ္ပဏီဝန်ထမ်းမို့ သူ့လစာနဲ့သူ၊ အစ်မကတော့ ဆေးကျောင်းတက်နေဆဲ…၊ ဧဉ္ဇကလဲ အဝေးသင်တက္ကသိုလ်တက်နေဆဲ…။

အဲ့ဒီမိသားစုကြီးထဲကဧဉ္ဇဟာ တစ်နေ့နေ့မှာ အိမ်ထောင်ပြုအခြေကျရမယ်ဆိုရင်တောင် ကို့လိုအဆင့်အတန်းမျိုးနဲ့လူကို စိတ်ကူးထဲတောင်ရှိခဲ့တာ မဟုတ်ခဲ့ပေ။ ကိုယ့်ထက်သာတာ ယူရင်ယူ၊ မယူဖြစ်ရင်တောင် ကိုယ်နဲ့တန်းတူရည်တူ၊ အဆင့်အတန်းမျိုးကိုသာ ရွေးချယ်ကြရဖို့ အခြေအနေထဲမှာ ယခုတော့ ဧဉ္ဇက ကိုယ့်ထက်နိမ့်ပါးသော မိသားစုထဲကို ဝင်ရတော့မည်တည်း။

"ကိုယ့်အမေအိမ်ရောက်ပြီ…ဧဉ္ဇ…ဆင်းတော့ ဧဉ္ဇ…အိမ်လိုတော့ အထပ်မနိမ့်ဘူး…ငါးထပ်မှာ"

ဧဉ္ဇ အငှားကား ကားပေါ်မှ ဆင်းလိုက်တော့မှပဲ အမြင်တွေ ပြန်စုစည်းလို့ ရသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဇဉ်…လမ်းမပေါ်ခြေချလိုက်တာနဲ့ပဲ…အရင်ဆုံး ရင်ဆိုင်ရတာကတော့ စပ်စုသော…မျက်လုံးပေါင်းများစွာပဲ ဖြစ်သည်။

ရပ်ကွက်ကြီးတစ်ခုလုံးမှာ ကန့်ထရိုက်ကောင်းမှုဖြင့် တိုက်ခန်းတွေ တော်တော်များများ ဖြစ်နေပေမဲ့…အောက်ထပ်ရှိ အိမ်ခန်းတိုင်းမှာ ကုန်စုံဆိုင်ဖွင့်သူ၊ စီးထုပ် ကွမ်းယာဆိုင်ဖွင့်သူ၊ ခပ်ကုတ်ကုတ် စတိုးဆိုင်စုတ်လေးများဖွင့်သူ၊ တချို့အိမ်ရှေ့တွေမှာတော့…ကားဘီးလေထိုးသည်၊ ကျွတ်ဖာသည် စသည်ဖြင့် မြေဖြူနဲ့ ကျောက်သင်ပုန်းမှာ ရေးထားသော ဆိုင်းဘုတ်များ၊ မီးသွေးပိဿာချိန်ဖြင့်ရောင်းသည်ဆိုတာမျိုး၊ ဆန်ရောင်းပြီဆိုတာမျိုးတွေ အိမ်ခန်းတိုင်းလိုလို…ဆိုင်မဖွင့်သည့်အောက်ထပ်ရယ်လို့မရှိသော ရပ်ကွက်တစ်ခုပင်။

ဒီကြားထဲ ပေါက်ပြဲနေသော၊ ရွှံ့ဝပ်နေသော…တတ္တာရလမ်းရဲ့ဘေးမှာ ရာသီစာမုန့်မျိုးစုံရောင်းသူတွေကလဲ တစ်ပုံတစ်ပင်…ဈေးတန်းကြီးကိုဖြစ်လို့…။

ဒီရပ်ကွက်ထဲမှာနေသမျှ အိမ်ထောင်စုတိုင်းလိုလိုမှာရှိမယ့်ကလေးပေါင်းသောင်းခြောက်ထောင်တို့ကလဲ လမ်းပေါ်မှာ ကစားနည်းပေါင်းစုံတို့ဖြင့် အော်ဟစ်ဆူညံနေကြပါသည်။

ရပ်ကွက်ထဲကို အငှားကားတကာတစ်စီး ဝင်လာခြင်းကို





ကလေးလူကြီးအကုန် စပ်စုငေးမောနေကြလျှက် ကားပေါ်မှ…ကိုနှင့်အတူ ဆင်းလာသော ဇဉ်ကို မင်းသမီးတစ်ယောက်မဟုတ်ပါဘဲ ဝိုင်းကြည့်ခံရသည်မှာ တော်တော့်ကို ဆိုးလှပါသည်။

သူတို့က…သူတို့ရပ်ကွက်ထဲမှာနေသော ကို့ကိုတော့ အထူးတလည် မဖြစ်လှပါဘဲ ကိုနှင့်အတူပါလာသော ဇဉ်ကိုသာ ထင်ကြေးတွေနဲ့ ကြည့်ရှုလေ့လာနေကြခြင်းပင်။

ကို့လက်ကိုဆွဲပြီး လှေကားထစ်ညစ်ညစ်…လှေကားမှောင်မှောင်ကြီးကို တစမ်းစမ်းတက်နေရသော ဇဉ်ကိုဇဉ် ဝမ်းပန်းတနည်းနမြောတသစွာ မျက်ရည်ကျလာခဲ့မိပါသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ နိုးယူလာပြီးမှတော့…အမေ…အပြစ်မပြော လိုပါဘူးကွယ်၊ ဒါပေမဲ့…သားတို့ကတော့…အခု ခဏတဖြုတ်ပဲ …ဒီမှာ နေလို့ရမယ်၊ ရေရှည် အတူတူနေလို့တော့ မဖြစ်ဘူးပေါ့၊ သားလဲ မြင်တာပဲ၊ အိမ်ခန်းက ခပ်ကျဉ်းကျဉ်းရယ်၊ ညီမအပျိုကလဲ ရှိတယ်…ပြီးတော့ သူ့မလဲ အပ်ထည်တွေနဲ့…စက်နဲ့…နေရာကျဉ်း လို့ အလုပ်ကမတွင်။ အမေလဲ…မနက် မနက်…မုန့်ဟင်းခါးဆိုင် ဖွင့်ဖို့ ပြင်ဆင်ချက်ပြုတ်ရတော့ မီးဖိုခန်းလဲ ဆိုင်ပစ္စည်းနဲ့ ဥနဲ့ ပြည့် ကြပ်နေတာကွယ်…သားတို့ကို မတင်ထားချင်လို့ မဟုတ်ပါဘူး။ နေရတာ မဖြစ်လို့…ပြောထားရတာပါ"





ခပ်မှောင်မှောင် ကျဉ်းကျဉ်းနဲ့ အသက်ရှုပင်မဝသော တိုက် ခန်းထဲတွင် ဇော်သည် သိမ်ငယ်စွာ ထိုင်နေရပါသည်။

အိမ်ရှေ့ဝရန်တာမှာလဲ ကော်ကပ်ထားသော အဝတ်အစား တွေ တန်းနဲ့အပြည့်လှမ်းထားသလို အိမ်ရှေ့ခန်းတစ်ခုလုံးလဲ ပိတ်စ တွေ အပုံလိုက်ဖြင့် ထိုင်စရာပင် သိပ်မရှိ။ ကိုညီမဟု သိပြီးသော ဇော်နဲ့ ရွယ်တူမျှအရွယ်ရှိမည့် ရုပ်ချောချောကောင်မလေးကတော့… ဇော်တို့ကို စိတ်မဝင်စားနိုင်ဘဲ စက်ကို တချောင်းချောင်းနင်းလိုက်… ဘပ်ကြေးဖြင့်ဖြတ်လိုက်ဖြင့်…အလုပ်ရှုပ်နေသည်။

ကိုအမေကား…ရုပ်ချောပြီး သဘောကောင်းပုံရသော်လည်း အိမ်၏အခက်အခဲတွေကိုတော့…ခရီးရောက်မဆိုက်ပင် ဇော့်ကို အား နာနိုင်ဘဲ တင်ပြညီးညူနေတော့လေသည်။

"သားလဲ ခဏပဲ နေမှာပါ အမေ။ အိမ်ခန်းတစ်ခုခုတော့ ဘားဖို့ရှာမှာပါ၊ အခုလောလောဆယ် သူ့ကို နိုးလာတော့ အမေ့အိမ်ပဲ ခန်းခေါ်လာမိတာပါ…"

"အေးကွယ်…ပြောရတာ အားမရှိလိုက်တာ…အမေ့အိမ် ဆိုတာမျိုးက အမေ့ကိုယ်ပိုင်အိမ်ကိုသာ ခေါ်တာပါ…အခုတော့ အမေတို့တစ်သက်မှာ…အိမ်မှမပိုင်ခဲ့ဖူးတာ။ ကဲ…ကဲ…သွင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



ခရီးရောက်မဆိုက် အမေက ကောင်းကောင်း မကြိုမိသလိုဖြစ်နေပြီ စိတ်ထဲ မထားပါနဲ့နော်။ အမေတို့က သမီးရဲ့အခြေအနေနဲ့စာရင် အများကြီး မပြည့်စုံတဲ့သူတွေဆိုတော့ ဒီလိုပဲ အခက်အခဲက အမြဲရှိနေတာလေ...''

ဧဉ် ဘာမှ ပြန်မပြောမိဘဲ...အသာအယာပင်...ပြုံးပါသည်။ ဧဉ်မှာတော့ မိဘဆင်ထားသော လက်ဝတ်လက်စားတစ်စုံ ဝတ်နေကျမို့ ပါလာပေမဲ့ ကို့အမေ...ညီမတို့မှာတော့...နားကပ်တစ်ရံစီကလွဲလျှင်...ဘာမှရှိပုံမရရာ ကို့အမေကတော့ လူကြီးမို့ ကြည့်လိုက်ရုံနဲ့တင် ဧဉ်အသိုင်းအဝိုင်းပုံစံကို မှန်းနိုင်သည် ထင်သည်။

ဧဉ်ကလဲ...ရွှေကြိုက်တတ်သူမို့ ဧဉ်နားကပ်လေးကအစ ခြေကျင်းဝတ်က Foot Chain အဆုံး ရွှေအိအိလေးတွေနဲ့ လုပ်ထားသော လက်ဝတ်လက်စားကို အမြဲဝတ်လေရာ ဧဉ်တစ်ကိုယ်လုံးက ရွှေရောင်တောက်နေသလို ထင်ရမှန်း...ကိုယ့်ဘာသာလဲ သိပါသည်။ ဒီလိုအထင်ခံရတာကိုလဲ ဧဉ်...တော်တော့်ကို နှစ်သက်မက်မောခဲ့တာပင်။

သို့သော်...ခုတော့...ကြည့်ရတဲ့ပုံဆိုရင် ကို့ဆီမှာလဲ ဘာမှ ဖြစ်ဖြစ်မြောက်မြောက်ပိုက်ဆံ စုဆောင်းထားတာမျိုး ရှိပုံမရ။ သူ့အမေ





မှာလဲ ငွေကြေး သိပ်အချောင်လည်ကြီး ဖြစ်ပုံမမြင်။

ဧဉ်သည် သူမဝတ်ထားသော နှင်းဆီပွင့်ပုံစံ ရွှေနားကပ်၊ နှင်းဆီပွင့်ပုံစံ လော့ကတ်လေးပါသော လည်ကပ်ရွှေဆွဲကြိုး၊ မောင်နှံခုနှစ်ဖော်ရွှေလက်ကောက်နှင့် လက်ချောင်းဆယ်ချောင်း အပြည့်ဝတ်ထားသော ပါးပါးလက်လက် ရွှေလက်စွပ်များကို ရောင်းချရတော့မည်မှန်း အလိုလိုသဘောပေါက်လာပါသည်။

နေစရာအိမ်တစ်အိမ်ရဖို့အတွက် ဒါတွေကို အရင်းအနှီးလုပ်ရတော့မဲ့ သဘောပေါ့...။ ကို့ကိုတော့ အသုံးမကျတဲ့ယောကျ်ားဟု...ရန့်လုပ်နေလို့လဲ ထူးမှာမှမဟုတ်တာ...။

သူ့အမေကိုယ်တိုင် အကျိုးသင့်၊ အကြောင်းသင့် ပြောထားပြီးနေလို့ မသင့်တော်တဲ့နေအိမ်တစ်ခုမှာ...ဘာကြောင့်များ မျက်နှာအငယ်ခံပြီး နေနေရတော့မလဲ။

''အပေါ်ဆုံးထပ်မှာတော့...တစ်ခန်းလွတ်နေတယ်...''

''ရှစ်ထပ်မှာ ပြောတာလား အမေ''

ရှစ်ထပ်ဆို၍...ဧဉ်...အလိုလိုနေရင်း မောလာပါသည်။

''အိမ်ရှင်ကို သွားမေးပေးမယ်...အဲဒီအခန်းက ရောင်းမှာလား...ငှားမှာလားပေါ့၊ ငှားရင်လဲ...နှစ်ချုပ်နဲ့ဆို မဖြစ်ပြန်ဘူးနော်၊



www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်ပြည့်ရင် တစ်ခါထပ်ပေးရမယ်..။ ပြီးတော့ ဈေးကလဲ နှင့်နေမှာ။ နှစ်ချုပ်ဆိုရင် ပိုက်ဆံက ရေထဲလွှင့်ပစ်လိုက်သလိုပဲ ဖြစ်လိမ့်မယ်။ စဘော်လေးနဲ့ဆိုရင်တော့...မဆိုးဘူးပေါ့...ကိုယ့်ပိုက်ဆံလေး မပျောက်ဘူး။ အမေတော့ အိမ်ရှင်က ငှားမယ်ဆိုရင်...စဘော်နဲ့ငှားပေးဖို့ အတင်းပြောပေးမှာပါ...စိတ်ချ"

"စဘော်ဆိုရင် ဘယ်လောက်လောက် တောင်းမလဲ မသိဘူး"

ကိုက စိတ်ပူသလို သူ့ဘာသာ ရေရွတ်နေသည်။ သူ့မှာ ကားပွဲစားလိုလို၊ ဘာလိုလိုလုပ်ပြီး အဆင်သင့်လို့ပွဲခရလျှင်လဲ ဘာမှ စုစုဆောင်းဆောင်း မထားဘဲ ဝတ်ချင်တာ ဝယ်ဝတ်ပစ်၊ သုံးချင်တာ လျှောက်သုံးခဲ့လေရာ...သူ့ခန္ဓာကိုယ်ပေါ်က အဝတ်အစား၊ အသုံးအဆောင်နှင့် သုံးစွဲပုံတွေကသာ လူအထင်ကြီးစရာပေမဲ့...သူ့မှာ တကယ်တမ်းတော့ ဘာငွေကြေးမှ မပိုင်ဆိုင်နိုင်ဘူးဆိုတာ ဧဥ်... တဖြည်းဖြည်း ရိပ်မိလာသည်။

"လေးငါးခြောက်သိန်းပေါ့ သားရယ်၊ သားလဲ ဈေးနှုန်းတွေ သိသားနဲ့"

"ဒုက္ခပဲ..."





"မင်းတော့လေ...ငါ မပြောလိုက်ချင်ဘူး"

ဧဥ်...မနေသာတော့ပဲ ဝင်ပြောလိုက်ရပါသည်။

"ကို ဧဥ့်ပစ္စည်းတွေပဲ..."

"အာ...မဟုတ်တာ"

ကိုက ဟန်ဆောင်တာပဲလား။ တကယ်ပဲ...ပြောနေသလား သိပါ။ ဧဥ့်စကားပင် မဆုံးသေး။ သူက လက်ကာပြီး ခေါင်းခါငြင်းဆန်နေပါသည်။

သို့သော် သူ့မှာ လက်ပတ်နာရီတစ်လုံးကလွဲလျှင်...ဘာမှ ကို ...မရှိလေမှန်း...ဧဥ် သိသည်မို့ တမင်ပင် ထပ်ပြောလိုက်ပါ သည်။

"ယူရောင်းလိုက်ပါ။ အိမ်ခန်းတစ်ခန်း ငှားဖို့လောက်ပိုက်ဆံ တော့ အလုံအလောက် ရမှာပါ..."

"ဧဥ့်မိဘတွေသိရင်...ဘယ်ကောင်းမလဲ"

"အဲဒါတော့ မတတ်နိုင်ဘူးလေ...အဆင်ပြေသလို ဖြေရှင်း လိုက်ပြီးမှတော့ ဖေဖေနဲ့မေမေ...သိလဲ...ဘာမှမထူးပါဘူး"

"ကိုကို...အသုံးမကျတဲ့ကောင်ဆိုပြီး အထင်သေးသွား လိမ့် မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဩော်…ဩော်။ အထင်သေးမှာတော့ ကြောက်သားပဲ။ ဇဥ် မဲ့ပြုံးလိုလို လှစ်ကနဲပြုံးကာ တွေးလိုက်ပါသည်။ ယောက္ခမကြီးက မိန်းမပီပီ…မြင်လျှက်…

"သားက…သမီးပစ္စည်းလေးတွေ ရောင်းရမှာ နမြောလဲ ဒီမှာပဲ…ရသလို…ဆက်နေကြပေါ့လေ။ ဘယ်တတ်နိုင်မလဲ နေတတ်ရင် နေပေါ့…။ သား…မိုက်ဆံစုလို့ ပြည့်မှပဲ…အိမ်ရှာ တော့ပေါ့"

ဟု…သူမ၏သားဘက်မှ ဝင်ပြောပေးပါသည်။

"နေပါစေ အမေ။ ဇဥ်တို့ သီးသန့်ပဲ အိမ်ငှားနေပါရစေ လေးငါးခြောက်သိန်းဆိုတဲ့ပိုက်ဆံက ခဏလေးစုလို့ ရမှာမှမဟုတ်တာ …ဘယ်လောက်ကြာဦးမလဲ…မမှန်းတတ်ဘူးလေ။ ပြီးတော့…ဇဥ် ကို့ကလဲ နှစ်ယောက်တည်း အမြဲနေနိုင်မှာမှ မဟုတ်တာ ကြာရင်… လူတွေများလာရင်…"

ဇဥ်…ဒါကိုတွေးပြီး ဝမ်းနည်းလာပြန်ရာ…အသံတိမ်သွား ပါသည်။

"ဟဲ့…ဘယ်လိုအခြေအနေ ဖြစ်နေလို့လဲ…ပြောပါဦး ဒါကြောင့်များ…အခုလိုချက်ချင်း နိုးပြေး ဘာညာဖြစ်သွားကြတာ လား"





ယောက္ခမကြီးက သူမမိုက်ကို သူမပြန်၍ လက်နှစ်ဘက်ဖြင့် ဝိုက်သလိုလုပ်ပြရင်း မေးပါသည်။ ကိုက…ပြုံးစေ့စေ့လုပ်ရင်း…

"ဟုတ်တယ်…အမေ၊ ဇဥ်မှာ…ကိုယ်ဝန်ရှိသွားလို့ပါ… ကိုယ်ဝန်က နှစ်လရှိပြီတဲ့ အဲဒါကြောင့်…"

"ဩော်…ဖြစ်ရမယ်…ဖြစ်ရမယ်။ ဒါဖြင့်လဲ လူကြီးမိဘ တွေကို အကျိုးအကြောင်းပြောပြပြီး…တောင်းရမ်းလက်ထပ်ယူရော ပေါ့ သားရယ်။ ခုတော့ မင်းက လက်လွှတ်စပယ် နိုးလာတာ မကောင်းပါဘူး"

"သူ့အိမ်က သဘောတူမှာ မဟုတ်ဘူး အမေရဲ့။ ပြီးတော့ ဇဥ်က…သူ့မိဘတွေကို ကြောက်တယ်တဲ့။ မပြောရဲဘူးတဲ့…အဲဒါ ကြောင့်ပါ"

"သမီးရယ်…အမေက ကိုယ့်မှာလဲ သမီးရှိတော့…ဒီလို ဖြစ်မလာစေချင်ပါဘူး။ ကဲ…ကဲ…ဖြစ်ပြီးမှတော့ ရှိပါစေတော့လေ။ သမီးမိဘတွေဘက်ကို ပြန်အပ်မှပဲ…အမေက သားကိုယ်စား တောင်း ပန်ရမှာပေါ့"

တကယ်တော့ ဇဥ့်ယောက္ခမတော်ရသူ ဒေါ်ခင်ချောမှာ စကားအပြောအဆို အေးဆေးယဉ်ကျေးပြီး တော်တော်လဲ မျှမျှတတ


www.burmeseclassic.com

www.burmeseclassic.com

တွေးတတ်သော စိတ်ကောင်းရှိသူတစ်ဦးဖြစ်မှန်း ဇဉ် လေ့လာလို့ ရသွားပါသည်။

ကိုတို့ သားအမိတွေက ငွေကြေးသာ မချမ်းသာကြတယ်… နေထိုင်ရာရပ်ကွက်သာ မကောင်းတယ်…။ သူတို့ကတော့ စကားပြော ယဉ်ကျေးကြလျှက် စိတ်သဘောထားလဲ ကောင်းကြသောမိသားစု လေးမှန်း…ဇဉ် နှစ်ရက်သုံးရက်မျှ အတူနေပြီးချိန်တွင် သိလာခဲ့ပါ သည်။

ကို…အစက ဇဉ့်ကိုညာထားခဲ့သည်မှာ…သူကတော့ ရန်ကုန်မှာ လာအခြေချဖို့ ကြိုးစားရင်း ကားဝယ်ရောင်းလုပ်နေသူ…။

မိဘတွေကတော့ နယ်မှာ လယ်ပိုင်၊ ယာပိုင် ကျွဲနွားပိုင်သော တောသူဌေးတွေလိုလို…ဘာလိုလိုပြောကာ…သူ့မိသားစုရဲ့အခြေအနေ မှန်ကို မပြောခဲ့သူပင်။

ဇဉ်ကလဲ…သူ့ရုပ်ကလေးချော၊ စကားပြော မွန်ရည်တာ လေးနဲ့တင် အဟုတ်မှတ်ပြီး (မျက်စေ့စုံလုံးကန်းခဲ့သည်ပဲ ထားပါတော့) ယုံခဲ့တာလေ။

အခုကျမှ…ဇဉ့်ကို ခိုးပြေးရဖို့…အခြေအနေဖြစ်လာမှပဲ… သူ့ဘဝအမှန်ကို ဇဉ့်ကို ဖွင့်ပြောခဲ့တာ ဖြစ်သည်။





သူ့ဖခင်ကတော့ ရုံးစာရေးကြီးတစ်ယောက်ဖြစ်လျှက် လွန်ခဲ့ သောသုံးနှစ်ကမှ ကျောက်ကပ်ရောဂါဖြင့် ဆုံးပါသွားပြီး။ မိခင်ကတော့ ရပ်ကွက်ဈေးထဲ မုန့်ဟင်းခါးဆိုင်လေးထွက်ရင်း ဝင်ငွေရှာ၊ ညီမကလဲ ကျောင်းတစ်ဘက်နဲ့ အပ်ချုပ်ဆိုင်လေးဖွင့်ပြီး သူကတော့…ကြုံရာ ပွဲစားဝင်လုပ်လျှက် ရပ်တည်နေကြရသော…ဘဝအခြေအနေကို ဇဉ် ဟာ သူမကိုယ်တိုင်ပဲ…ရွေးစရာလမ်းမရှိတော့တာမို့ ဇွတ်မှိတ်ပြီး …အဲဒီဘဝထဲကို…ဝင်လာခဲ့ရလေပြီတည်း။

✿✿✿



www.burmeseclassic.com

www.burmeseclassic.com

ကိုမိခင်တို့နေသော တိုက်ခန်းဘက်အခြမ်းအထပ်ရဲ့ ရှစ်ထပ်မြောက် အပေါ်ဆုံးထပ်အခန်းကျဉ်းလေးကို စသော်ဖြင့်ငှားခွင့်ရလေသည်။

အပေါ်ဆုံးထပ်မို့ တစ်ခုကောင်းတာက လေကောင်းလေသန့်လေး ရပေမဲ့…ဝရန်တာတော့ ဇဉ် မထွက်ရဲသေး။ မြင့်လွန်း၍ အောက်ငုံ့ကြည့်လိုက်တိုင်း…ကိုယ်ပါထိုးကျသွားသလို ခံစားရတဲ့ ကြောက်လန့်မှုကို…ဇဉ်…ရင်ဆိုင်ရပါသည်။

ဇဉ်…လက်ဝတ်လက်စား အကုန်လုံးနီးပါးပင် ရောင်းလိုက်ရပြီး…ဇဉ့်တွင် ကျန်တာဆိုလို့…နားကပ်နဲ့ လက်စွပ်လေးနှစ်ကွင်းမျှသာ။





ဒါတောင် အိမ်စသော်တင်ရငွေ၊ အိမ်ထောင်ပစ္စည်းတချို့ ယ်ရငွေတွေ ကုန်လှလေရာ…လောက်ပင် မလောက်ငှချင်ပါ။

"မိန်းမဆိုတာ…ရွှေလေးတော့ နည်းနည်းရှိမှဖြစ်မယ်…။ ားကပ်နဲ့ လက်စွပ်လေးနှစ်ကွင်းတော့ ချန်ထားလိုက်ပါဇဉ်၊ လိုတဲ့ စ္စည်းတွေ ချက်ချင်းကြီးတော့ တစ်ပြိုင်တည်း ဘယ်ဝယ်နိုင်ဦးမလဲ… တဖြည်းဖြည်း စုဝယ်ပေါ့။ ကို…လဲ ဝင်ငွေအတည်ဘကျရမဲ့ အလုပ် မျိုး ရှာနေတယ်…ကကမောင်းဖို့ ကို…အသိတွေကို ပြောထားပါ တယ်၊ သူတို့အဆက်အသွယ်နဲ့ မောင်းခွင့်ရမယ်ဆို မဆိုးဘူး။ အငှား ကားမောင်းတော့…ပုံမှန်ဝင်ငွေလေး ရတာပေါ့…တော်သေးတာပေါ့ ကွာ၊ သူငယ်ချင်းတွေ အကူအညီနဲ့…ယဉ်မောင်းလိုင်စင်လုပ်ထားမိ သေလို့…ကားလဲ မောင်းတတ်နေလို့ပဲ"

အံမယ်လေး…ကားသာ မမောင်းတတ်ရင် ဆိုက်ကားသမား ဲ လုပ်တော့မယ် ထင်ပါရဲ့။ ဇဉ်သည် အခက်အခဲတွေ၊ ရုန်းကန်ရတာ တွေများနေသဖြင့် ချစ်ရသူကိုပင် အပြစ်မြင်လာသည်။

သူ…ကိုယ့်အပေါ် ဘယ်လောက်ကောင်းပြ၊ ကောင်းပြ… သူ ညာခဲ့လို့ ငါ ဒီလိုမျိုးအခက်အခဲတွေ ကြုံရတယ်ဆိုပြီး…တွေး တိုင်း စိတ်နာနေမိသည်။


www.burmeseclassic.com

www.burmeseclassic.com


မနက်လင်းလို့ အိမ်ခန်းကျဉ်းလေးကို မြင်လိုက်ရတာနဲ့… လူကစပြီး စိတ်ညစ်ရတာ…ဘယ်သူမှ မသိ။

ကြည့်ပါဦး…ကုတင်မရှိ ဘာမရှိနဲ့။ ကြမ်းပေါ် ဖျာကြမ်းခင်းပြီး…အပေါ်က…ဂွမ်းကပ်လေး မွေ့ယာလုပ်ကာ…ခေါင်းအုံးနှစ်လုံး၊ စောင်နှစ်ထည်…ခြင်ထောင်တစ်လုံးသာရှိသော အခန်းပုံစံကန့်ထားသည့် ကွက်လပ်ဟာ…ဇော်ကို များစွာ ပျက်ရယ်ပြုခဲ့တာလေ။

အခန်းထောင့်မှာ…ဇော့် အဝတ်အစားတွေ ထည့်သယ်လာသော ဇော့်ရဲ့သားရေဟန်းဘက်အိတ် ခပ်ကြီးကြီးလေးဆီမှာ… အနည်းငယ်သာ ထည့်လာခဲ့သည့် အဝတ်အစားတွေကို…ဇော်… ဘယ်နှစ်နှစ်၊ ဘယ်နှစ်ကာလ ဝတ်ရမလဲ။

မီးဖိုခန်းထဲမှာ…ထမင်းစားစားပွဲမရှိ၊ ကုလားထိုင် မရှိ။ ဒန်အိုးလေးနှစ်လုံး၊ ဒယ်အိုးလေးတစ်လုံးနဲ့ ဇွန်းယောက်မ အနည်းငယ်၊ စဉ်းနှီတုံးတစ်ခု၊ ငရုတ်ဆုံတစ်ခုတို့နဲ့အတူ ဇော်…မနက် ဟင်းချက်တိုင်း တွေ့နေရတာကတော့ အင်မတန်မှပေါများသော ပိုးဟပ်တွေကို ဇော် ရွံလွန်း၍ အစာပင် စားမဝင် ဖြစ်ရသေးသည်။

အိမ်ခန်းက ကျဉ်းသော်လည်း ဇော်တို့မှာ…ဘာမှကို မရှိသဖြင့် ပြောင်ရှင်းကာ ကျယ်သယောင်ယောင်ပင် ဖြစ်နေသည်။



ဒီကြားထဲ ဇော်က ကိုယ်ဝန်ရှိခါစမို့ ပျို့အန်သောဝေဒနာကိုလဲ…ခံစားနေရလေရာ…အိမ်ထောင်ဦးမှာ စိတ်ညစ်စရာ၊ စိတ်ဆင်းရဲစရာပါ ပေါင်းပြီး လူက ရက်ပိုင်းအတွင်း ဖျော့တော့ပိန်လှီသွားခဲ့ပါသည်။

ကိုမိခင်ကတော့ မုန့်ဟင်းခါးဆိုင်တစ်ဘက်နဲ့ သိပ်အားလပ်ခြင်းမရှိပေမဲ့…ဝတ္တရားကျေစွာ…ညနေပိုင်းလေးတိုင်းတော့ တစ်ခေါက်တက်လာပြီး လာမေးမြန်းကြည့်ရှု သတင်းမေးတတ်ပါသည်။

ဇော့်ထံ တစ်လအကြာမှာ…ဖေဖေ၊ မေမေတို့ဘက်က… အဆက်အသွယ်ပြုလာသည်။ ဇော့်အဒေါ်ဝမ်းကွဲတစ်ယောက်ကို အရင်လွှတ်လိုက်တာ ဖြစ်သည်။ အဒေါ်က…အမေ့ဘက်မှ အဒေါ်ပေမဲ့ အနေနီးသဖြင့်…ဝမ်းကွဲပေမဲ့ ဇော်တို့နဲ့…တော်တော်ရင်းနှီးပါသည်။

"သမီး ဖေဖေ…မေမေတို့က အစတော့ စိတ်ဆိုးပြီး ပစ်ထားမယ် ပြောကြတာပေါ့…နောက်တော့လဲ သမီး အငယ်ဆုံးလေးဆိုပြီး သူတို့ဘာသာဖြေတွေးပုံရတယ်…သနားလဲ သနားပုံရတယ်။ မိဘက ဒီတိုင်းပစ်ထားရင် ကိုယ့်သားသမီးပဲ…မျက်နှာငယ်မှာမဟုတ်လား…ဒီတော့…ယောကျ်ားလေးဘက်က ပြန်လာအပ်ပြုတာမျိုး လက်ခံမယ်ဆိုပြီး…ပြောလိုက်ပါတယ်၊ အဲဒါ…သမီး ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို ညှိပေးဦး''

''ရပါတယ်...ဇဥ်...ပြောလိုက်ပါ့မယ်''

''ဒါနဲ့...သမီးယောက်ျားရော...ဘာလုပ်နေလဲ... သတင်းကြားတာတော့ သမီးသူငယ်ချင်းတွေ ပြောတာပဲလေ။ နယ်က ရန်ကုန်တက်လာပြီး ကားတစ်စီးဝယ်လိုက်၊ ရောင်းလိုက်လုပ်နေတာဆို။ ဘွဲ့ရပြီးသား...မိဘကလဲ...နယ်ကသူဌေးတွေဆိုတော့...ကြားကြားချင်း အခြေအနေ မဆိုးပါဘူး ထင်နေတာ''

''မဟုတ်ပါဘူး အန်တီဝေရယ်..။ သူက ကားပွဲစားလုပ်တာပါ၊ ဝယ်ရောင်းမလုပ်ပါဘူး။ မိဘကလဲ နယ်မှာ မဟုတ်ပါဘူး...အခု ဇဥ်တို့နေတဲ့...တိုက်ခန်းခြမ်းက ငါးထပ်မှာနေတာပါ၊ အဖေက ရုံးစာရေးကြီးပါ၊ ဆုံးသွားတာ ကြာပြီ...။ အမေက အခု...အခု...ဟို...ရပ်ကွက်ဈေးလေးထဲမှာ မုန့်ဟင်းခါးဆိုင်ဖွင့်တယ်၊ သူ့ညီမလေးကတော့ အဝေးသင်တက်ရင်း အိမ်မှာ စက်ကလေးတစ်လုံးနဲ့...''

''အို...ဖြစ်ရလေ...ဖြစ်ရလေ...ငါ့တူမရယ်၊ ဘယ့်နှယ် အခြေအနေမျိုးကို ကြုံရတာလဲ။ ဒါဖြင့်...သမီးသူငယ်ချင်းတွေပြောတဲ့ကောင်လေးက တခြားရည်းစားတစ်ယောက်လား...''

''မဟုတ်ပါဘူး...သူတို့ အထင်မှားနေတာပါ၊ ဇဥ်မှာ...ရည်းစားတစ်ယောက်ပဲ ရှိတာပါ...ဒီလူပါပဲ၊ သူ့ကိုပဲ...ယူတာပါ''

''သမီးရယ်...မယူခင်...ဘာကြောင့်များ အသေအချာမစဉ်းစားခဲ့တာလဲ...''

ဇဥ်မှာ...ခံစားရတာတွေ များလွန်း၍...ဒါကို...စိတ်ထဲမှာ ဘယ်လိုမှ...မနေတော့ဘဲ...ခေါင်းငုံ့ငြိမ်သက်နေလိုက်ပါသည်။

အန်တီဝေ ရောက်လာချိန်တွင်...အိမ်မှာ ကိုကမရှိပါ။ အငှားကားမောင်းရဖို့ကို...သူ့မှာ အပြင်းအထန် ရှာနေရသည်ဖြစ်ရာ တစ်နေ့တစ်နေ့ အလုပ်ထွက်ရှာရသလို ဖြစ်နေပြီး...ဝင်ငွေလဲဖြစ်ဖြစ်မြောက်မြောက် မရှိချေ။ ဇဥ်လက်ထဲကျန်တဲ့ငွေလေးပင် ပါးလျားစပြုနေပြီ။ ကိုယ်ပေါ်မှာရှိတဲ့နားကပ်နဲ့ လက်စွပ်လေးလဲ...မျက်ခုံးခပ်လှုပ်လှုပ်ရယ်...။

''ကားက စဘော်တင်ရမဲ့ကားတွေပဲ ဖြစ်နေတယ်''

ဟူသော ကို့ရဲ့ ညီးညူသံဟာ ဇဥ်ရဲ့ လက်ကျန်လက်ဝတ်လက်စားတွေကို စိန်ခေါ်နေသလိုပင် ခံစားရပါသည်။

''ဟော...တံခါးခေါက်သံကြားတယ် သမီး''

အပြင်မှ...တံခါးကို လက်ဖြင့် ပုတ်သံနဲ့အတူ...

''သမီးရေ...အမေပါ''





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောသံပါ…တစ်ပါတည်း ကြားရပါသည်။ ဖဦ ယောက္ခမရဲ့အသံ ဖြစ်သည်။

"အတော်ပဲ…အန်တီဝေ…ဖဦယောက္ခမလဲ… ရောက်လာပြီဆိုတော့…ပြန်အပ်ဖို့ကိစ္စ…အန်တီဝေပဲ ကြည့်ပြောပေးပါနော်"

"အေး…ပြောရတာပေါ့"

ဖဦ…တံခါးချက်ကို ဖွင့်ပေးလိုက်လျှင်…အပြင်ဘက်ဝါကျ တံခါးကတော့ ပိတ်မထား၍ ဒေါ်ခင်ချော ဝင်လာလို့ရလေသည်။

"ဪ…သမီးတစ်ယောက်တည်း ရှိတယ်ထင်လို့၊ အပြင်ဘာဂျာတံခါးလေးပါ အမြဲပိတ်ထားလို့ မှာမလို့၊ ဧည့်သည်ရောက်နေတာကိုး…"

"ဧည့်သည်မဟုတ်ပါဘူး အမေ…ဒါ…ဖဦအဒေါ်ပါ၊ မေမေ့ညီမဝမ်းကွဲပါ၊ ဒေါ်ဝေဝေနိုင်တဲ့…"

"ဪ…ဟုတ်ကဲ့ရှင်"

"အမေ…ထိုင်ပါဦး…"

"အေး…အေး…ထိုင်မယ်…ခဏနေဦး။ သမီး စားမကောင်းဘူးဆိုလို့လေ။ အမေ ဒီနေ့ သရက်သီးငါးပိချက်လေး ချက်စားတာ…ချဉ်ချဉ်ငံငံလေးနဲ့ စားကောင်းတော့ သမီးများ စားချင်မလား



တွေးပြီး ကစ်ခွက်လာပေးတာပါ…နောက်ဖေးမှာ…သွားထားလိုက်မယ်…"

"ဖဦကို ပေးလိုက်ပါ၊ ဖဦ သွားထားပါ့မယ်…ကျေးဇူးပါပဲ…"

အန်တီဝေက အခြေအနေကို…တိတ်ဆိတ်စွာ အကဲခတ်နေပါသည်။ ဒေါ်ခင်ချောမှာ သားနှားသပ်ရပ်လှသော ဖဦအဒေါ်ကို အလိုလိုရှိန်ပြီး လန့်နေသလိုပင်။

"ကျွန်မနာမည် မခင်ချောပါရှင်…ကလေးတွေအဖေကတော့…မရှိတော့ပါဘူး။ လွန်ခဲ့တဲ့သုံးနှစ်ကပဲ…ကွယ်လွန်သွားပါတယ်။ ဒါကြောင့် သားနဲ့သမီးရဲ့…ကိစ္စမှန်သမျှ…ကျွန်မပဲ တာဝန်ယူ ဖြေရှင်းရမှာပါ။ ညီမတို့ဘက်က ဘာများ လုပ်ပေးစေချင်လို့ပါလဲ ပြောပါဦး"

"ဪ…ဒီလိုပါလေ…သမီးမိန်းကလေးလဲ ဖြစ်နေတော့ သိက္ခာလေးရှိသွားအောင်…ရပ်ကွက်လူကြီးတွေ…ဆွေမျိုးသားချင်းလေး အနည်းငယ်တွေနဲ့ မိန်းကလေးဘက်ကို…ပြန်အပ်ပွဲလေး လုပ်ဖို့ပါ…"

"ရပါတယ်…ရပါတယ်… ဟုတ်ပါတယ်…လုပ်ရမှာပေါ့၊

www.burmeseclassic.com

ကျွန်မ သိပါတယ်…”

“အဲဒါ…အဆင်ပြေမဲ့ ရက်တစ်ရက်ကို…ချိန်းပေးနိုင်မလား”

“ဟုတ်ကဲ့…ကျွန်မဘက်ကတော့…ရပ်ကွက်လူကြီးလောက်ပါပဲ…ပါနိုင်ပါလိမ့်မယ်…ဆွေမျိုးသားချင်းလဲ နည်းတော့လေ…ခေါ်မနေတော့ပါဘူး…အနေလဲ ဝေးပါတယ်…ရပ်ကွက်လူကြီးတွေနဲ့…ကျွန်မပါရင်…ရတယ် မဟုတ်လား”

ဧဉ်…အိမ်ရှေ့ခန်းကို အသာနားစွင့်ရင်း အဲဒီရက်ရောက်လာခဲ့ရင်…မိဘဆွေမျိုး ညီအစ်ကိုမောင်နှမတို့၏ မျက်နှာကို ဘယ်လိုရင်ဆိုင်ရမလဲဆိုတာ…တွေးလျှက်…ရင်မောနေမိပြန်ပါသည်။

❀❀❀





(၂)

နှစ်သစ်သည် မျက်နှာလေးဖီးရှက်သောက်သာ ရှိတော့သော …စ်သူကို…အားပေးသလိုဖြင့် လက်ဖဝါးလေးကို…တွေးညှစ်လိုက်ပါ …သည်။

ဧဥ္ဍ…မိဘတွေက သူ့ကိုလဲ…ကောင်းကောင်း စကား …ပြောသလို…ဧဥ္ဍကိုလဲ…တစ်ချက်မှတောင်…စကားလှမ်းပြောဖေါ် …ရ။

နှစ်သစ်တို့ဘက်မှပါလာသော…လူကြီးသူမများနှင့် အမေ့ …ဘိသာ တိုက်ရိုက်စကားပြောနေပြီး…နှစ်သစ်နဲ့ဧဥ္ဍကိစ္စဟာ…ကာ …ထဲ့ရှင်နှစ်ယောက်နဲ့…မဆိုင်ပဲ့ဟန်…သဘောထားပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလေ…ငါတ…မျက်နှာမွဲကိုး။ ဘွဲ့လေးတစ်ခုရထား ရုံကလွဲရင် ငါ့မှာ ဘာအရည်အချင်းမှ မရှိဘဲကိုးဟု…နှစ်သစ် စိတ် နာစွာ…တွေးနေမိသည်။

"ဧည့်ခံပွဲ…ဘာညာလဲ မလုပ်တော့ပါဘူးလေ။ သူတို့ သဘောနဲ့သူတို့…လက်ထပ်ပြီးပြီဆိုတော့…လူကြီးမိဘတွေမှာ ဘာ တာဝန်မှ မရှိတော့တဲ့သဘောပေါ့…ဒီတော့…အဲဒီကိစ္စ ပြောမနေပါ နဲ့တော့၊ ရပါတယ်…မြန်အပ်ပြီးရင် ပြီးပါပြီ"

ဖေဖေနဲ့မေမေက…ဇော်ကို…ဒဏ်ပေးသည့်အနေနဲ့…ဘာဧည့်ခံပွဲမှ ပ လုပ်ဖို့မလိုဟု…ဆုံးဖြတ်ပါသည်။

ဇော်…မျက်ရည်ဝဲလာသည်။ ဇော်ကတော့…ဧည့်ခံပွဲလုပ် ချင်လွန်းလို့ရယ်တော့ မဟုတ်ပေမဲ့…ဖေဖေ၊ မေမေတို့များ ဆွမ်းကျွေး လေးများ လုပ်ပေးလေမလားလို့ မျှော်တော့မျှော်လင့်မိသည်။

"ကျွန်မဘက်ကတော့…လုပ်ပေးပါ့မယ်။ ကျွန်မအိမ်မှာ …ဘုန်းကြီးငါးပါး ဆွမ်းကပ်ပြီး…အိမ်နီးနားချင်းတွေကို…လက်ဖ ရည်မုန့်လေး ကျွေးချင်ပါတယ်"

နှစ်သစ်သည် အမေ့စေတနာကို ကြားလိုက်ရတော့…အမေ





ကို သနားသွားပါသည်။ အမေ့မှာ…စုထားဆောင်းထားတာလေး အနည်းငယ်တော့ ရှိပုံရသည်။ ဒါကြောင့်ပဲ အမေ တာဝန်ယူဟန်ဖြင့် ရဲရဲပြောရဲတာ ဖြစ်မည်။

"ကောင်းပါတယ်…အစ်မကြီးသဘောပါပဲ…"

"ထူးထူးထွေထွေတော့ မဟုတ်ပါဘူးရှင်။ ကျွန်မ တတ်နိုင် သလောက်လေး သားအတွက်…လုပ်ပေးတဲ့သဘောပါ"

"ဟုတ်တာပေါ့…ဟုတ်တာပေါ့…ဒီ(?)ကြားရတာ… ကျေးဇူးတင်ပါတယ်"

မိဘများထံပြန်အပ်ပြီး…ဆယ်ရက်အကြာမှာတော့ အမေ့ အစီအစဉ်ဖြင့်…အမေ့လက်ရာ…မုန့်ဟင်းခါးကိုပင် နှစ်သစ်တို့ငှား နေရသော အပေါ်ဆုံးထပ်တိုက်ခန်းမှာ ဆွမ်းကျွေးအလှူလုပ်ပြီး ကျွေး မွေးဧည့်ခံရပါသည်။

ဘုန်းကြီးငါးပါးကိုတော့…ဆိုင်ချက်မဟုတ်ဘဲ အလှူချက် မုန့်ဟင်းခါးကောင်းကောင်း…အမေကိုယ်တိုင်ကြော်သော ပဲကြော် အကောင်းစားတို့ဖြင့်…အာရုဏ်ဆွမ်းကပ်ရပြီး…နက်(၇)နာရီမှ… ကိုးနာရီထိ…အိမ်နီးနားချင်းတချို့တွေကို လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံလေသည်။



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ကို…ဒန်အိုးကြီးဖြင့်ဖျော်ထားပြီး မုန့်များကတော့…ဈေးနည်းနည်းသက်သာသော ကိတ်မုန့်ဆိုင်လေးမှ ဝယ်ယူထားသည့် ပလိန်းကိတ်၊ အဆော့တစ်ကိတ်နှင့်…စမူဆာကြော်များဖြစ်သည်။ စမူဆာကလည်း အမေကိုယ်တိုင်ပင်…အိမ်မှာ အာလူး၊ ကြက်သွန်၊ မဆလာကောင်းကောင်းစပ်လျှက်ကြော်သဖြင့်…အရသာအထူးကောင်းလှပါသည်။

ဇဥ်…ဆိုလျှင် အမေ့စမူဆာကြော်ကို မြည်းစမ်းရင်း စားနေတာ…တစ်ခုပြီးတစ်ခုမို့…

"ဟော့…သတို့သမီး…အစားလျှော့ဦး၊ ဗိုက်ထဲက…သုံးလသားကြောင့်မဟုတ်ဘဲ စမူဆာကြောင့် ပူနေဦးမယ်"

ဟု…နှစ်သစ်ကပင်…နောက်ပြောင်ယူရသည်။

နှစ်သစ်တို့ရပ်ကွက်ထဲကတော့…ထုံးစံအတိုင်း…ဘယ်အလှူဖိတ်ဖိတ်…မိသားစုလိုက် လာစားတတ်ကြလေရာ…အိမ်ခန်းကျဉ်းကျဉ်းလေးမှာ…လူသိပ်မဖိတ်ပါဘဲ…ကြပ်ညပ်နေသည်။

ဇဥ့်မိဘ၊ မောင်နှမတွေ ရောက်လာချိန်သည် မနက်ကိုးနာရီပင် ထိုးခါနီးပြီ။

အမေမှာ…ဇဥ့်မိဘတွေကို အလိုလိုရှိန်ပြီး…ဘယ်လိုစ,ဧည့်





ခံရမှန်းမသိ ဖြစ်နေသလိုဖြင့်…ဟိုပန်းကန်ကိုင်…ဒီပန်းကန်ကိုင် ဖြစ်နေတော့၏။

"အမေရာ…အဲဒီလောက်ကြီး ပြာနေစရာ မလိုပါဘူး…သူတို့လဲ သားတို့အခြေအနေ သိတာပဲ…။ သူတို့လောက်မှ မချမ်းသာတာ၊ ရှိတာနဲ့ဧည့်ခံ၊ ရှိတဲ့ပန်းကန်နဲ့ ထည့်ကျွေးပေါ့…ရပါတယ်"

"အမေ့ကို စိတ်ကွက်မှာစိုးတယ်ကွယ်၊ အမေက…သူတို့ရဲ့သမီးကို…တန်ဖိုးထားပြီး ဒီပွဲလေးလုပ်ပေးတာပေမဲ့ ကိုယ်…ကျွေးမွေးဧည့်ခံပုံကိုမြင်ပြီး တစ်မျိုးထင်မှာ စိုးရိမ်တယ်"

ဇဥ့်မိဘ၊ မောင်နှမတွေကတော့ မုန့်ပင်မစားဘဲ လက်ဖက်ရည်လောက်သာ သောက်ကြပါသည်။

ဒါကို…အမေက…မနေနိုင်၊ မထိုင်နိုင်ဖြစ်ပြီး…

"ဆွေမျိုးသားချင်းတွေကိုတော့…ဘုန်းကြီးကပ်ဘဲ့ မုန့်ဟင်းခါးပါ ထပ်ကျွေးဖို့ စီစဉ်ထားတာလေ…မုန့်ဟင်းခါး စားကြပါဦး…ကျွန်မလက်ရာပေမဲ့ ဆိုင်ချက်မဟုတ်ဘဲ အလှူချက် ကောင်းကောင်းလေး ချက်ထားပါတယ်"

ဟု…လောကွတ်ပြုကာ…မုန့်ဟင်းခါးပန်းကန်ကို ပြင်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

“နေပါ အစ်မကြီး…ရပါတယ်…။ ကျွန်မတို့ မနက်က တောင်…မနက်စာ စားလာပြီးပါပြီ…သမီးဆီ လာစရာရှိလို့ ထွက်လာတာပါ…ဗိုက်လဲမဆာတော့ မစားတော့ပါဘူး”

“သြော်…ဒါဖြင့်…ချိုင့်နဲ့ထည့်ယူသွားပါလား”

“ရပါတယ်…ဒုက္ခမရှာပါနဲ့၊ အလုပ်ပိုပါတယ်…သမီးလေးကို ကောင်းကောင်း ကြည့်ရှုစောင့်ရှောက်တယ်ဆိုရင်ပဲ ဝမ်းသာပါတယ်”

“စိတ်ချပါ…ကျွန်မ…သမီးကို…ချစ်ပါတယ်”

ဇဦမိဘမောင်နှမတွေက…ခဏသာနေပြီး ပြန်ဖို့မြင်ဆင်ပါသည်။ ဇဦမိဘတွေက ဇဦလက်ထဲကို…စာအိတ်တစ်အိတ် လာထည့်ပါသည်။ လက်ဖွဲ့ပေးတာ ဖြစ်ပုံရသည်။

ဇဦအစ်ကိုကြီး ကိုသစ္စာတို့လင်မယားကလဲ…စာအိတ်တစ်အိတ် လာပေးသည်။ အစ်ကိုလတ်…ကိုသတ္တိကတော့ ပန်းစက္ကူဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်လာပေးရင်း…

“ရော့…ငဇဦ…နှင့်အတွက် ငါ သီးသန့်လက်ဖွဲ့တာ…”

ဟု…ဇဦခေါင်းကို…တစ်ချက်ကိုင်လှုပ်လျက်…ပြောပါသည်။ ဇဦတို့မိသားစုအားလုံးထဲမှာ…နှစ်သစ်ကို ဖေါ်ဖေါ်ရွေရွေ





ပြုံးပြခြင်း၊ စကားအနည်းငယ်ပြောခြင်း လုပ်သူဆိုလို့ အစ်ကိုလတ် ကိုသတ္တိပဲရှိရာ…နှစ်သစ်ကလဲ ကိုသတ္တိကိုတော့…အားကိုးလိုခင်နေပါသည်။

ဇဦအစ်မ…ဆေးကျောင်းသူ…မဂရက်ကတော့ ဇဦလက်ထဲ အထုပ်လေးတစ်ထုပ် လာထည့်ရင်း…

“ဟဲ့…နှင် ကိုယ်ဝန်ရှိနေပြီဆို…အဲဒါ…ဘယ်လိုလဲ…”

ဟု…မေးနေသံတိုးတိုးကို ကြားလိုက်ရသည်၊ နှစ်သစ်မှာ …မျက်နှာပူသလိုဖြစ်သွားပြီး…သူတို့ညီအစ်မနှားက…မသိမသာ ထွက်လာမိသည်။

“ဘယ်လောက်ရှိပြီလဲ”

“သုံးလ…မပြည့်သေးဘူး”

“ဟယ်…နှင်တို့ယူတာဖြင့် တစ်လကျော်လေး ရှိသေးတာ ဘာလဲ…နှင် အဲဒါကြောင့်ပဲ…ကမန်းကတန်း အိမ်ထောင်ကိုပဲ ယူလိုက်ရသလား”

“မဂရက်ာ သိရင်လဲ ပြီးတာပဲ”

“ဗိုက်ကတော့ ဘယ်ထွက်ဦးမလဲ၊ အေးလေ…နှင်…ဆေးတွေဘာတွေ ဝယ်မသောက်နိုင်ရင်လဲ…ငါ တစ်ရက် ဝယ်ပြီးလာပေး


www.burmeseclassic.com

www.burmeseclassic.com

ပါ့မယ်…ပြီးတော့ ပိုက်ဆံမရှိလို့ဆိုပြီး ဒီတိုင်း တေပေမနေနဲ့၊ အို နဲ့အပ်ဖို့လိုရင်…ငါ့ကိုပြော…ငါ့ဆရာမဆီမှာ အပ်ပေးမယ်…ငါ့ညီ ဆိုရင်…ပိုတောင်…ဂရုစိုက်ကြမှာပါ…"

"စိတ်ချပါ…ခင်ဦး မဂရုဏာကို…သတိရမှာပါ…"

"ငါ…နင့်အတွက် လက်ကောက်လေးတစ်ကွင်း လုပ်လာ တာ သိလား၊ ဟိုနေ့က နင်တို့ လာအပ်တော့ နင့်မှာ ဘာမှမရှိတော့ ဘူးဆိုတာတွေ့လိုက်ရတော့…ရင်ထဲမှာ မကောင်းဘူး။ ငါ့ညီမလေးက ရွှေသိပ်ကြိုက်တာ…အခုတော့ သူကြိုက်တဲ့ရွှေတွေကိုရောင်းပြီး သုံးရ တဲ့အခြေအနေ ရောက်နေပြီလို့တွေးမိတိုင်း…စိတ်မကောင်းဖြစ်ရ တယ်"

"ကျေးဇူးတင်ပါတယ်…မဏာဏာ ခင်ဦး…မိုက်တာပါ… ခင်ဦ့အပြစ်တွေပါ၊ ခင်ဦး မိဘစိတ်ဆင်းရဲအောင်တင် မကဘူး၊ ကိုယ့်ကို ချစ်တဲ့အစ်ကို၊ အစ်မတွေကိုလဲ စိတ်ဆင်းရဲအောင် လုပ်မိတယ်နော်"

"ကိုကိုလတ်က…နင် ကက်ဆက်ကြိုက်မှန်းသိလို့ လက်ခွဲ ကက်ဆက် သေးသေးလေးဝယ်ပြီး လက်ဖွဲ့တာ သိလား…၊ နင်က သီချင်း သိပ်နားထောင်တာတဲ့၊ အခုပုံဆိုရင်…သီချင်းနားထောင်ဖို့ ကက်ဆက်တောင်ရှိမှာ မဟုတ်ဘူးဆိုပြီး…သူ့စိတ်ကူးနဲ့သူ ဝယ်ပေး တာလေ"





ခင်ဦတို့ မောင်နှမတွေက တစ်ယောက်နဲ့တစ်ယောက် နှစ်နှစ် ခြားစီသာ ကွာကြလျှက်…နင်တွေငါတွေနဲ့ ပြောကြသော်လည်း… တစ်ယောက်နဲ့တစ်ယောက်တော့…ချစ်ကြပါသည်။

ညသည်တွေ ရှင်းသွားမှပဲ…ခင်ဦး…ဖေဖေ၊ မေမေတို့ပေးခဲ့ သော စာအိတ်ကို ဖွင့်ဖြစ်ပါသည်။

ပိုက်ဆံသုံးသောင်း အထပ်လိုက်လေးက…ခင်ဦ့ကို…အား ပေးသလို ထွက်ပေါ်လာသည်။ ကိုကိုကြီးတို့လင်မယားရဲ့ စာအိတ် မှာတော့ တစ်သောင်းပါပါသည်။ ဘာပဲဖြစ်ဖြစ်…ဒီလိုအချိန်မှာ ခင်ဦး ငွေလိုနေ၍…ပိုက်ဆံလေး ဘယ်လောက်ပဲ မြင်ရ…မြင်ရ…အား တော့ ရှိတာပင်။

ရပ်ကွက်ထဲက…လူတွေဆီကတော့…ဘာမှ သိပ်ဖြစ်ဖြစ် မြောက်မြောက် လက်ဖွဲ့မရပါ။ ဖန်ခွက်လေး၊ အယ်လ်ဘမ်လေးသာ ပေးနိုင်ကြပါသည်။

"ညစ်ခံပွဲလေးလုပ်တယ်ဆိုတာပါပဲကွယ်။ အမေက လက်ဖွဲ့ ရဖို့ကို မမျှော်လင့်ခဲ့ပါဘူး။ အမေ့ဘက်က ကိုယ့်သိက္ခာလေးနဲ့ကိုယ် လုပ်ပေးလိုက်တဲ့သဘောပါ…အမေ…စုထား၊ ဆောင်းထားတာလေး တွေကလဲ…သိပ်အရှိကြီးမှမဟုတ်တာ၊ ကိုယ်တတ်နိုင်သလောက်လေး လုပ်ပေးနိုင်တာကို…ကျေနပ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ခဉ်က…အမေ့ကို ကျေးဇူးတင်ပါတယ်။ ခဉ့်မိဘတွေ လက်ဖွဲ့ပေးလို့…အမေ့စိတ်ထဲမှာ ဘယ်လိုမှ…မထားပါနဲ့၊ အမေလဲ ခဉ်တို့ကို ဒီပွဲလေးလုပ်ပေးတယ်ဆိုတာ…လက်ဖွဲ့ပေးတဲ့သဘောပါ၊ ခဉ်…ကျေနပ်ပါတယ်"

ဒီရက်ပိုင်းအတွင်း နှစ်သစ်လဲ…ကားစသော်ပါတင်လိုက်နိုင်၍ အငှားကားတစ်စီးတော့…မောင်းခွင့်ရသွားပါသည်။

ညစာခံပွဲလုပ်ပြီး ညနေပိုင်းလေးမှာတောင်…သူ…အိမ်မှာ မနေဘဲ ကားမောင်းဖို့…ထွက်လာပါသည်။

ခဉ်က…မသွားပါနဲ့လားဟု တားနေသေးသည်။ သို့သော် သူက လက်မခံခဲ့။

"ညနေ တစ်ပိုင်း ဆွဲလိုက်ဦးမယ်ကွာ…ရသလောက်ပေါ့၊ အခုမှာအပြင်…ကိုယ့်အတွက်…ငါးရာတစ်ထောင်ကျန်လဲ မ…းပါဘူး။ ခဉ့်ကိုယ်ဝန်အတွက်…ပိုက်ဆံစုရဦးမယ်လေ"

❁❁❁





မနက်စောစောဆိုလျှင် ခဉ်တို့က မနက်စာ မုန့်ဝယ်စားစရာ မလို။ ခဉ့်အမေက ဆိုင်အတွက်…မုန့်ဟင်းခါးကိုပင်…ခဉ်တို့စားဖို့ ဆိုပြီး နှစ်ပွဲစာလာပို့ခိုင်းပါသည်။ နှစ်သစ်၏ညီမ ခင်နှမ်ဦးက မုန့်လာလာပို့ရင်း ခဉ့်ကို အိမ်ရှင်းပေးတတ်သည်။

"နေပါစေ…နှစ်ဦးရယ်၊ ခဉ့်မှာ ဘာမှလုပ်စရာမှ မရှိတာ၊ အိမ်မှာ…အပေါ်ထပ်ဆိုတော့ ဖုန်လဲ သိပ်မတက်ပါဘူး၊ နေ့တိုင်းကြီး လာရှင်းပေးမနေပါနဲ့…ရပါတယ်၊ ခဉ်…လုပ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်…အမေက…ဧဉ်ကို စိတ်မချဘူး…မှာထားတယ်လေ။ ဧဉ်…ကိုယ်ဝန်ရှိခါစကြီးနဲ့…အိမ်ကြမ်းတိုက်၊ တံမြက်စည်းလှည်းလုပ်ရင် မကောင်းဘူး၊ ကုန်းလိုက်ကွလိုက်နဲ့ ဖြစ်မယ်တဲ့၊ အဲဒါကြောင့်…နှစ်ဦးကို နေ့တိုင်းသွားလုပ်နိုင်းတာ။ ကိုကိုက ပြောထားတယ်…ဧဉ်က နေ့တိုင်းပဲ အိမ်သန့်ရှင်းရေး လုပ်တတ်တယ်တဲ့၊ ဒါကြောင့်…နှစ်ဦးလဲ…နေ့တိုင်း လာသန့်ရှင်းပေးထားတာလေ…တော်ကြာ…နှစ်ဦး မလာရှင်းတဲ့နေ့ဆို ဧဉ်…မနေတတ်ဘဲ…လုပ်နေမှာစိုးလို့…"

ဧဉ်…ဘယ်လိုတားတား မရပါ။ ခင်နှစ်ဦးကတော့…အိမ်ကြမ်းပြင်ကို တံမြက်လှည်း၊ အမှိုက်သိမ်းပြီးတာနဲ့ အဝတ်သန့်တစ်ခုနဲ့ ကြမ်းတိုက်ပေးသေးသည်။ မရှိမှဲ့၊ ရှိမှဲ့ အိမ်ထောင်ပစ္စည်းလေးတွေကို လျှောက်ဖုန်သုတ်ပေးတတ်သည်။

ဧဉ်မှာ…မနက်ဈေးလဲ မသွားရပါ။ တိုက်အမြင့်ကြီး ဆင်းလိုက်၊ တက်လိုက် လုပ်နေရဦးမည်ဟုဆိုကာ…ခင်နှစ်ဦးကပင်…တာဝန်ယူ ဝယ်ပေးပြန်သည်။

ဧဉ်က…လိုချင်တာကို စာရင်းနဲ့မှိုက်ဆဲပေးပြီး မှာယုံပင်။

"ဧဉ်ဘာသာ ဈေးသွားဝယ်လဲရပါတယ် နှစ်ဦးရယ်…။





ပြီးတော့…ဧဉ်က…အိမ်မှာ ရွှေပေါ်မြတင်နေလာတာလဲ မဟုတ်ပါဘူး။ ပြီးတော့ ဧဉ်တို့ကလဲ ရပ်ရှင်တွေထဲကလို…သိပ်ချမ်းသာလွန်းတဲ့ မိသားစုကြီး မဟုတ်ပါဘူး…

ဧဉ်ကို သူဌေးသမီးတစ်ယောက်လို မထားပါနဲ့လား"

"မဟုတ်ဘူး…ဧဉ်။ ဧဉ်…ဒီကို…ရောက်ခါစလဲဖြစ်တယ်။ ကိုယ်ဝန်ကလဲ လနုနေတာဆိုတော့…ပိုင်းကူညီတဲ့သဘောပါ…ဧဉ်ကလေးမွေးပြီးသွားတဲ့အခါ ဒီရပ်ကွက်ထဲမှာလဲ…နေတတ်လာတဲ့အခါ…ဧဉ်ဘာသာ လုပ်ရမှာပါ…။ ဒီဈေးထဲကလေ သူတို့နဲ့မရင်းတဲ့သူစိမ်းဆိုရင်…ဈေးချတယ်…ဧဉ်ရဲ့။ အလေးလဲ ခိုးတတ်တယ်…ဧဉ်ဒီမှာ နေတာကြာလာပြီး ရပ်ကွက်ထဲနဲ့လဲ…မျက်နှာရင်းလာရင်…သွားဝါ ရပါတယ်…အဲဒါဆို…ဧဉ်ကို သူစိမ်းလို့ မထင်ကြတော့ဘူးလေ။ ဒီရပ်ကွက်ထဲက…လူတွေအားလုံးလိုလို…ဒီဈေးထဲမှာပဲ ဈေးရောင်းကြတာ…ဧဉ်ရဲ့။

ဒီတော့…ရပ်ကွက်ထဲက လူတော်တော်များများနဲ့…ဧဉ်နဲ့ မျက်မှန်းတန်းခင်မင်ဖို့ အရင်ဆုံး လိုအပ်သေးတယ်"

ဧဉ်သည်…မနက်ဆို အိမ်မှာ ထိုင်နေရုံပင်။ ခင်နှစ်ဦး ဈေးဝယ်ပေးလာသော…ဟင်းလျာတွေရောက်လာမှ…ချက်ရုံပင်။ ယုတာ



www.burmeseclassic.com

www.burmeseclassic.com

ထောင်းတာ၊ အခွံခွာတာ…အသားခုတ်တာတွေကိုတော့…နှစ်သစ်က ဒိုင်ခံလုပ်ပေးသည်။

နှစ်သစ်က ညဆို…သန်းခေါင်ထိ အငှားကားမောင်းလေရာ မနက်ကျရင်တော့ ကိုးနာရီ၊ ဆယ်နာရီမှ နိုးလေရာ…မနက်စောစော နိုးတတ်သောဇဉ်မှာ…မနက်…ခြောက်နာရီခွဲဆို…အလိုလိုနိုးနေကာ ဘာမှလုပ်စရာမရှိဘဲ…ပျင်းရိနေတတ်ပါသည်။

မုန့်ဟင်းခါးက…ပဲ…နေ့တိုင်းစားရလွန်း၍…ကိုယ့်အမေ လက်ရာကောင်းတာတောင် ဇဉ် ငြီးငွေ့လာသဖြင့် သူတို့မသိအောင် ပင်…ကို့ကို…နှစ်ပွဲစလုံး စားနိုင်းရသေးလေသည်။

"ကိုကတော့…အမေ မုန့်ဟင်းခါးဆိုင် မဖွင့်ခင်တည်းက အမေ့လက်ရာဆို…မညည်းမညူစတမ်း စားလာတာကွ၊ ဇဉ် မစား ချင်ရင်ထား…ဖွတ်ကျိတ်မှိတ်ပြီး စားမနေနဲ့…၊ ဇဉ် စားချင်တာ… ကို…သွားဝယ်ပေးမယ်…"

"ဇဉ်…မနက်စာမုန့်တွေ အများကြီးလဲ သိပ်မစားတတ်ပါ ဘူး။ ဇဉ့်အတွက်…ပေါင်မုန့်တို့ ဘီစကစ်တို့ဝယ်ထားရင်…လက်ဖက် ရည်နဲ့သောက်ရင်း စားလို့ရတယ်၊ အဲဒါပဲ ကို…ဝယ်လာပေးထား နော်"





"ဇဉ့်အိမ်မှာတုန်းကရော ဘာစားလဲ"

"အိမ်မှာတုန်းကလဲ…ဒီလိုပါပဲ…ပေါင်မုန့် ကစ်ချပ်လောက် စားရင်စားပေါ့…မစားလဲ ဘီစကစ်နဲ့ပြီးတာပဲ၊ လက်ဖက်ရည်၊ ကော်ဖီ ကတော့ ပုံမှန်သောက်တတ်တယ်…ဆိုင်က ဝယ်သောက်တာလဲ မဟုတ်ဘူးလေ၊ အိမ်မှာ လက်ဖက်ခြောက်တို့…နို့ဆီ၊ သကြား၊ ကော်ဖီ မှုန့်တို့ ဝယ်ထားပြီး ဖျော်သောက်ကြတာ…။ မနက်ပိုင်းတော့ အားလုံး လက်ဖက်ရည်သောက်ကြတယ်၊ ဖေဖေက အလုပ်လဲအားနေတော့… မနက်စောစောထ…ဘုရားရှိခိုးရင်း လက်ဖက်ရည်ဖျော်ဖို့…လက်ဖက် ခြောက် နှပ်ထားတတ်တာပေါ့…ပြီးရင်…တစ်အိမ်လုံးစာ…ဖျော် တော့တာပဲ…ဇဉ်တို့ မောင်နှမတွေကလဲ…ဒီအသက်အရွယ်ထိ… ဖေဖေဖျော်တဲ့လက်ဖက်ရည်ကို…သောက်ကြတုန်းပဲ…"

ဇဉ်သည်…အိမ်နဲ့မိသားစုတွေကို လွမ်းကာ တသသပြော ပြလျှင်…နှစ်သစ်သည်…ချစ်သူရဲ့ခံစားချက်ကို နားလည်ပြီး သူလဲ ရင်မောရပါသည်။

သူ့ကို…ဇဉ်က ချစ်ပင်ချစ်သော်လည်း ဒီလို…မြန်မြန်ဆန် ဆန်ကြီး…လက်ထပ်ဖို့မပြောနဲ့၊ တစ်နေ့ကျရင်…လက်ထပ်ဖို့ကို တောင် တော်တော့်ကို စဉ်းစားလိမ့်ဦးမယ်ဆိုတာ…သူ…အလိုလို သိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားကြည့်ရင်…ဧဉ်တို့အခြေအနေက သိပ်ကျိုကျိုတက် ချမ်းသာတာကြီး…မဟုတ်ပေမဲ့လဲ…သူတို့မိသားစုဘဝနဲ့စာရင်တော့ လုံးဝခြားနားလျက်…အင်မတန်မှ…ပြည့်စုံလှသော…စီးပွားရေး အခြေအနေမျိုးနဲ့မို့ သူ့ဘဝထဲကို ဧဉ်ဝင်လာရခြင်းမှာ ဧဉ်…နောင်တ တွေ ရချင်ရနေမည်။

စိတ်အလိုလိုက်မှုနဲ့ သာယာမှုတို့ကြောင့် မတော်တဆ ကိုယ်ဝန်ရသွား၍သာ ဧဉ်က သူ့ကို…ရဲရဲဝံ့ဝံ့လက်တွဲလိုက်တာ ဖြစ် သည်။ တကယ့်တကယ်ဆိုလျှင်…ဧဉ်…သူ့ကို ထားခဲ့မှာပဲလား မသိ။

အခုတော့…အိမ်ထောင်ပရိဘောဂ ဘာမှမရှိဘဲ…အိမ်ရှေ့ ခန်းပြောင်ပြောင်မှာ ဖျာလေးတစ်ချပ်ခင်းလျှက်…သူမအစ်ကို လက်ဖွဲ့ ပေးထားသော ကက်ဆက်လေးတစ်လုံးကို အမြဲဖွင့်နားထောင်ရင်း ထိုင်ထိုင်ငေးနေတတ်သောဧဉ်ကို…သူ…နေ့စဉ် မြင်ခွင့်တော့ရနေ ပါသည်။

သို့သော်…သူ…စိုးရိမ်တာက…တစ်နေ့ကျရင်…ဧဉ် သူ့ဘဝထဲကများ ပျောက်သွားမလားဆိုတာပဲ ဖြစ်သည်။

ကားဆွဲပြီးပြန်လာလို့…အိမ်တံခါးခေါက်လိုက်တိုင်း…





သူ့ကို တံခါးလာဖွင့်ပေးမဲ့…ဧဉ်…အိမ်မှာ ရှိမနေမှာကို…သူ… အင်မတန် ထိတ်လန့်နေဆဲပင်။

တစ်ရက်မှာ…သူ…ကားဆွဲခ…တော်တော့်ကို များများ ရလာ၍ ဧဉ်မှာ…ဗိုက်ဖုံးအင်္ကျီလေးတွေ…မရှိသေးတာသတိရပြီး …နစ်ထည်ကို…ဝယ်လာမိပါသည်။

ဧဉ်…ကိုယ်ဝန်က သုံးလကျော်ပေမဲ့ သိပ်တော့ မထင်ရှား သေးချေ။ သို့သော်…သူ…ဧဉ်ကို ဘာဝယ်ပေးရမှန်း စဉ်းစား၍မရ။ ဗိုက်ဖုံးအင်္ကျီကိုပဲ…သူ ဝယ်ချလာမိသည်။

အိမ်ရောက်ရောက်ချင်း…ဧဉ်ကို…အင်္ကျီထုပ်လေး လှမ်း ပေးတော့…

"ဘာလဲ…ဟယ်…အင်္ကျီလေးတွေ…"

"ဟုတ်တယ်…"

"ဟင်…ဗိုက်ဖုံးအင်္ကျီတွေပါလား"

"ဧဉ်အတွက်…လိုအပ်တယ်လေ"

"အကောင်းစားကြီးတွေ…ဈေးအရမ်းကြီးမှာပေါ့"

"ဒီနေ့…ကားကို နာရီနဲ့ အော်ဒါ…ငှားတယ်ကွာ… ဗိုက်ဆံတော်တော်ရလိုက်လို့…ကို…တစ်ခုခုဝယ်ပေးချင်တာနဲ့ ဒါလေး



www.burmeseclassic.com

www.burmeseclassic.com

တော့ သင့်တော်မယ်ထင်ပြီး ဝယ်လာတာ…"

"ဘာလို့ ဝယ်ရတာလဲ…ကိုရယ်…ဈေးသိပ်ကြီးတာကြီး…မသင့်တော်ပါဘူး၊ ခဥ်…စဥ်းစားထားတာ…တစ်ရက်ကျမှ…ကိုကို ဈေးလိုက်ပို့နိုင်းပြီး ပိတ်စဝယ်မယ်…ကိုညီမဆီမှာ ချုပ်မယ် ပေါ့…နှစ်ဦးကလဲ…ခဥ်ကို…ဗိုက်ဖုံးအင်္ကျီချုပ်ချင်ရင်…သူ့ဆီမှာ ပိတ်စလာပေးထားလို့…ပြောနေတာ…ဒီနှစ်ထည်စာဟာ ခဥ်…ပိတ်စ ဝယ်ချုပ်ရင်…တစ်ထည်စာတောင်…မကျပါဘူး။ ပိုက်ဆံကို ရတိုင်း လျှောက်မသုံးပါနဲ့ ကိုရယ်…စုထားဆောင်းထားရအောင်…"

"ကို နားလည်ပါတယ်၊ ဝယ်လာပြီးမှတော့…လက်ခံလိုက်ပါကွာ၊ ကို…အိမ်ထောင်ကျပြီးကတည်းက…ခဥ်ကို ဘာမှ…လက်ဆောင် ဝယ်မပေးရသေးလို့ ဝယ်ပေးတဲ့သဘောပါ…"

"ခဥ်…ဒီလိုပုံစံမျိုးနဲ့ အမြဲမနေချင်ဘူး ကိုရယ်…"

နှစ်သစ်မှာ…အင်္ကျီအကြောင်းပြောနေရင်းမှ…ခဥ်စကား အသွားအလာပြောင်းသွား၍ အံ့ဩသွားပါသည်။

"ခဥ်…စိတ်ညစ်နေပြီလား…"

"……"

"ကို…နားလည်ပါတယ်…ခဥ် တစ်နေ့တစ်နေ့ မျက်နှာ





သိပ်ရွှင်မလာတာကိုကြည့်ပြီး ကို…ခဥ်ကို နားလည်ပါတယ်…"

"ခဥ်…ကိုကို ချစ်ပါတယ်၊ ဒါပေမဲ့ ဒီရပ်ကွက်မှာ…ဒီလို အခန်းမှာ ဘာမှမရှိဘဲနေရတာ…စိတ်သိပ်ညစ်တာပဲ…။ အခု…ကလေးမရှိလာသေးပေမဲ့ တစ်နေ့ကျ…ရှိလာရင် ဝင်ငွေနဲ့လောက်ငှ ပါ့မလား ဆိုတာတွေးပြီး စိတ်ပူရတာက တစ်မျိုး…။ ဒီရပ်ကွက်က စရိုက်ကြမ်းတော့ ခဥ်ကလေးတွေလဲ အဲဒီလိုမျိုး ဖြစ်လာတော့မလား ဆိုပြီး…စိုးရိမ်မိတာတစ်မျိုးပေါ့…အမျိုးမျိုးပါပဲ…ပြီးတော့ ကို့လို အငှားကားမောင်းတဲ့ အလုပ်ကရော…ဘယ်လောက်များ အာမခံချက် ရှိမလဲပေါ့။ တွေးမိတိုင်း ရင်မောတယ်…။ တစ်သက်လုံးကြီး အိမ် ငှားဘဝနဲ့ နေရမဲ့အဖြစ်မျိုးကို…ခဥ်…မလိုလားဘူး…၊ အခန်းလေး တစ်ခန်း ဝယ်နိုင်ဖို့ဆိုတာလဲ…"

နှစ်သစ် ခဥ်ကို အားပေးသလို တွေးဖက်လိုက်မိပါသည်။

"ကိုတို့ မိသားစုကတော့…တစ်သက်လုံး…တစ်ခါမှ အိမ် မပိုင်ဖူးဘူး ခဥ်ရယ်။ ဒါပေမဲ့…အိမ်တစ်လုံးဖြစ်ဖြစ်…အခန်းတစ်ခန်း ဖြစ်ဖြစ်တော့ ပိုင်ဆိုင်ချင်ခဲ့ကြတာပါပဲ…ဖေဖေလဲ…သေသာသွား တယ်…အခန်းလေးတစ်ခန်းဖြစ်ဖြစ်…ဝယ်နိုင်ဖို့ကို သူ သိပ်တောင့် တခဲ့တာပဲ…"


www.burmeseclassic.com

www.burmeseclassic.com

"ကိုတို့ အရင်က…ဘယ်တွေမှာ ငှားနေခဲ့ကြတာလဲ"

"ကို…ငယ်ငယ် စမှတ်မိတဲ့အချိန်တုန်းကတော့…ငှားနေတဲ့ ရပ်ကွက်ထဲက…လုံးချင်းအိမ် နှစ်ခန်းတွဲလေးပေါ့…တော်တော် ကောင်းတယ်၊ ရပ်ကွက်က သူဌေးများတယ်ကွ၊ ကို မှတ်မိနေတယ်၊ ကို…ဆို…သူငယ်ချင်းကလေး ရွယ်တူတွေရဲ့ခြံမှာ ကြက်တောင် သွားရိုက်၊ ဘောလုံးကန်နဲ့ ကစားခဲ့တာ…။ ညီမလေးကိုမွေးပြီး သူ လေး၊ ငါးနှစ်ရောက်တဲ့အထိ နေခဲ့တာပဲ၊ နောက်တော့…အဲဒီ့ပဲ… ရွှောက်ပြောင်းရတယ်…တစ်နှစ်လောက်ပဲ နေဖူးတဲ့နေရာရှိတယ်… အိမ်ငှားဘဝဆိုတော့ကွာ ဘယ်အတည်တကျ နေချင်လို့ရပါ့မလဲ၊ အိမ်ရှင် စိတ်ထားပြောင်းရင် ပြောင်းသလို ရွှေ့ပေး၊ ပြောင်းပေးရတာ ပေါ့"

"ခဉ်တို့ရဲ့အိမ်ရှင်ကရော…ဘယ်တော့ စိတ်ထားပြောင်း မလဲ မသိဘူးနော်၊ အဲဒါဆို…ဒုက္ခပဲ…။ ဒီလို စဘော်ငွေမျိုး ပေး လို့ရတဲ့နေရာဆိုတာ သိပ်ရှိတာ မဟုတ်ဘူး"

"ခဉ်ကလဲကွာ…တွေးပူမနေပါနဲ့။ ဖြစ်လာချင်မှ ဖြစ်လာ မှာပါ၊ ဖြစ်လာခဲ့ရင်လဲ…ဒီတစ်ခါ ကိုပဲ…ကြံစည်ပါ့မယ်ကွာ။ ခဉ် ဘာမှ တွေးမနေပါနဲ့၊ ခေါင်းထဲ ထည့်မနေပါနဲ့…ကို…ခဉ်ဖို့ သေနားတယ်…။ ကိုလဲ…တတ်နိုင်သလောက် ရှာဖွေစုဆောင်းထား ပါ့မယ်ကွာ…"

ခဉ်…တွေဝေ ငြိမ်သက်နေသည်။ နှစ်သစ်ရဲ့ ကောင်းတဲ့ အချက်က…မှုမှုတတ စဉ်းစားတွေးပေးတတ်တာဖြစ်ပြီး…မကောင်း တဲ့အချက်ကတော့ ကတိကို သိပ်လွယ်လွယ်ပေးတတ်တာပဲ ဖြစ် ကြောင်း…ခဉ် ကောင်းကောင်း သိနေခဲ့ပြီ။

●●●







www.burmeseclassic.com

နောက်ပိုင်းတော့ ဇော်လဲ အိမ်ထဲမှာ သိပ်မအောင်းနေချင်တော့လေရာ…ခင်နှစ်ဦးနဲ့အတူ မနက်အတူတူဈေးဝယ်သွားဖို့ အတင်းပြောဆိုပူဆာပြီး…ရပ်ကွက်ဈေးထဲမှာ ချက်ပြုတ်ဖို့ ဟင်းလျာတွေကိုယ်တိုင် လိုက်ဝယ်ပါသည်။

ခင်နှစ်ဦးကတော့ စက်ချုပ်ဆိုင်လေး ဖွင့်ထား၍ ရပ်ကွက်ထဲကလူအတော်နှံနီးပါးနဲ့ ခင်နေလေရာ ခင်နှစ်ဦးနဲ့အတူတွဲပါလာသော ဇော်ကိုပါ ယောက်မလေးအဖြစ်…လူတော်တော်များများ သိလာကြပါသည်။





ဒီရပ်ကွက်ကလူတွေသည်…တချို့လဲ…စီးပွားရေး တော်တော် ကောင်းကြတာတွေ ရှိပေမဲ့…တူညီသောအချက်က…အော်ကျယ်ဟစ်ကျယ်…ရန်ဖြစ်တတ်ကြခြင်းပင်။

မိသားစုချင်း၊ လင်မယားချင်း ရန်ဖြစ်ပွဲကတစ်မျိုး၊ အိမ်နီးနားချင်းချင်း ရန်ဖြစ်ကြတာကတစ်မျိုးဖြင့် နေ့စဉ်နီးပါး ကြုံတွေ့ရပါသည်။

ဇော့်မှာ … စစချင်းတုန်းကတော့ တအံ့တဩတွေဖြစ်ပြီး နှစ်သစ် အိမ်ပြန်ရောက်လာလျှင် ပြောပြရတာအမောပင်။

“ကောင်းတာပေါ့ကွာ…ဇော် အပျင်းပြေတာပေါ့၊ အိမ်မှာ တီဗီတွေ ဒက်(ခ်)တွေလဲ…မရှိတော့…ဇော်…ရုပ်ရှင်မကြည့်ရဘူး မဟုတ်လား။ အခုတော့…ရပ်ကွက်ထဲကဇာတ်လမ်းကို Live လွှင့်တာကြည့်ရတဲ့သဘောပေါ့”

ဟု…နှစ်သစ်က…ကြံကြံဖန်ဖန် ရယ်စရာလုပ်ပြောလေသည်။

သို့သော်…ဇော်က…အဲဒီလိုမဟုတ်။ ဒါကိုပဲ အလေးအနက်ထားလျက်…

“မတော်တဆ ဇော်နဲ့များ ပြဿနာတစ်ခုခုဖြစ်ရင်…ဒုက္ခပဲ



www.burmeseclassic.com

www.burmeseclassic.com



လို့ တွေးမိတယ်…ဗညိ…သူတို့လို ရန်လဲမဖြစ်တတ်ဘူး။ သူတို့ ဆဲတာ၊ ဆိုတာတွေလဲ ကြားရတာနဲ့တင် ကြက်သီးထတယ်။ ဗဋ္ဌကို များ တစ်ခွန်းလောက် လာဆဲလိုက်ရင် ဗညိတော့ ကြောက်ဒူးတုန်ပြီး သတိလစ်သွားမယ် ထင်ပါရဲ့”

ဗဋ္ဌမှာ…ဒီရပ်ကွက်နဲ့ပတ်သက်ပြီး ဘာများ အကောင်းမြင်တာရှိလဲ။ နှစ်သစ်သည် သူက…အရင်ကတော့ ယောကျ်ားလေးမို့ မိုးလင်းကမိုးချုပ် အပြင်ထွက်လေရာ ဒီရပ်ကွက်အကြောင်းလဲ သိပ်အသိကြီးမဟုတ်ခဲ့သလို…အခုလဲ တစ်နေ့ကုန် ကားထွက်မောင်းနေ ရ၍…ဗဋ္ဌလောက်တောင် မသိပါ။ ဒါပေမဲ့…ဗညိ ဒီနေရာဒေသကို ဘယ်လိုမှ စိတ်တိုင်းကျမှာမဟုတ်ဘူး ဆိုတာတော့… အလိုလိုသိနေပါသည်။

ဒါကြောင့်လဲ…သူကိုယ်တိုင်ပဲ…ကျိတ်ပိုက်ဆံစုပြီး… နီးစပ်ရာသူငယ်ချင်း မိတ်ဆွေတွေကို…ရပ်ကွက်သန့်သန့်မှာ သင့်တော်သောဈေးလေးနဲ့…အိမ်ငှားချင်ကြောင်းလဲ…လျှောက်ပြောမိတာပင်။

ဗဋ္ဌကိုတော့ အသိမပေးသေး။ ဗဋ္ဌကို ရုတ်တရက်… အံ့အားတသင့်နဲ့ ပျော်သွားစေလို၍ ပိုက်ဆံကျိတ်ရှာ၊ ကျိတ်စုနေသည်။



ကားမောင်းရင်း…ကြုံလျှင် ပွဲစား…သူ့ပိုက်ဆံဆို သိပ်ကပ်စေးနဲ ပြီးတော့…ဗညိက…အအေး၊ လက်ဖက်သုပ် အလုပ်ဖြစ်တဲ့နေ့ဆို ညီမ ဖို့ဆိုပြီး…သူ့အကျႌအိတ်ထဲ အတင်းထည့်ထား…နှစ်ဦးအတွက်ပါ… ပိုက်ဆံလေးတွေကို…လုံးဝနီးပါး မသုံးဖြစ်အောင်စောင့်ရှောက်မှာစိုးလို့ သည်မှာ…ကလေးဆန်ပေမဲ့…ဒီပိုက်ဆံလေးတွေ့ အကူဖြစ်ချင်၊ ဖြစ်နိုင်တာပဲလို့ စိတ်ကူးလေးနဲ့ ဆး တာ့…ဗဋ္ဌအတွက်

ရည်းစားဘဝထဲက…ဗညိဟာ…အကော ၊ သူမအတွက်ပါ ပြီး…အစားကောင်း စားတတ်မှန်း ရိပ်မိကာ…ဗညိ ၁ ကို့အကြောင်း တော့ သိပ်မပြောရမ်းတတ်မှန်းလဲ…သတိထားမိပ

“ဗညိတို့က…မောင်နှမလဲများပြီး…လူတန်းေ ဝိုမအတွက် လောက်အောင် အနေအထားမျိုးမှာရှိတော့ မိဘပေးတဲ့မုန့်ဖိုးနဲ့ ငှအောင် သုံးတတ်ရတယ်လေ…ဒါပေမဲ့…ပစ္စည်းဆိုရင် အခဲ… သူ့ လေးတွေမှသုံးပြီး အစားကောင်းတော့ ကြိုက်ကြတယ်…” အခု

ဟု…ဗညိ မကြာခဏလဲ…ပြောပြတတ်လေရာ သူနဲ့နေရ တော့မှ…ဗဋ္ဌမှာ အသုံးအဆောင် ချို့တဲ့ရလေရာ အစားအသောက် တော့…မချို့တဲ့စေချင်၍…ဗညိ မမှာဘဲနဲ့တောင် မုန့်အကောင်းစား လေးတွေ…ဝယ်ဝယ်လာတတ်သောသူ့ကို ဗညိကပင်…တားယူရ သည်။



www.burmeseclassic.com

www.burmeseclassic.com



စားကြီး ဘာလို့ ထမ်းဝယ်လာတာ လို့ တွေးမိတယ်...ဖွေ့...သူတို့

းပါဘူး။ တုန်းမှ ဝယ်လာရောပေါ့... ဆဲတာ၊ ဆိုတာတွေလဲ ကြာ

တားစရာ ရေခဲသေတ္တာလဲမရှိတော့ မှိုတက် များ တစ်ခွန်းလောက် လ

သတိလစ်သွားမယ်

...အစားနည်းလိုက်တာကွာ၊ ချေတာပြီးတော့

ဖွေ့မှာ...

...အစားအသောက်တော့ မချေတာပါနဲ့ကွာ... တာရှိလဲ။ နှစ်သင်းက မုန့်အကောင်းစားမှန်း ကို သိပါတယ်...ကိုနဲ့ မိုးလင်းကမိုးချုပ်...ပြီးတော့...ဖွေ့...စားစားတတ်တဲ့ ငါးမုန့်ကြော် အသိကြီးမဟုတ်ချဉ်ထုပ်မျိုးက ဒီရပ်ကွက်တဆိုင်မှာ မရောင်းတတ် ရှည်...ဖွေ့မှာ...မိုလ်ချုပ်ဈေးမှာ ဝင်ဝင်ဝယ်လာတာ...ဖွေ့...ကြိုက် ဘယ်လိုမှ စားသာ စားပါ။ ကိုနဲ့ကျမှ...ဖွေ့...မစားဘဲနေတော့မယ် ပါသည် ကို...စိတ်မကောင်းဘူး''

''စားပါတယ်...ဖွေ့မှာ များနေလွန်းလို့...နှစ်ဦးကိုတောင် ...းရတယ်''

ဖွေ့က မောက်မပြစ်သူကတော့ ရွယ်တူချင်းလဲဖြစ်ပြီး ဖွေ့ အပေါ်လဲ အချုံအတာစံကာပေါင်းသူမို့ အလိုလိုခင်မင်တာ တို... ဝယ်လာသမျှ...မုန့်ပဲသားရေစာတွေ ခင်နှစ်ဦးကိုပါ မျှကျွေးတော့ရှိ ပါသည်။





''အမယ်...ကိုကိုကနော်...သူ့ပိုက်ဆံဆို သိပ်ကပ်စေးနဲ ကြီး သိလား၊ လူမျိုးဘဝတုန်းကများ...သူ အလှုပ်ဖြစ်တဲ့နေ့ဆို ညီမ အတွက် ဘာမှမဝယ်လာတတ်ပါဘူး။ အခုမှ...နှစ်ဦးအတွက်ပါ... ဝယ်လာတတ်တယ်ဆိုတော့...သူ့မိန်းမကို...မစောင့်ရှောက်မှာစိုးလို့ လာဘ်ထိုးတာ ထင်တယ်''

ဖွေ့က...ခင်နှစ်ဦးကို မုန့်တွေပေးလျှင်တော့...ဖွေ့အတွက် ထဲက ခွဲပေးသည်ဟု မပြောဘဲ သူမ၏အစ်ကိုက သူမအတွက်ပါ ဝယ်လာပေးသည်ဟု ပြောပေးတတ်ရာ...ခင်နှစ်ဦးက ကိုအကြောင်း တွေ အတော်အမှတ်တတ်ပါသည်။

အစ်ကိုတော့ နှစ်သစ်ဆိုတဲ့...ဖွေ့ရဲ့ကိုဟာ မိခင်နဲ့ညီမအတွက် တော့...သားကောင်း၊ အစ်ကိုကောင်း မဟုတ်ခဲ့ပါ။ သူက... သူ့ အတွက်သာ သိတတ်လျှက် သူ့ကိုယ်သူ ပိုချစ်တတ်သူဖြစ်ပြီး အခု ကျတော့ ဖွေ့ကိုတော့ဖြင့် သူ့လောက်နီးပါးချစ်လွန်းရသူ ဖြစ်ပုံရသေ သည်။

ဖွေ့...ကိုယ်ဝန်လဲ...ယေးလမင်ရှိလာတာတောင် ဖွေ့သည် သိပ်ဝတုတ်တောင်တောင် ကျန်းမာလာသည်မရှိဘဲ...အစားအသောက် ပျက်တုန်း အန်လို့ကောင်းတုန်းဖြစ်ကာ ဖြူဖျော့ပိန်လှီနေဆဲဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

သော တစ်နေ့မှာ မထင်မှတ်သော အဖြစ်အပျက်ကြီးတစ်ခုက ရှေ့ ထဲ…ဝင်ရောက်နှိပ်စက်တာ ဖြစ်သည်။

× × ×





(၃)

နှစ်သစ်သည့် နေ့ခင်းဘက်တစ်ပိုင်းတော့ အိမ်ခဏပြန်ကာ ထမင်းစားနေကျအတိုင်း…ဒီနေ့…အိမ်ပြန်ခဲ့ပါသည်။

သူ…မနက်စာထမင်းစားချိန်က…သိပ်တော့ မမှန်တတ်ပေ။ နေ့လည် နှစ်နာရီ ဖြစ်ချင်ဖြစ်တတ်သလို…တစ်ခါတလေ ညနေ သုံးနာရီခွဲမှ…မနက်စာအဖြစ် ထမင်းကို စားတတ်တာလဲ ရှိပါသည်။

ညစာကျတော့…ကားသိမ်းချိန်ကျမှ စားတတ်လေရာ… ခပ်မြဲတမ်းတော့…ည ဆယ်နာရီကျော်တတ်စမြဲ။

ဒီနေ့လဲ…သူ…တိုက်ရှေ့မှာ…သူ့ 'ကက' ကားကို ရပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ချင်သဲ…သူပင် ကားဝေါ်ကမဆင်းရသေး။ လမ်းမမှာ အမြဲလိုလို တစ်မျိုးမဟုတ်တစ်မျိုး ကစားနေလေ့ရှိသည့် ကလေးတစ်အုပ် ကား နား ဝိုင်းအုံလာကာ…

"ဦးနှစ်သစ်…ဦးနှစ်သစ်…ဆေးရုံလိုက်ခဲ့ပါတဲ့၊ ကြီးဒေါ် ခင်ချော ပြောတယ်"

"ဦးနှစ်သစ် ရောက်ရောက်ချင်း လိုက်ခဲ့ပါတဲ့"

"မနက်…ဆယ်နာရီကတည်းက ဆေးရုံထွက်သွားကြ တယ်"

"ဦးနှစ်သစ်…ညီမပါ ပါသွားတယ်"

"ဦးနှစ်သစ်မိန်းမ…ဆေးရုံပို့လိုက်ရတာ…"

စသဖြင့်…တစ်ယောက်တစ်ခေါက် ဝိုင်းအုံပြောကြသဲတို့ကို သူ…ကြုံတွေ့ကြားသိလိုက်ရလေသည်။

"ဘာဖြစ်တာလဲ…ဘာဖြစ်တာလဲ…သေသေချာချာ ပြော စမ်းပါဦးကွာ"

ကလေးတစ်ယောက်ရဲ့အသံ ဒီတော့မှ ပေါက်ထွက်လာ သည်။

"ဦးနှစ်သစ်…မိန်းမ…ဆေးရုံပို့လိုက်ရတယ်…"





"ဟုတ်လား…ဘာဖြစ်လို့လဲ"

"ချော်လဲလို့တဲ့…"

နှစ်သစ်တို့ တိုက်အောက်ဆုံးထပ်မှာ ဖွင့်ထားသော စတိုး ဆိုင်သေးသေးလေးမှ…အမျိုးသမီး ထွက်လာလျှက်…

"မောင်နှစ်သစ်ရေ…မင်းမိန်းမ…ရေချိုးခန်းကအထွက် ဆိုလား…အိမ်သာလေ့ကားက အဆင်းဆိုလား မသိပါဘူး…ချော် လဲတယ်ကွယ်၊ ကိုယ်ဝန်နဲ့ဆိုတော့ ဘာဖြစ်သွားမှန်းတော့ မသိဘူး… သူတော့ သတိလစ်နေတာနဲ့…အိမ်နီးပါးချင်းတွေပဲ…ဝိုင်းကူညီပေး သယ်ပြီး ဆေးရုံပို့လိုက်ကြတယ်…"

"ဟာ…ဖြစ်မှဖြစ်ရလေ"

နှစ်သစ်…ခေါင်းတွေ ထိုးကိုက်လာသလိုပင် ခံစားလိုက်ရပါ သည်။ ဘုရား…ဘုရား…ခင်…ဘာမှမဖြစ်ပါစေနဲ့၊ ဗိုက်ထဲက… ကလေးလဲ ဘာမှမဖြစ်ပါစေနဲ့။

"ဘယ်ဆေးရုံကိုလဲ ခင်ဗျာ"

"ဗဟိုအမျိုးသမီးဆေးရုံကြီးကိုပဲ ခေါ်သွားကြတယ်…မင်း ယောက္ခမ ညီမရော…လိုက်သွားပါတယ်၊ မနက်ဆယ်နာရီလောက် ကတည်းကပဲကွဲ့။ သူတို့ ခုထိ ပြန်မလာကြသေးဘူး။ မင်းလာရင်



www.burmeseclassic.com

ပြောလိုက်ဖို့တော့…အန်တီခင်ချော မှာသွားပါတယ်”

“ကျေးဇူးပါပဲ…ကျွန်တော်…လိုက်သွားလိုက်ဦးမယ် …အစ်မ”

“ဆေးရုံ အချိန်မီပို့လိုက်နိုင်တာပဲ၊ ဘာမှတော့ စိတ်ပူစရ မရှိပါဘူးကွယ်”

ထိုအမျိုးသမီး၏အသံက နှစ်သစ်ရဲ့နောက်ပါးမှာ ခပ်သဲ့သ ကျန်ရစ်ခဲ့သည်။

ဆေးရုံကို…ဘယ်လိုကဘယ်လို မောင်းလာမိသည် မသိ ဆေးရုံရောက်တော့…စုံစမ်းပြီး…အပေါ်တက်လာခဲ့ရာ…ဧဦ ထားရာ Word ဝဒ်ကို တန်းတန်းမတ်မတ် ရောက်လာခဲ့ပါသည်

“ဟော…သားကြီး လိုက်လာပြီ”

အမေ့အသံက အားတက်သရော ဖြစ်သွားပါသည်။

“ဧဦ…ဘယ်လိုနေသေးလဲ”

“ခုလေးတင်…ခွဲခန်းကထွက်လာတာ သားရယ်…မေ့ဆေ အရှိန်နဲ့ သတိမရသေးဘူး။ ခုလေးတင်ပဲ ဆယ်မိနစ်လောက်ပဲ ရှိသေ တယ်။ ခွဲခန်းထဲမှာ အကြာကြီးပဲ…။ အမေတို့ စိတ်အရမ်းပူနေကြ တာ…မနက်စာတောင် ထွက်မစားနိုင်ကြဘူး”





“ဘာဖြစ်လို့ ခွဲစိတ်ခန်းထဲမှာ…ကြာရတာလဲ”

“ကိုယ်ဝန် ပျက်ကျသွားတယ်တဲ့ သားရယ်…လေးလဆို တော့ တော်တော်လေး…စိုးရိမ်ရတဲ့ အခြေအနေမှာ ဧဦက သွေးအား သိပ်နည်းနေတယ်…နှလုံးလဲ အားနည်းနေတယ်ဆိုတော့ ခွဲစိတ် ဒဏ် မခံနိုင်ဘူး ထင်ပါရဲ့။ ဆရာဝန်တွေ ပြောနေတာပဲ…လုပ် ထိရတာ သွေးလိုလို့ သွေးတောင်းတော့ နှစ်ဦးနဲ့တူနေတာနဲ့ နှစ်ဦး လိုက်ပါတယ်…”

နှစ်သစ်သည် ဧဦခုတင်ဘေးတွင် အေးဆေးစွာထိုင်နေသော ဦးဖြစ်သူကို ကျေးဇူးတင်စွာ ပွေ့ဖက်လိုက်မိပါသည်။

“ကလေးကတော့ ပျက်ကျသွားတယ် သားရယ်…”

အမေက စိတ်မကောင်းစွာ ပြောနေပါသည်။

“ဧဦက ကံကောင်းသွားတာ ကိုကိုရဲ့…နှစ်ဦး အိမ်ရှေ့ခန်း ဧဦကို ဗိုက်ဖုံးအင်္ကျီကိုယ်တိုင်းယူဖို့ ထိုင်စောင့်နေတာလေ။ ဧဦ …ရေချိုးနေတယ်ဆိုတော့…ခဏထိုင်စောင့်နေတုန်းပဲ…ဧဦ ရေ ခန်းက ထွက်ထွက်ချင်း ချော်လဲတော့ နှစ်ဦး ချက်ချင်း သိတာ ပါ… ဧဦ အံမယ်လေး…တစ်ချက်ပဲ အော်နိုင်ပြီး ချော်လဲလဲရော ါ တစ်ခါတည်း သတိမေ့သွားတာပဲ။ အကယ်၍…အိမ်မှာ ဘယ်

www.burmeseclassic.com

သူမှသာ မရှိရင်··· ချက်ချင်း ဘယ်သိမလဲ····ကိုတို ထမင်းစား ပြန်လာမှတွေ့ရင် အသက်တောင်ရှိပါတော့မလား မသိဘူး"

"အေးဟာ··နင့်ကို ကျေးဇူးတင်ပါတယ်···၊ အမေနဲ့နှစ်ဦး လဲ မနက်စာတောင်···မစားရသေးဘူးဆိုတော့ ပြန်နားရင်နားလေ··· သား ဆက်စောင့်လိုက်ပါ့မယ်···သူ ဘယ်အချိန်လောက် သတိရ လာမယ် ပြောလဲ"

"သိပ် မကြာပါဘူး၊ ဒါနဲ့ သူ့မိဘတွေကို ဘယ်လို အကြောင်းကြားမလဲ···သား"

"အကြောင်းကြားရင်···ကြိုက်ပါ့မလား"

"မဲ့···ဘယ့်နှယ် မကြိုက်ရမှာလဲ···သူတို့သမီး အငယ်ဆုံး ကိစ္စပဲ···ကိုယ့်သမီးအရင်းခေါက်ခေါက် သေရေး၊ ရှင်ရေးကိစ္စကို··· ဘယ်မိဘကများ အကြောင်းကြားရင် မကြိုက်တာရှိပါ့မလဲ"

နှစ်သစ်သည်···ငွေဘက်က မိဘ၊ မောင်နှမများကို အလိုလို ရှိန်လျက်···မဆက်ဆံလိုသည်ဖြစ်ရာ စိတ်ညစ်သွားပါသည်။

"ဒါနဲ့···သားရေ ဆေးဖိုးတွေ···အငှားကားဖိုးတွေ အမေ စိုက်ထားလိုက်တယ်နော်···သား မတတ်နိုင်သေးရင်···မပေးပါနဲ့ တော့။ အမေ ကူညီတယ်ပဲ ထားလိုက်ပါ···ဟုတ်လား"





အမေ့ရဲ့ချိုင်းကြားထဲက ပိုက်ဆံအိတ်ပြားပြားလေးကို···သူ ငိုင်နှင့်စွာ ကြည့်လိုက်မိပါသည်။

"ဟာ···အမေရယ်···ဘယ်ဟုတ်မလဲ···သားတို့လင် မယားကိစ္စ···သား တာဝန်ယူရမှာပေါ့···။ သား စုထားတာ···ရှိ ပါတယ်။ ငွေ မွေးဖို့၊ ဖွားဖို့ဆိုပြီး ကျိတ်စုထားတာရှိပါတယ်။ အမေ ကိုက်ထားသလောက် ပြန်ယူလိုက်ပါဗျာ။ အမေလဲ···ကိုယ့်ကျန်းမာရေး ကိစ္စအတွက်···ပိုက်ဆံလေး ရသလောက် စုထားတာ···သား ယူမသုံး ချင်ပါဘူး။ သားတို့ မရှိဘူးဆိုရင်···တစ်မျိုးပေါ့···အခု ရှိနေတာမဲ့ ပြန်ယူလိုက်ပါ"

"အေး···သား အဆင်ပြေသလို···လုပ်ပေါ့၊ ကဲ···အမေတို့ တော့ပြန်မယ် ဟုတ်ပြီလား။ ညနေ···ထမင်းပို့ချိန်ကျမှ···လာခဲ့မယ်၊ အမေ···သူတို့ဘက်ကို ဘာသွားပြောပေးရမလဲ"

"နေ···နေ···အမေ···သားသတိရပြီ···။ ငွေ့ အစ်ကိုလတ် ကိုသစ္စာ အလုပ်လုပ်တဲ့ ကုမ္ပဏီရုံးခန်းလိပ်စာနဲ့ ဖုန်းနံပါတ် သား သိတယ်···ကိုသစ္စာ···ပေးထားဖူးပါတယ်···အဲဒီကိုပဲ ဆက်ပြီး အကြောင်းကြားလိုက်ရင် ဖြစ်တာပါပဲ"

အမေက ငွေ့နဖူးပြင်လေးကို လက်ဖဝါးဖြင့် တစ်ချက်သပ်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားစာအနည်းငယ် ရွတ်ပေးလိုက်ပြီး နှစ်ဦးနဲ့အတူ ဆေးရုံမှ ပြန်သွားပါသည်။

အမေတို့ပြန်သွားပြီး သိပ်မကြာ။ ဇဉ်…ညည်းသံသဲ့သဲ့လေးဖြင့် ပြန်သတိရလာပါသည်။

"ဇဉ်…အချစ်လေး…ကို…အနားမှာ ရောက်နေပြီ"

"ကို…"

"အင်း…"

"ဇဉ် ဘယ်ရောက်နေတာလဲ…"

"ဆေးရုံမှာ…"

"အော်…"

ဇဉ်သည်…မေ့ဆေးမှ သတိရလာသူပီပီ…ဝေဝေဝါးဝါး၊ မှုးရိပ်မှုးရိပ်နဲ့ပေမဲ့…ဇဉ် ဘာဖြစ်သွားနိုင်မလဲဆိုတာ…ကိုယ့်ဘာသာ မှန်းကြည့်လို့တော့ ရလေသည်။

"ကလေး ဘာဖြစ်သွားလဲဟင်"

"ဇဉ်ရယ်…"

နှစ်သစ်က စိတ်မကောင်းသလိုအသံဖြင့်…ငိုညီးသလို…ရေရွတ်လေသည်။





"ကလေး ပျက်ကျသွားတယ်မဟုတ်လား…ကို။ ဇဉ့်ကို ပြောပါ…ဇဉ့်ကို အမှန်အတိုင်းပြောပါ…"

"ကို…အရမ်း စိတ်မကောင်းဖြစ်နေလို့ပါ…"

"ဇဉ့်ကြောင့် ဖြစ်ရတာ၊ ဇဉ်…သတိမထားလို့။ ကိုယ့်မှာ ကိုယ်ဝန်ကြီးရှိရက်နဲ့ သတိနဲ့မသွားလာမိလို့ ဇဉ့်မှာ အပြစ်ရှိပါတယ်"

"ဒီလိုလဲ ဘယ်ဟုတ်မလဲ ဇဉ်ရယ်…မတော်တဆ ဖြစ်တာပဲ…ဘာတတ်နိုင်မလဲ…"

"ဇဉ်တို့…မတော်တဆ…ရသွားပေမယ့် တကယ်ရှိလာတော့လဲ ဒီကလေးလေးကို လိုချင်ပါတယ် ကိုရယ်"

"အေးပါကွာ…ကို နားလည်ပါတယ်၊ ဇဉ် ခဏနားလိုက်ဦး၊ နေကောင်းလာမှ ဆက်ပြောနော်…"

"ကို…ထမင်းစား ပြန်လာတာလား"

ဇဉ်က…တိုင်ကပ်နာရီကို လှမ်းကြည့်ရင်း သတိရပြီး ချက်ချင်း မေးနေပြန်သည်။

"ဟုတ်တယ်…လမ်းထဲကလူတွေ ဝိုင်းပြောတာနဲ့ အိမ်ပေါ် တောင် မတက်ဖြစ်ပါဘူးကွာ၊ ချက်ချင်း လိုက်လာတာ…အမေနဲ့ နှစ်ဦးက ခုလေးတင် ပြန်သွားတယ်။ ဇဉ့်မှာ သွေးလိုလို့ နှစ်ဦးက


www.burmeseclassic.com

www.burmeseclassic.com

သွေးလှူလိုက်ရသေးတယ်လေ"

"ဪ…ကျေးဇူးတင်လိုက်တာ…သူတို့လဲ တစ်မနက်လုံ

အရမ်းပင်ပန်းသွားမှာပဲနော်…ဇဉ်…ဆေးရုံကဆင်းမှ အမေ့ကို က

တော့ရဦးမယ်။ နှစ်ဦးကိုလဲ…လက်ဆောင်ပေးပြီး…သေသေချာချ

ကျေးဇူးစကား ပြောရဦးမယ်"

"ရပါတယ်ကွာ…"

"ကို…မနက်စာ ဘယ်စားရဦးမလဲ၊ သွားစားလေ…ဇ

…လဲ့နေရတာပဲ…ဘာမှ မလိုပါဘူး"

"ဇဉ်…ခဏနေခဲ့ဦး…ကို ချက်ချင်း ပြန်လာမယ်…မနက်

စာ စားဖို့မဟုတ်ဘူး။ ဇဉ့်အိမ်ကို သွားအကြောင်းကြားမလို့…ဇဉ်

အစ်ကိုလတ်ရုံးကို ဖုန်းဆက်ရင်ရတယ် မဟုတ်လား"

"ဇဉ်တို့အိမ်ကဖုန်းနံပါတ် ကို သိသားပဲ၊ အဲဒီကို ဆက်

လေ…"

"ဟာ…"

နှစ်သစ်က…လက်မခံချင်သလိုအသံဖြင့်…ရေရွတ်ပြီး…

နားထင်ကို လက်ညှိုးဖြင့် ကုတ်နေမိသည်။ ဇဉ့်မှာ ကို…မေမေ

မေမေတို့ကို စကားမပြောရဲဘူးဆောင်တယ်လို့ မှန်းလို့ရသွားပါသည်။





"ဒါဖြင့်လဲ…ကိုလတ်ကိုပဲ ဆက်ပါ…ရပါတယ်"

"ကို့ကို နားလည်ပါကွာ…ကို…ဇဉ့်မိဘတွေကို ရင်ဆိုင်

ပြီး စကားမပြောရဲလို့ပါ၊ ကိုသတ္တိကတော့ နည်းနည်းပါးပါး ပြောရဲ

ဆိုရဲ ရှိလို့ပါ"

ဇဉ်သည်…ခင်ပွန်းသည်ကို ငေးကြည့်နေခဲ့ရပါသည်။

●●●


www.burmeseclassic.com

www.burmeseclassic.com


ဇော်မိဘတွေ ရောက်လာတော့…နှစ်သစ်သည် ဆေး
ဝရန်တာထွက်ရပ်ပြီး…ရှောင်နေမိပါသည်။

ဇော်မိဘတွေနဲ့ သူ…မျက်နှာချင်းဆိုင်ဆုံသော်လည်း သူ
ကလဲ နှစ်သစ်ကို ဟက်ဟက်ပက်ပက်မပြုံးပြ။ စကားလဲစပြီး မပြော
လေရာ…နှစ်သစ်လည်း…ပြုံးရမလို…စကားပြောရမလိုလိုကြီးဖြ
လျှက်…ရပ်နေရပါသည်။

"သမီး…ဖြစ်ရလေကွယ်"

"ကံကြီးပေလို့…ကြည့်စမ်းပါဦး…ဖြူဖျော့နေတာပဲ"



မိဘတွေရဲ့အသံ တစ်ယောက်တစ်ပေါက် ဇော်ထံ စုံပြုံနေစဉ်
မှာ နှစ်သစ်က သူတို့နားမှ မသိမသာရှောင်ထွက်လာခဲ့ရတာ ဖြစ်သည်။

ဝရန်တာတွင် ခဏတော့ ရပ်နေသေးသည်၊ နောက်တော့
မနက်ကလဲ…မနက်စာမစားရ၍…ဗိုက်ထဲလဲ တော်တော့်ကိုဆာနေ
ပြီဖြစ်ရာ ဆေးရုံဝန်းထဲမှာရှိသည့် စားသောက်ဆိုင်တွေမှာ တစ်ခုခု
သွားစားဖို့ ထွက်လာခဲ့လေသည်။

ဇော်ကတော့…မိဘတွေ ရောက်ရောက်လာချင်း မျက်ရည်
တွေ…တရဟောကျလာကာ…ငိုရှိုက်နေခဲ့သည်။

"ကိုယ်ဝန်လေးလနဲ့ ပျက်ကျတာဆိုတော့ တော်တော်
အန္တရာယ်ကြီးတာကွယ်…သမီးလေးရယ်…။ ဟင်…မိုက်လုံးကြီး
တဲ့ ကောင်မ…အခုကျတော့…ဒုက္ခတွေ တစ်သီကြီးကြုံရပြီ၊ နင့်
တစ်သက်မှာ အိမ်မက်တောင် မမက်ဖူးတဲ့ဘဝမှာလဲ နေရသေးတယ်၊
မကြုံသင့်တဲ့အန္တရာယ်တွေလဲ ကြုံရတယ် မှတ်ပြီလား"

မေမေ…ကရုဏာဒေါသောဖြင့် ဇော့်ကို…ပွေ့ပြီး ဆူပူရင်း
သူမပါ…မျက်ရည်ကျပါသည်။

"မိဘအိမ်မှာနေသလို စိမ်နဲ့မနေရဘူး။ မိဘအိမ်မှာဆို…
ဖုတ်သုတ်တာက…ဖုန်စုပ်စက်နဲ့… အဝတ်လျှော်ချင်ရင် အဝတ်


www.burmeseclassic.com

www.burmeseclassic.com

လျှော်စက်ထဲ ပစ်ထည့်လိုက်ရုံပဲ…လှမ်းချင်ရင်လဲ လှမ်းစရာတောင် မလိုဘူး…အခြောက်ခံစက်ထဲ ထည့်ရုံပဲ…ဒီလိုမျိုး ခြေမချိုး၊ လက်မချိုး နေလာတဲ့ကလေးက လင်နဲ့ကျတော့ ဘာမှမပြည့်စုံတော့ ကိုယ်တိုင်အစစ်အမွှပ်ရ…ချက်ရပြုတ်ရနဲ့ ပင်ပန်းပြီး ဘယ်အားပြည့်မလဲ…၊ ဒီတော့…ရေချိုးခန်းထဲအတွက် ခြေမနိုင် လက်မနိုင်ဖြစ်ပြီး ချော်လဲမှာပေါ့၊ အလုပ်တွေလုပ်နေတာ ပင်ပန်းပြီး လူက ဟန်ချက်ဘယ်ညီတော့မလဲ…"

"ဇော်…အစားအသောက် တအားဂျက်ပြီး အန်နေလို့ ဖြူရော်တာပါ…မေမေ။ အိမ်အလုပ်က အဲဒီလောက် မပင်ပန်းပါဘူး"

"အံမယ်လေး…ကာကွယ်ပြောနေပြန်ပြီ"

"တကယ်ပြောတာပါ…မေမေ။ သူက မနက်ဆို ချက်ပြုတ်ရင် ဝင်ကူပေးပါတယ်…ဇော်…ယူချက်ရုံပဲ။ အိမ်သန့်ရှင်းရေးလုပ်တာတို့ သူ့ညီမလေးက လာလာလုပ်ပေးတာ နေ့တိုင်းပါပဲ…အဝတ်လဲ မလျှော်ရဘူး၊ မီးပူလဲ…မတိုက်ရပါဘူး။ ဇော်…ကိုယ်လေးလက်ဝန်နဲ့မို့ သူက ပေးမလုပ်နိုင်းပါဘူး။ ရပ်ကွက်ထဲမှာ…အဲဒါမျိုး လိုက်လုပ်ပေးတဲ့ မိန်းမကြီးတွေ ရှိတယ်၊ သူတို့ကို…ပိုက်ဆံပေးပြီး ခိုင်းတာပါ၊ ဇော်ဘာသာ ခြေချော်တာပါ…မေမေ"





မေမေက သိပ်တော့ လက်မခံချင်ပေမဲ့ ဇော်က ဘယ်တော့မှ အဲ့ိုလုပ်ပြီး မညာတတ်ဘူးဆိုတာလဲ သိနေလေရာ…ဆက်အပြစ်မပြောဖြစ်တော့ပါ။

မေမေကတော့…အေးအေးဆေးဆေးပင် ဝင်ပြောပါသည်။

"ချော်လဲလဲချင်း…ဒီကောင် အိမ်မှာရှိလို့ ဆေးရုံအချိန်မီရောက်တာလား"

"မဟုတ်ဘူး မေမေ။ သူက တစ်နေကုန် 'ကက' ထွက်မောင်းတာလေ…မွန်းလွဲလောက်မှ မနက်စာပြန်စားတတ်တယ်။ ဒီနေ့ကျတော့ သူ့ညီမက ဇော်ကို အကျီ်ှုတိုင်းမယ်ဆိုပြီး ရောက်နေတယ်…ဇော် ရေချိုးနေလို့ ခဏထိုင်စောင့်နေတုန်း…"

"ဩော်…ဩော်…တော်သေးတာပေါ့ သမီးရယ်။ နောက်မို့ ချော်လဲနေတာနဲ့…မှာတာကျင်တာနဲ့ ဘယ်သူ့အကူအညီခေါ်မလဲ…ကံကောင်းလို့ လူတစ်ယောက် ရောက်နေတုန်း ဖြစ်ပေလို့ပဲ"

"သမီး…အစ်ကိုတွေနဲ့ အစ်မကတော့…နောက်နေ့မနက်ကျမှ လာလိမ့်မယ်…ဂရုတာက ဒီဆေးရုံ ပို့စတင်မဟုတ်ဘူး။ ကလေးဆေးရုံမှာ…ဒါပေမဲ့ မနက်…ဆေးရုံလာရင် ဝင်လာခဲ့မယ်လို့ ပြောလိုက်တယ်…စာမေးပွဲနီးနေလို့ စာကျက်နေရတယ်လေ…"


www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်…ဇဉ်…ဘာမှ မဖြစ်ပါဘူး။ အစ်ကိုတွေနဲ့ မထာထာနဲ့ အားမှလာကြည့်ပါ…ရပါတယ်"

"သူတို့က…ဆေးရုံမှာပဲ လာကြည့်ချင်ကြတယ်တဲ့။ သမီး နေတဲ့ရစ်ကွက်ကို မလာချင်ကြဘူးလေ။ ရစ်ကွက်က ကြည့်လိုက်တာနဲ့ စရိုက်ဆိုးပြီး မသန့်မှန်း သိသာတယ်…လူစိမ်းဝင်လာရင်…ဝိုင်းပြုံးပြီကြည့်တာကို…သူတို့က ရှက်ကြတာလေ"

ဇဉ်…စိတ်မကောင်းဖြစ်ပြီး နှုတ်ဆိတ်နေလိုက်မိပါသည်။

"သမီး၊ ဘာစားချင်လဲ…"

"ခုတော့ မေ့ဆေးပြယ်ခါစဆိုတော့ မူးပြီးအန်ချင်နေတာနဲ့ ဘာမှ…စားချင်စိတ် မရှိပါဘူး မေမေ…"

"ဒါဖြင့် နောက်နေ့မနက်တော့…မေမေတို့ ထမင်းလာပို့မှာပေါ့…။ နောက်မို့…သမီး စားချင်တာလေးတွေ သူတို့ကမသိရင် သမီး ဘယ်စားကောင်းနိုင်ပါ့မလဲ"

"ညနေစာရော…"

"သူ့အမေ…ချက်ယူလာမယ်လို့…ပြောသွားတယ်တဲ့"

"မေမေက…သမီးအတွက်…ထမင်းဟင်းလဲ စဉ်းစားလို့ မရတာနဲ့ အိမ်မှာရှိတဲ့ဟော်လစ်ပုလင်းရယ်၊ ဘီစကစ်မုန့်ရယ်…ဖျော်





ညီဂျယ်ဗဲ ကောက်ထည့်လာတယ်…"

"အင်း…အဲဒါတွေ…ကောင်းပါတယ် မေမေ၊ ဇဉ်…ညနေ ာလဲ စားချင်စိတ် မရှိပါဘူး၊ အရည်ပဲသောက်တော့မယ်…"

နှစ်သစ်၏မိခင်က ထမင်းချိုင့်လေးဆွဲလျှက် ရောက်လာချိန် ွင် ဇဉ်က…မေမေဖျော်ပေးသော ဟောလစ်ကို သောက်နေဆဲ ဖြစ်သည်။

"ဟော…အစ်ကိုကြီးနဲ့အစ်မကြီး ရောက်နေတယ်…"

မေမေက…လူနာစောင့်ခုံတန်းလေး တစ်ဘက်ကို အသာတိုး ပေးလိုက်ပြီး ထိုင်ပါ…ဟု လက်ပြလိုက်၍ ကိုမိခင်…ဖြေးညှင်းစွာ င်ထိုင်ပါသည်။

"သမီး ဆာပြီလား…အမေချက်တဲ့ သရက်သီးငါးပိချက် လေးဆို…သမီး တော်တော်လေး ခံတွင်းတွေ့တတ်တာ သင်္ဘောား ိုက္ကွယ်…ညနေဈေးပြေးပြီး ဝယ်ချက်လာတယ်…ကြက်သား ြွတ်ကြော်လေးနဲ့…ဗူးသီးဟင်းခါးလေးလဲ…လုပ်လာတယ်၊ စားတော့ လား။ ပူတုန်း စားပါလား…ချက်ပြီးပြီးချင်း မြန်မြန်ထည့်ပြီး ကား ပြီး လာခဲ့လိုက်တယ်လေ…ဘတ်(စ်)ကားစောင့်နေရရင်…ထမင်း င်းလေးတွေ အေးကုန်မှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ခင်ချော ရောက်ရောက်ချင်း ဆက်တိုက်ပြောလိုက်၍... ခဉ် အားနာသွားပါသည်။

"ခဉ်...အန်ချင်နေတာနဲ့လေ...ညနေတော့ ဘာမှမစားဘဲ နေမယ်ဆိုပြီး ယောလစ်ပဲသောက်နေတယ်...မခင်ချောရယ်...။ ဟင်းတွေ ချက်ပြုတ်ပြင်ဆင်လာရတာ...အားတောင်နာတယ်...မခင်ချော မလာခင်လေးတင် စကားပြောရင်း ပျို့လာလို့...တစ်ချက်လေတွေ အန်နေသေးတာ ခုမှ...သက်သာခါစ...လေခံနေရင် ပိုဆိုးမယ်ဆိုပြီး အတင်းမျော့တိုက်ထားလို့..."

မေမေက...ခဉ် အားနာနေမှန်းသိ၍ ခဉ့်အခြေအနေမှန်ကို ဝင်ပြောပေးလိုက်ပါသည်။

"အို...ဟုတ်လား...၊ မှုတ်တာပေါ့၊ ဟုတ်တာပေါ့လေ၊ ကျွန်မ မတွေးမိဘူး...ဟုတ်မှာပါ...မေ့ဆေးပြယ်ခါစဆိုရင် ဒီလိုပဲ ဖြစ်တတ်တာ ကြားဖူးပါတယ်...ကျွန်မကလဲ မတွေးမိဘူး။ စိတ်ကူးတည့်ရာ လျှောက်ချက်လာမိတယ်..."

"အားနာစရာဗျာ...၊ မခင်ချောလဲ...ဆိုင်တစ်ဖက် ချက်ပြုတ်ရတာနဲ့...သမီးအတွက်ပါ အလုပ်ပိုနေပြီ..."

"အို...ကိစ္စမရှိပါဘူး...ရပါတယ်..."





"နောက်နေ့တွေလဲ...မချက်နေပါနဲ့၊ သမီးကို...ကျွန်တော်တို့ပဲ ထမင်းလာပို့လိုက်ပါ့မယ်"

ခေါ်ခင်ချောက နားလည်လက်ခံသလို...ပြုံးပြုံးရယ်ရယ်ပင် ခေါင်းညိတ်ပါသည်။

သူ့အမေပါ...ရောက်လာမှန်းသိတော့မှပဲ နှစ်သစ်လဲ လူအုပ်ထဲ ပြန်ဝင်လာရဲကာ ခဉ့်ကို အားပေးသလို ပြုံးပြပါသည်။

ထိုနေ့က ခဉ့်ချိန်ကုန်မှပဲ...မိသားစုတွေအားလုံး ပြန်ကြပါသည်။ လူကြီးတွေ အရင်ထွက်သွားမှ ကိုက...ခဉ့်နှဖူးလေးကို ရှုပ်ယနဲ့ တစ်ချက်နမ်း နှုတ်ဆက်လေသည်။

"ကို...သွားမယ် ခဉ်လေး...။ ခဉ့်ကို အိပ်ဆေးထိုးထားပေးတယ်ဆိုတော့ ခဉ်...ကောင်းကောင်း အိပ်ပျော်မှာပါ...ကိုကတော့ မိန်းမဘေးမှာမရှိဘဲ အိပ်ရတော့မယ်ကွာ...။ ခဉ့်ခေါင်းအုံးလေးကို ဖက်ပြီး အိပ်မယ် သိလား..."

●●●



www.burmeseclassic.com

www.burmeseclassic.com

ဇော်သည် ဆေးရုံမှ တော်တော်နဲ့မဆင်းရပါ။ ဆေးရုံရောက်ပြီး သုံးရက်အကြာမှာ အဖျားဝင်လာ၍ ဆေးရုံမှာ ဆက်နေရသေးလေသည်။

ဇော့်မိဘတွေက…

"မောင်နှစ်သစ်…သမီးကို ဆေးကုဖို့…ငါးသောင်းယူထားပါ"

ဟု…နှစ်သစ်လက်ထဲ…ပိုက်ဆံ လာထည့်ပါသည်။ သို့သော် နှစ်သစ်က လက်မခံပါ။ ယဉ်ကျေးစွာပင်…

"ပိုက်ဆံ မလိုပါဘူး ခင်ဗျာ…၊ ကျွန်တော် ၄သောင်းထားတာ ရှိပါတယ်။ တကယ်ပြောတာပါ၊ ဇော်…မွေးဖို့ဖွားဖို့ဆိုပြီး ကြိုစု





ထားတာထဲက အခုယူသုံးနေတာ… လောက်ပါတယ်၊ ဆေးတွေလဲ…ဆရာဝန်ပြောသမျှဆေးတွေ…ဈေးအကြီးဆုံး၊ အကောင်းဆုံးတွေကိုပဲ…ကျွန်တော် ဝယ်ပါတယ်၊ ဖေဖေ မေမေတို့ အခုလိုပေးတာကို…အရမ်းကျေးဇူးတင်ပါတယ်…ဒါပေမဲ့လေ ကျွန်တော့်မိန်းမရဲ့ ကျန်းမာရေးအတွက်လောက်တော့ ကျွန်တော်ပဲ တာဝန်ယူသင့်ပါတယ်…"

ဟု…ရှည်လျားစွာ…သင့်တော်သလို ပြန်ငြင်းရပါသည်။

ဒီထက်လဲ ကောင်းအောင်…သူ…မပြောတတ်ပါ။ ဘယ်လိုပုံစံနဲ့ပြောရင် ကောင်းမလဲဆိုတာ…စဉ်းစားမရပေမဲ့ ဇော့်မိဘတွေရဲ့ ငွေကို လက်မခံလိုတာကတော့ အမှန်ပင်။

"ဒါဖြင့်လဲ…ငါတို့ တချို့ဆေးတွေတော့ ဝယ်ပေးပါရစေ၊ မင်းရဲ့မိန်းမဆိုပေမဲ့…သမီးက ငါတို့သမီးပါ။ သမီးအငယ်ဆုံးမို့ မိဘက ဘယ်လောက်ချစ်ရတယ် မှတ်လဲ…သမီးကျန်းမာရေးမှာ မိဘအနေနဲ့ ဘာမှ…ဝင်မကူလိုက်ရရင်…ဘယ်စိတ်ကောင်းပါ့မလဲ"

ဇော့်ဖခင်က…သူ့သဘောဖြင့်သူ…ဆရာဝန် ညွှန်းထားသော ဆေးတွေ ဝယ်လာပေးပါသည်။

နေ့စဉ်ပင်…ယောက္ခမတွေနဲ့ ဆေးရုံမှာ ဆုံဆုံနေရပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ်နဲ့ ခင့်မိဘတွေရဲ့ ဆက်ဆံရေးက နွေးထွေးမလာခဲ့ပါ။

ခင့်ကတော့ အိမ်ရာထဲမှာ ပက်လက်နှင့်မျက်နှာငယ်လေးဖြစ်ကာ အခြေအနေကို အကဲခတ်နေခဲ့ပါသည်။

"သူ့မိဘတွေက စိတ်သဘောထားတော့ ခဆိုးပါဘူး သားရယ်။ ဒါပေမဲ့...သူတို့ အမြင်မှာပေါ့၊ သူ့သမီးလေး အသက်နှစ်ဆယ့်တစ်နှစ်အရွယ်နဲ့ စောစောစီးစီးလဲ အိမ်ထောင်ကျရတယ်...၊ အိမ်ထောင်ကျပြန်တော့လဲ ကိုယ့်ထက်နိမ့်ပါးတဲ့လူနဲ့...ပြီးတော့ ဘာမှမပြည့်မစုံနဲ့ ဖြစ်ရတယ်...ဆိုတော့ကွယ်...ယူကြုံးမရစိတ်နဲ့ သားကို အလိုလိုနေရင်း အမြင်မကြည်တာပေါ့။ ကိုယ့်သမီးလေးကိုယ် နှမြောပြီး စိတ်မကောင်းဖြစ်ရတိုင်း သားကို...ပိုပိုမုန်းလာနိုင်တာပေါ့၊ ခင်တော့ သား...စကားပြောဆိုတာကအစ သတိထားပြီး...နေပြပေါ့။ သူတို့ အမြင်မကြည်ပေမဲ့...ကိုယ့်အပေါ် မမုန်းသွားစေနဲ့ပေါ့..."

နှစ်သစ်၏အမေက...နောက်ပိုင်းတော့ ဆေးရုံကို တစ်ခေါက်လောက်ပဲ လိုက်ကြည့်ဖူးကာ...ခင့်နံဘေးမှာ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းတွေ စုလင်နေခြင်း၊ နှစ်သစ်နဲ့ သိဝ်မရင်းနှီးခြင်းများကို ရှေ့လာမိပြီး ဆေးရုံကို ထပ်မလာတော့ပါ။

နှစ်သစ်ကိုတော့ တိုးတိုးတိတ်တိတ်ကျိတ်ပြီး ဆုံးမပြောဆိုကာ အိမ်ကနေ ခင့်သတင်းကို သားဖြစ်သူထံမှတဆင့် နားစွင့်နေခဲ့ပါသည်။

"ခင့်တာ သွေးအားလဲ အရမ်းနည်းနေတယ်၊ နှလုံးလဲ အားနည်းတယ်၊ ဆေးရုံကဆင်းပြီးတာတောင်...ဆေးရုံရက်ချိန်းအတိုင်း မှန်မှန်လေးလာပြပြီး...ဆေးလဲ မပြတ်သောက်ရမယ်...နားနားနေနေ နေရမယ်တဲ့ အမေ။ ဆရာဝန်တွေက အကြံပေးတာတစ်ခုကလဲ...အခုကလေးက ပျက်ကျသွားပြီး အဖတ်မတင်ပေမဲ့လဲ နောက်တစ်နှစ် ကျော်လောက်ထိတော့ ကလေး ထပ်မယူပါနဲ့ဦးတဲ့...။ ခင့်ကျန်းမာရေး တော်တော်ကောင်းလာပြီးမှ...ယူရမယ်တဲ့..."

နှစ်သစ်က...အမေ့ကို အသိပေးပြီးသည့်နောက် သုံးရက်အကြာတွင် ခင်...ဆေးရုံမှဆင်းရပါသည်။

ခင့်မိဘတွေက ခင့်ကို...ဆေးရုံမှအဆင်းတွင်...

"သမီး...အထပ်အမြင့်ကြီး တက်ရမှာကွယ်၊ ဖေဖေ၊ မေမေတို့အိမ်မှာပဲ ခဏပြန်လာနေပါလား။ အနားရတာပေါ့...တစ်လလောက် ကောင်းကောင်းအနားယူပြီးမှ သမီး...အိမ်ကိုပြန်ရင် ပြန်ပေါ့..."

ဟု...ပြောလာပါသည်။





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ်သည်…ခွေးပစ္စည်းလေးတွေ…ကောက်သိမ်းရာမှ ထိုစကားသံကို ကြားလိုက်တော့ ရင်ထဲမှာ ဒိန်းကနဲတုန်လှုပ်သွားပါသည်။

ဘုရား…ဘုရား…။ ခွေး…လိုက်များသွားမလား…။ ဒီလိုနေရာ…ဒီလိုအချိန်မှာ ခွေးစကားတစ်ခွန်းကပဲ…အဆုံးအဖြတ် ဖြစ်နေပြီ။ ခွေး…စိတ်ပြောင်းပြီး လိုက်များလိုက်သွားရင်…။

နှစ်သစ်သည်…ဆေးရုံကုတင်ပေါ်မှ အနွေးထည်လေးဝတ်ပြီး ဖြူဖျော့ဖျော့လေး ထိုင်နေသောခွေးကို…တစ်ချက်နိုးကြည့်လိုက်မိပါသည်။ လိုက်မသွားပါနဲ့ ခွေးရယ်…ခွေးကို…ကို…သိပ်ချစ်တာပါ…ခွေး လိုက်သွားရင် ကိုနဲ့ဆို ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူးလို့…ကို…ခံစားပြီး သိနေရတယ်။

ခွေးသည် ခင်ပွန်းသည်၏ စိုးရိမ်မှုကို နားလည်စွာပြုံး၍ ဖြေသိမ့်လိုက်ရင်း…

"ရပါတယ်…သမီး…ဆင်းလိုက်၊ တက်လိုက်လဲ သိပ်လုပ်ဖြစ်တာမှ မဟုတ်တာ…၊ အဲဒီအိမ်ပဲ ပြန်နေလိုက်ပါ့မယ် ထမင်းဟင်းချက်ပြုတ်တာလည်း သိပ်ပင်ပန်းတာကြီး လုပ်နေစရာမှ…မလိုတာ…သူ…ချက်တတ်ပါတယ်…"





ဟု…ပြောလိုက်တော့မှပဲ နှစ်သစ်…ရင်ထဲကအလုံးကြီးကျသွားပါသည်။

"စိတ်ချပါ…ကျွန်တော်…ခွေးကို…ကောင်းကောင်း စောင့်ရှောက်မှာပါ…ခွေး…မချက်ပြုတ်ရအောင်…ကျွန်တော် အလုပ်ထွက်လုပ်ခင် ချက်ပေးသွားမှာပါ…ပြီးတော့ ကားဆွဲဘာဖိုလဲ…ညအရမ်းနောက်ကျမှ…သိမ်းတဲ့အထိ…မလုပ်တော့ပါဘူး၊ သူ…သေသေချာချာ…ကျန်းမာပြီး ထူထူထောင်ထောင်ဖြစ်လာမှ…အလုပ်ကို ပုံမှန်ပြန်လုပ်ဖို့ စဉ်းစားထားပါတယ်"

နှစ်သစ် ဝင်ပြောလိုက်သည်ကို ခွေး၏မိဘတွေက မပြုံးမရယ်ဘာမှပြန်မပြောဘဲ…ခေါင်းသာညိတ်လိုက်ကြသည်။

သမီးဖြစ်သူကပါ…လင်ဘက် ပိုအလေးသာနေ၍ သူတို့ဘာမှဝင်ပြောလို့မရသည်ကို သဘောပေါက်ကြပုံ ရလေသည်။

ဆေးရုံအဆင်းမှာ…သူတို့နေသောအိမ်အထိတော့ ခွေးမိဘတွေကားက ပါလာခဲ့ပါသည်။ ခွေးကတော့ သူမ၏မိဘတွေကားပေါ်မှာ ပါလာခဲ့ပြီး နှစ်သစ်က သူ့ 'ကက' ကားနဲ့သူ ရှေ့က မောင်းလာသာ ဖြစ်သည်။

သူတို့ကားတွေ ရှေ့ဆင့်နောက်ဆင့် ရပ်လိုက်ကြတော့…



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရပ်ကွက်ဓာတ်ဆိုးစံအတိုင်း ဝိုင်းပြုံးပြုံကြည့်ကြလျှင်…ခွေ့မိခင်၏ မျက်နှာမှာ ပွတ်သိုးလာလေသည်။

အမေက…ခိုဲ ဒီနေ့ ဆေးရုံကဆင်းမည်ဆို၍ ကြိုစောင့်နေ ပုံ ရသည်။ ကားရပ်ရပ်ချင်း အမေနဲ့နှစ်ဦးတို့ ပြေးဆင်းလာကြပါသည်။

အမေမှာ ခွေ့မိဘတွေပါ…ပါလာ၍…ပြာနေတော့သည်။

"သမီး…ချက်ချင်းကြီးတော့ အပေါ်ဆုံးထပ် မတက်နဲ့ဦး ပေါ့…၊ အမေတို့အထပ်မှာ ခဏနားလိုက်ဦး…ဟုတ်လား…သော် အစ်ကိုကြီးနဲ့အစ်မကြီး လာပါ…လာပါ…အိမ်ပေါ်တက်ပါဦး၊ ထိုင် ကြပါဦး…အဟင်း…အိမ်ကတော့ သမီးအငယ် စက်ချုပ်ဆိုင်ဖွင့် ထားတော့လေ…သူ့ဗိတ်စတွေနဲ့ ရှုပ်တော့ရှုပ်နေတာယ်…အားနာ စရာ…"

"ရပါတယ်…ခဏတဖြုတ် ထိုင်မှာပါပဲ ဘာမှရှင်းမနေပါနဲ့ မခင်ချော။ နေတတ်သလို နေပါ… ကျွန်တော်တို့ကို ဧည့်သည်ကြီး လို ဧည့်ခံမနေပါနဲ့လေ…"

အမေက…ခွေ့ဖခင် ဘယ်လိုပဲတားတား မရပါ။ နှစ်ဦးကို တိုးတိုးတိတ်တိတ် လှမ်းပြောပြီး ကော်ဖီ သွားမြင်ခိုင်းနေသည်။

အမေနဲ့နှစ်ဦးက ကော်ဖီမစ်ထုပ်ကို နို့ဆီသကြား ထည့်





ဖျော်ပြီးသောက်တတ်ကြသည့်…ကော်ဖီသမားများဖြစ်ရာ…အခုလဲ ကော်ဖီမစ်ရှစ်ထုပ်တို့ကို နို့ဆီသကြား ရေနွေးထပ်ရောပြီး…ဖျော်ပါ သည်။

ကော်ဖီခွက်…သုံးခွက် မြင်ဆင်လာပြီး…

"ကော်ဖီ သောက်လိုက်ပါဦး…သမီးအတွက်ပါ…တစ်ခွက် ပိုဖျော်လာတယ်…သောက်နော်…သမီး"

ခွေ့ဖခင်က…အားနာသလိုဖြင့် အမေ ကော်ဖီခွက် ကမ်းပေး သည်ကို…သူကိုယ်တိုင် ခပ်မြန်မြန်ထယူလျှက်…

"မခင်ချောရယ်…ဧည့်သည်မှ…မဟုတ်တာ…ကော်ဖီ ဖျော်ဧည့်ခံစရာ မလိုပါဘူးဆိုမှဗျာ…ရပါတယ်။ သမီးကလေးအပေါ် ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာနဲ့ စောင့်ရှောက်ထားတာကို ဝမ်းသာ ကျေးဇူးတင်ပြီးသားပါ…ဧည့်ခံနေလဲ…စိတ်မဆိုးပါဘူး"

"အို…ဘာယ်ဟုတ်မလဲ…ကိုယ့်အိမ်လာတာ တစ်ခုခုတော့ ကျွေးမွေးဧည့်ခံချင်တာပေါ့…"

ခွေ့မိခင်က…ခင်နှစ်ဦးကို နှစ်လိုစွာ…ပြုံးကြည့်ကာ ကျေး ဇူးစကား ထပ်ဆိုပြန်ပါသည်။

"ခင်နှစ်ဦးလေးကြောင့်…အခုတို့သမီးအသက် ဘယ်နိုင်

www.burmeseclassic.com



တာပါကွယ်…၊ သွေးဖဲ့ လှူထားတယ်ဆိုတဲ့ ကျေးဇူးကကြီးပါတယ်၊ အဲဒီကျေးဇူးကို အန်တီတို့ တစ်သက်လုံး အမှတ်ရနေမှာပါ…"

"ရပါတယ်ရှင်…တိုက်ဆိုင်သွားလို့ ကူညီခွင့်ရတာပါ…ပြီးတော့ ဧဉ်နဲ့ကျွန်မက ရွယ်တူဆိုတော့လေ…သူငယ်ချင်းတွေလိုပဲ ခင်နေခဲ့ပါတယ်။ ကျွန်မလဲ…အိမ်မှာ စက်ဆိုင်နဲ့ အဝေးသင်ကျောင်း ပြေးတက်နေဆိုတော့လေ…ခင်မင်ရင်းနှီးရတဲ့ အခင်ဆုံးသူငယ်ချင်း ဆိုတာလဲ…မရှိခဲ့ဖူးဘူး…။ ဧဉ်ကိုပဲ…အခုမှ…သူငယ်ချင်းလုပ် ပေါင်းနေရတော့…ကိုယ့်သူငယ်ချင်းကို…ကိုယ် ကူညီလိုက်နိုင်တာ အရမ်းဝမ်းသာတယ်"

"ဧဉ်ကို…အိမ်မှာ လိုက်နားဖို့ပြောတာကွယ်…သူက မရဘူး၊ ဒီပဲ…ပြန်လာနေမယ်ပြောလို့ လိုက်ပို့ရတယ်"

"ဒီမှာ ခဏလှဲနေလေ ဧဉ်။ ညပိုင်းကျမှ အပေါ်ကို တက်ပေါ့…တက်ရမှာမောရင် ကိုကို ပွေ့ချီတင်လို့ ရပါတယ်…။ ဧဉ်က ပိန်ပိန်လေးပဲ…ကိုကို ပွေ့ချီနိုင်ပါတယ်"

ဧဉ်က ယဲ့ယဲ့လေး ပြုံးနေသည်။ ဧဉ်…အမှန်အတိုင်း ဝန်ခံ ရသော် ဧဉ်စိတ်ထဲမှာ ဝေခွဲမရ ဖြစ်နေပါသည်။

ဧဉ်…နေမကောင်းချိန်မှာ ဖေဖေ၊ မေမေ…အစ်ကို၊ အစ်မ





တွေနဲ့ တစ်စုတစ်စည်းတည်းနေရတဲ့ ငယ်ငယ်တည်းက နေခဲ့တဲ့ အိမ်လေးကို လွမ်းပါသည်။ မေမေခေါ်တော့ ဝမ်းသာအားရဖြစ်ပြီး ပြန်လိုက်နေဖို့ စိတ်ထဲမှာ ချက်ချင်းဆုံးဖြတ်လို့ ရခဲ့ပါသည်။

ဖဉ်ပါးစပ်ကတော့ လိုက်နေဖို့…ချက်ချင်းပြောလိုက်မိ တော့မလို ဖြစ်နေသေးသည်။ သို့သော် အဲဒီအချိန်မှာ အမှတ်မထင်ပဲ ကိုကို လှမ်းပြီး ဖြတ်ကနဲ ကြည့်လိုက်မိချိန်မှာ…ဖဉ်ဆုံးဖြတ်ချက် တွေ ချက်ချင်း ပြန်ရုပ်သိမ်းလိုက်မိတာ ဖြစ်သည်။

သူ့အကြည့်ထဲမှာတော့ သူ့ရဲ့တောင်းပန် တိုးလျှိုးမှုတွေအပြင် သူ့ရင်ထဲက ချစ်ခြင်းကိုပါ ခံစားလိုက်ရကာ…ဖဉ်ဆုံးဖြတ်ချက်ဟာ တစ်ပြိုင်နက်တည်း ပြောင်းသွားနိုင်ခဲ့ပါသည်။

ဖေဖေ၊ မေမေတို့ ဖဉ်ကိုထားပြီး ပြန်ကြတော့မည်ဆိုသော အခါ ဧဉ် အားငယ်လျှက်…အလိုလိုဝမ်းနည်းလာသည်။ မျက်ရည် ဝဲလာမိ၍…ဘယ်သူမှမမြင်အောင်…ခေါင်းကို…ခေါင်းအုံးနဲ့တအား ဖိကပ်ပြီး…မျက်စေ့မှိတ်ချထားလိုက်မိသည်။

"သမီးလေး…ဖေဖေတို့ ပြန်လိုက်ဦးမယ်နော်…နေ့တိုင်း လိုလိုတော့…ကိုကို…မမတွေ လာကြည့်ကြလိမ့်မယ် ဟုတ်လား… သမီးလိုတာ သူတို့ကတဆင့် မှာလိုက်ပေါ့…ဖေဖေတို့လဲတော့



www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်နေမှ တစ်ခါလာမယ်နော်…ဖြစ်လား"

"အိမ်အလုပ်တွေလဲ…ကိုယ် မလုပ်နိုင်သေးရင်…ထား လိုက်ပေါ့…ဘယ်ညှိသည်မှာမှ…အိမ်လာတာမှ မဟုတ်တာ၊ ဖုန် တက်လဲ ဘာဖြစ်လဲ…လျှောက်ရှင်းလင်းမနေနဲ့…"

မေမေက ခပ်တိုးတိုး ကျိတ်မှာသွားပါသည်။ မေမေနဲ့မေမေ ကိုတော့ ကိုက အိမ်အောက်ထပ်ထိ ဆင်းလိုက်သွားပြီး ကားထွက် သည်အထိ နှုတ်ဆက်ပြီးမှ အပေါ်ပြန်တက်လာလေသည်။

"ခဲ့…အိမ်ပေါ်တက်တော့မလား"

"တက်မယ်လေ…။ ဒီမှာ နှစ်ဦးက သူ့အလုပ်နဲ့ အိမ်ရှုပ် နေတော့…ခဲ့ရှိတော့ သူ့မှာ ပိုရှင်းဒီရှင်း လုပ်ပေးနေရတယ်၊ အား နာစရာကြီး…"

"အိမ်ပေါ်မှာနေတာပဲ ကောင်းပါတယ်ကွာ…အပေါ်ဘက် အသံလဲငြိမ်တော့…ခဲ့ အိပ်လို့ရတာပေါ့၊ ဆရာဝန်ပေးလိုက်တဲ့ ဆေး တစ်ခွက်သောက်ပြီး ခဲ့…ခဏအိပ်လိုက်နော်…ဒါမှ နည်းနည်း လန်းသွားလိမ့်မယ်…အခု ခဲ့ကြည့်ရတာ သိမ်နွမ်းနေတယ်"

ကိုက…ပြောပြောဆိုဆို…သတိကာနဲ ပွေ့ချီလိုက်ပါသည်။ ခဲ့ကတော့…ယောက္ခမနဲ့ယောက်မရှေ့မှာမို့ ရှက်ပြီးခေါင်းမဖော်ရဲပါ။





"ဟဲ့…သား…သတိထားတက်ဦး၊ နေ…နေ…ပစ္စည်း တွေ ဆွဲမနေပါနဲ့…နှစ်ဦး လိုက်ဆယ်ပေးမှာပေါ့…သားရဲ့၊ သမီးငယ် ဒီမှာ လာသယ်ပြုပေးလိုက်ပါဦး…သမီးအစ်ကိုက စိတ်မြန်လက်မြန် နဲ့ ပစ္စည်းတွေပါ…ကောက်သယ်နေပြီ…"

ခဲ့သည်…နွေးထွေးသောရင်အုံတစ်ခုကို ခေါင်းမှီရင်း… ခဲ့…သိပ်မျှော်မှန်းလိုက်ဖူးသော အိမ်ဂေဟာတစ်ခုကို ပြန်လာရခြင်း အတွက် ကျိတ်ဝမ်းနည်းနေခဲ့လေသည်။

●●●



www.burmeseclassic.com

(၄)

ရှည်သည်…အိမ်ပြန်ရောက်ပြီးတာတောင် ဆက်တိုက်လိုလို အဖျားဝင်လာလိုက်…ဆေးသောက်၊ ဆေးထိုးလိုက်လျှင် ပျောက်သလို ဖြစ်လိုက်နှင့် သိပ်ထူထူထောင်ထောင်ကြီး ဖြစ်မလာဘဲ တ ၊ ဂင် ရောင် နေကောင်းဖြစ်လေရာ…ခဦ္ဌဆေးဖိုးက နှစ်သစ်…ကျိတ်စု ထားသောငွေကို…ကုန်သွားစေသည်။

ထို့အပြင် သူလဲ ခဦ္ဌကို အနီးကပ်စောင့်ရှောက်ဖို့ အချိန်ပို ပေးရသဖြင့် ကားလဲ…သိပ်မဆွဲနိုင်လေရာ…ဝင်ငွေက တော်တော် ကို နည်းလာခဲ့သည်။





ခဦ္ဌကိုလဲ မပြောရက်ပါ။ ခဦ္ဌဆေးခန်းပြဖို့တွေဆိုလျှင်… သူက…အထူးကုဆရာဝန်ကြီးများနှင့်ပဲ ပြစေကာ အထူးကုဆေးခန်း ကောင်းကောင်းလေးတွေပဲ ခေါ်ခေါ်သွားတတ်ရာ…အဲ့ဒီစရိတ်အပြင် ငွေသောက်ရဖို့ ဆေးကို…ညွှန်းတိုင်းလဲ သူက ဈေးအကြီးဆုံးဆေး တွေပဲ…ရွေးဝယ်သဖြင့် ပိုက်ဆံက…တော်တော့်ကို အကြပ်အတည်း ဖြစ်လာသည်။

ခဦ္ဌကလဲ ဒါကို မပြောဘဲ ရိပ်မိလာသည်။ ကိုက…ကားကို နေ့တစ်ဝက်လေးလောက်သာ သွားဆွဲပြီး…ခဦ္ဌအနားမှာ အချိန်တော် တော်များများနေလေရာ ခဦ္ဌဆေးဖိုးဝါးခနဲ့ ဝင်ငွေနဲ့ ဘယ်လိုမှ မမျှ တနိုင်တာကို…သူမ တွက်မိပါသည်။

ခဦ္ဌ…ကိုကို ငေးကြည့်ရင်း…တိုးတိုးမေးလိုက်ပါသည်။

"ကို…ပိုက်ဆံ လောက်ရဲ့လားဟင်"

"ခဦ္ဌ…ခေါင်းထဲမှာ ဘာမှမတွေးပါနဲ့ကွာ…ခဦ္ဌ အဲဒီလို လျှောက်တွေးနေလို့လဲ ခဦ္ဌ…စိတ်ပင်ပန်းပြီး…ကောင်းကောင်း ကျန်းမာလာတာ…"

"မတွေးပါဘူး ခဦ္ဌ…ကုန်ကျစရိတ်တွေကို မှန်းမိပြီးမေး တာပါ။ ခဦ္ဌကို မပြောဘဲမနေပါနဲ့ ကိုရယ်။ ခဦ္ဌဆီမှာ ရွှေလေးတွေ

www.burmeseclassic.com

ကျန်သေးတာပဲ…အဲဒါပဲရောင်းပြီး သုံးတာပေါ့"

"မဟုတ်တာ…မသုံးပါဘူး။ ကို…ကြိုးစားပြီး ရပ်တည်ရမှာပေါ့"

"ခွဲ့ဆေးဖိုးအတွက် သုံးတာပဲ…ဘာကြောင့် မသုံးဘဲ နေရမလဲ…ခွဲ…နေမှမကောင်းတာ…အဲဒါတွေလဲ မဝတ်နိုင်ဘဲ ချွတ်ထားရတာပဲ…ဝတ်လဲမဝတ်ချင်တော့ဘူး၊ မက်လဲ မမက်မော တော့ပါဘူး ခွဲ…အခု…အဖြစ်ချင်ဆုံးအရာကတော့ ကောင်းကောင်း ကျန်းမာလာချင်တာပဲ…ဘာမှကို…မလိုချင်ဘူး၊ အရင်ကလို…ထူထူ ထောင်ထောင် ပြန်ဖြစ်ချင်တာပဲ လို့ချင်တယ်"

"အေးကွာ…ကိုလဲ ခွဲ့ကို…ကျန်းမာစေချင်တာပေါ့ ပိုက်ဆံရှိရှိ၊ မရှိရှိ…ခွဲ ကျန်းမာရေးကောင်းမယ်ဆိုရင် ကိုတို့… ရှိတာလေးနဲ့ ပျော်အောင်နေလို့ရတာပဲနော်…၊ ကိုနဲ့ နေရတာ…ခွဲ ပျော်တယ် မဟုတ်လား"

"ပျော်တာပေါ့…"

အမှန်တော့ အဲဒီစကားဟာ တကယ့်စိတ်ရင်းအမှန်နဲ့ ပြော သလား၊ ဟန်ဆောင်စကားလားဆိုတာ ခွဲ…ကိုယ့်ကိုကိုယ် မသိပါ၊

ထို့အတူ နှစ်သစ်သည်လည်း ခွဲ့ရင်ထဲက စိတ်ရင်းအမှန်





ပြောတာဟုတ်ရဲ့လားဆိုတာကို…သံသယစိတ်တော့…ဖြစ်နေခဲ့ပါ သည်။

ခွဲ…သူ့ကို တကယ်ချစ်သည်ဆိုတာတော့ ခံစားရှုရသော် လည်း ခွဲဟာ ဒုက္ခတွေ၊ အခက်အခဲတွေ၊ ရုန်းကန်ရမှုတွေ၊ သောက တွေကိုတော့ ခံနိုင်ရည်မရှိနိုင်ဘူးဆိုတာ…နှစ်သစ် အလိုလိုခံစားပြီး သိနေခဲ့သည်။

သူတို့လင်မယားကြား၊ သူတို့ ချစ်သူနှစ်ဦးကြားမှာ အချစ် တစ်ခုက တည်တည်တံ့တံ့ရှိနေခဲ့ပေမဲ့…အဲဒီအချစ်ဟာ ဒုက္ခတွေကို တော့ ကြံ့ကြံ့မခံနိုင်ဘူး ထင်ပါရဲ့…။

အချစ်စစ်…အချစ်မှန်ဆိုတဲ့စကားကို…သေသေချာချာ သူတို့…မသိကြခင်မှာပဲ…သူတို့ဟာ အချစ်တစ်ခုတည်းကိုကြည့်ပြီး ဘဝတစ်ခုကို ထူထောင်ခဲ့ကြသူတွေပဲ ဖြစ်လေသည်။

နှစ်သစ်သည်…သူနဲ့ခွဲ့ကြားမှာ မြဲမြံသောကြိုးလေးတစ်ကြိုး ဖြစ်မယ်…အဲဒီကြိုးဟာ သားသမီးဆိုတဲ့ကြိုးလေးပဲဟု မကြာခဏ တွေးပြီး…ခွဲ့ဗိုက်ထဲမှာ ကလေးရှိနေတုန်းက တော်တော့်ကို ပျော်နေ ခဲ့ပါသည်။ ကလေးသေသွားသည်နဲ့ ခွဲဟာ သူတို့ရဲ့ကမ္ဘာတစ်ခုကို တော့…ကျောခိုင်းသွားမှာ မဟုတ်ဘူးဟု ယုံကြည်နေခဲ့ပါသည်။


www.burmeseclassic.com

သို့သော်…မမျှော်လင့်ဘဲ…ကလေးက ပျက်ဆီးသွားသည် နောက်ထပ် ကလေးယူဖို့ကလဲ ခင့်ကျန်းမာရေးအခြေအနေ စိတ်ချရ ယူသင့်သည်ဟူ၍…ဆရာဝန်တွေကပင်…အကြံပေးထားလေရ ချက်ချင်းလဲ ဘယ်လိုမှ ယူ၍မရနိုင်။

ခင်ကလဲ စိတ်ထောင်းကိုယ်ကြေပဲ ခေါ်ရမလား မသိပါ တရှောင်ရှောင်နဲ့ ပြန်ပြီးထူထောင်လာတယ်ရယ်မရှိ…ဖြစ်နေခဲ့ပါသည်

ခင့်မိဘတွေကတော့…တစ်ပတ်ဆယ်ရက် တစ်ခါလော သမီးဖြစ်သူကို လာကြည့်ပြီး စားစရာမုန့်၊ သောက်စရာ ဟောလ မိုင်လို စသည်တွေ ဝယ်ဝယ်လာပေးပါသည်။

"ခင့်…ဖေဖေ၊ မေမေတွေ…ယူယူလာပေးတာကို… လက်မခံချင်လို့တော့ မဟုတ်ပါဘူးကွာ၊ ဒါပေမဲ့…သူတို့ အဲဒါတွေ ဝယ်လာရင် လက်ခံထားရတာ စိတ်ထဲမှာ တစ်မျိုးကြီးပဲကွာ…

သံယောဇဉ်က…နှစ်သစ်ဧါမျက်လုံးတွေကို စိုက်ငေးရင်း…

"ဘာဖြစ်လို့လဲ…ဒါ ခင့်အတွက်…ဝယ်ပေးတာပဲ…

"ကိုက…မိန်းမတစ်ယောက်ကို သောက်ငှစုံလင်အောင် ဝယ်မကျွေးနိုင်လို့၊ မပြည့်ဆည်းပေးနိုင်လို့ မိဘတွေက ဝိုင်းထောက် ကျွေးမွေးရသလို ဖြစ်နေတယ်၊ ကို…အဲဒါကို လိပ်ပြာမသန့်သလို ခံစားရတယ်"





"ကိုကလဲ…သိပ်အတွေးခေါင်တာပဲ၊ ဖေဖေနဲ့မေမေစိတ် ထဲမှာ ဘာမှတောင်မရှိဘူး၊ သူတို့က ခင့်ကို သနားနေတာပါ…သူတို့ စိတ်ကူးထဲမှာ သူတို့ရဲ့သမီး အတွေးဆုံးလေးဟာ ဒီလိုပုံစံနဲ့…နေရ လိမ့်မယ်လို့…တွေးတောင်မတွေးမိခဲ့တာမို့…ယူကြုံးမရဖြစ်ပြီး ခံစား နေရတာ ခင် သိတယ်၊ ခင်ကလဲ မိုက်ခဲ့တယ်လေ…"

"ခင်…ဒီလိုမျိုး မနေချင်ဘူး မဟုတ်လား"

သံယောဇဉ်သည် ဒီတစ်ခါတော့ ညာမနေတော့ဘဲ အမှန် အတိုင်း ဝန်ခံလိုက်မိသည်။

"ဟုတ်တယ်…ခင်…ဒီလိုနေရာမျိုးမှာ မနေချင်ဘူး။ ခင် တခြားမှာ ပြောင်းနေချင်တယ်…ကိုရယ်…ဒီရပ်ကွက်က မိုးလင်းက မိုးချုပ် ဆူညံပြီး တစ်နေ့မှာ ရန်ပွဲတစ်ပွဲမရှိတဲ့နေ့ရက်လို့ မရှိဘူး။ ယောကျ်ား၊ မိန်းမ၊ ကလေးတွေ အကုန်လုံးကလဲ သိပ်အောက်တန်း ကျတာပဲ…ဆဲတာ တစ်ခွန်းမပါဘဲ စကားမပြောတတ်ကြဘူး ယင်ပါ ရဲ့၊ ဖေဖေ၊ မေမေတို့လာရင်…ကိုလတ်တို့ မဏာဏာတို့လာရင် သူတို့ အဲဒီအသံတွေကြားပြီး စိတ်ပျက်ကြတာ မြင်ရတိုင်း ခင် ရှက်မိ တယ်၊ ခင်တို့ ငွေကြေးမပြည့်စုံရင် နေပါ။ နေရ၊ ထိုင်ရတဲ့ နေရာ အသတော့ ကောင်းကောင်းမွန်မွန်လေး ဖြစ်ချင်တယ်…ခင်…ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com

မနေချင်ဘူး၊ ကိုနဲ့နေရတာမို့ ပျော်ပေမဲ့ ဒီရပ်ကွက်ထဲမှာနေရတဲ့ဘဝ
ကိုတော့ မပျော်နိုင်ပြန်ဘူး"

ပြောမယ့်ပြောတော့လဲ ခြဲ့က မနားတမ်း၊ မမောတမ်း
တောက်လျှောက် ပြောလိုက်လျှင် နှစ်သစ် ရင်မောသွားရပါသည်၊

"ကို...အဲဒီ့အတွက် ပိုက်ဆံကျိတ်စုထားခဲ့ပါတယ်...ခြဲ့
ကားမောင်းရင်း တစ်ခါတလေ ပွဲစားဝင်လုပ်လို့ရတဲ့ပိုက်ဆံလေးတွေ
ခြဲ့က မုန့်တွေ၊ လက်ဖက်ရည်တွေ ဝယ်စားချင်ရင်...ဝယ်စား
ကို့ အိတ်ထဲထည့်ပေးလိုက်တဲ့ ပိုက်ဆံလေးတွေ...ချွေတာပြီး စုစုထား
ခဲ့တာ...ခြဲ့ကိုတောင် မပြောဘူး။ တစ်နေ့ကျမှ...ခြဲ့ကို အံ့သြဝမ်း
သာသွားစေချင်လို့ ခြဲ့နေချင်တဲ့နေရာမျိုးမှာ ငှားဖြစ်တဲ့အိမ်ကို ခေါ်
သွားမယ်ဆိုပြီး စိတ်ကူးယဉ်ခဲ့တယ်...။

ဒါပေမဲ့...ခြဲ့ ခုလိုကြီး ရုတ်တရက်...ထဖြစ်တော့ အဲ
ပိုက်ဆံလေးတွေကို အကုန်ထုတ်သုံးလိုက်ရတယ် ခြဲ့ရယ်...။ အခု
ဝင်ငွေလဲ တော်တော်လေး နည်းနေတော့ တခြားရပ်ကွက်ကောင်း
ကောင်းတစ်ခုကို ပြောင်းနေဖို့ဆိုတာ တော်တော်ဝေးသွားပြီ...ကို
စိတ်မကောင်းပါဘူး"

"ဒါဖြင့် ခြဲ့တို့ဘဝက...ဒီလိုပဲ အမြဲနေရတော့မှာလား




www.burmeseclassic.com

ဟင်...ကိုကရော ဒီကားမောင်းတဲ့အလုပ်ကို တစ်သက်လုံး လုပ်
တော့မှာလား...အဲဒီအလုပ်နဲ့ပဲ ရပ်တည်တော့မှာလား...တခြား ဘာ
အလုပ်ကိုပြောင်းဖို့ စိတ်ကူးထားသေးလဲဟင်"

သံယောဇဉ်သည် အားလျော့သလို အသံတိုးညှင်းဖျော့
တော့စွာပင်...မေးလိုက်မိပါသည်။ သူမကိုယ်တိုင်ကလဲ...အဝေးသင်
တက္ကသိုလ်မှာ တတိယနှစ်ကျောင်းသူဖြစ်နေဆဲ...ဘွဲ့လဲမရသေး။
ဘာအလုပ်အကိုင် လုပ်ရမလဲဆိုတာလဲ...ခေါင်းထဲမှာပင်...မရှိသေး။

မိဘတွေနဲ့...နေတုန်းကတော့...ဘွဲ့ရပြီးရင် ဟိုလူ့အဆက်
အသွယ်၊ ဒီလူ့အဆက်အသွယ်တွေနဲ့...ကုမ္ပဏီကောင်းကောင်းတစ်ခု
မှာ ဖြစ်ဖြစ်၊ ဟိုတယ်လ်တစ်ခုမှာ ဖြစ်ဖြစ် ဝန်ထမ်းဝင်လုပ်ချင်လဲ...
ရသည်။ ဝန်ထမ်းမလုပ်ချင်ရင်လဲ...မေမေ စိတ်ကူးထားသလိုပဲ...
ပလာဇာတစ်ခုမှာ...ဆိုင်ခန်းတစ်ခန်းငှားပြီး ဆိုင်ဖွင့်ချင်ရင်လဲ...ဖြစ်
သေးသည်။

အခုကျတော့...ကိုယ်က ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး
ထိုယ့်အိမ်ထောင် ကိုယ်ထူထောင်၊ ကိုယ့်သဘောနဲ့ကိုယ်...လုပ်ချင်
ရာလုပ်မိခဲ့သည်မို့...မိဘအကူအညီကို ဘာမှလဲ မမျှော်လင့်ရဲ။
တောင်းလဲ မတောင်းရဲပါ။


www.burmeseclassic.com

www.burmeseclassic.com

"ကိုလဲ…ဇွဲ တွေးသလို တွေးပါတယ်၊ အငှားကားမောင်းတယ်ဆိုတာက…ခုလောလောဆယ်…စားဝတ်နေရေး ပြေလည်ရုံလောက်ပဲ…မှန်းပါတယ် ဇွဲရယ်။ ဘဝတစ်ခုလုံးအတွက် ခိုင်ခံ့တဲ့ အလုပ်တော့ ရှိရမယ်ဆိုတာကို နားလည်ပါတယ်…"

"ဇွဲလဲ…အလုပ်တစ်ခုခုတော့ လုပ်မှဖြစ်မယ် ထင်တယ်"

"ဟာ…နေဖြင့် မကောင်းသေးဘဲနဲ့"

"ဇွဲ…နေကောင်းလာရင်…အလုပ်လုပ်မယ်လေ…။ ကိုခွင့်ပြုရမှာပေါ့"

"ဇွဲက ဘာအလုပ် လုပ်မှာလဲ"

"တစ်ခုခုပေါ့…ကုမ္ပဏီမှာ အလုပ်လိုက်လျှောက်ကြည့်မယ်၊ ဒါမှမဟုတ်… Shopping Centre တွေမှာ အရောင်းစာရေးမခေါ်ရင်လဲ…ဝင်လျှောက်မယ်…အလုပ် တွက်လုပ်မှ ဖြစ်မယ်…ကို။ ကိုလဲ…အခုလောလောဆယ်…အငှားကားမောင်းတဲ့အလုပ်ကို ဆက်လုပ်…ချွေတာသုံး…ပိုက်ဆံစု…ဇွဲလဲ…ပိုက်ဆံရှာမယ်…စုမယ်လေ၊ ဇွဲတို့ ကလေးလဲ…မယူသေးဘဲနေမှာပေါ့၊ ရစ်ကွက်ကောင်းကောင်း၊ အိမ်ကောင်းကောင်းလေးကို ပြောင်းနေနိုင်တဲ့အထိ ကြိုးစားကြတာပေါ့…"





"ကိုက…ဇွဲ…နေကောင်းသွားပြီး…အားပြည့်လာပြီ၊ ကျန်းမာရေးလဲ စိတ်ချရပြီဆိုရင်…ကလေး ယူနိုင်းတော့မလို့"

"ကလေး…ထပ်မယူသေးပါဘူး…ဇွဲတို့ ငယ်သေးတာပဲ ကလေးက ဘယ်အချိန်ယူယူ ရပါတယ်…။ ကိုယ့်ဘဝကိုယ် အခြေအကျဖြစ်ပြီး…စီးပွားရေးအခြေအနေလဲ စိတ်ချရမှ…ကလေးယူတာကောင်းပါတယ်…။ အဲဒီကျတော့ မွေးလာတဲ့ကလေးလဲ…ဘာလိုအပ်သလဲ…လိုအပ်ရင်…ချက်ချင်းဝယ်ပေး၊ ပြုပေးနိုင်တာပေါ့…ဘာမှမပြည့်စုံသေးဘဲ…အဆင်သင့် မဖြစ်သေးဘဲ…ကလေးယူရင် သိပ်ဒုက္ခရောက်ရမှာ။ အခု ရှိခဲ့တဲ့ကိုယ်ဝန်တောင် ဇွဲတို့မှားခဲ့ကြလို့ သွားတာမို့ ကလေးမွေးလာရင် တော်တော့်ကို ဒုက္ခကြုံရမယ်ဆိုပြီး ခံ့ အမြဲတွေးပူနေခဲ့တယ် ဇွဲ… ကလေးတွေကို ချို့ငဲ့ဆင်းရဲတဲ့ဘဝ ထဲကို…မခေါ်လာချင်ဘူးလေ…"

နှစ်သစ်သည် ဇွဲ့အတွေးအခေါ်တွေကို နားထောင်ပြီး… ငြိမ်နေမိသည်။

ဇွဲနဲ့ ယှဉ်ပြိုင်ပြီး အငြင်းအခုန် မဖြစ်လိုပေမဲ့ သူကတော့… သူတို့ကြားမှာ ခိုင်မြဲ၊ မြဲမြံအောင် ချည်နှောင်နိုင်မဲ့ ကလေးလေးတစ်ယောက်ကို…သိပ်လိုချင်နေခဲ့ပါသည်။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com



ခိုင်သည်…ဆေးရုံမှဆင်းလာပြီး…ခြောက်လကျော် ကြာ

ထုထုထောင်ထောင် ဖြစ်လာပါသည်။

ပိန်လှီ…ဖြူဖျော့နေသော…သံယောခိုင်ဟာ တော်တော်

လဲ ကျန်းမာလာရော…အသားအရေဖြူဖြူလေးက ပြန်ပြီးဖြူ

စိုပြည်လာပြီး ပြန်ပြည့်လာ၍…အင်မတန်မှ…ကြည့်ကောင်းလာ

သည်။

နှစ်သစ်က…ကိုယ့်မိန်းမကိုယ် စိတ်မချသလို ဖြစ်နေ

ပြီး…

"အလုပ် လျှောက်မနေပါနဲ့တော့ကွာ…ခိုင် အိမ်မှာပဲနေ

ခိုင်…အရင်ကလို ပြန်လှလာတော့…ကိုယ် စိတ်မချတော့ဘူး၊ ခိုင့်

အပျိုထင်ပြီး…လိုက်ပိုးမဲ့ကောင်တွေနဲ့ ကို ပြဿနာ မဖြစ်ချင်ဘူး





ဟု…ခိုင်က…အလုပ်သွားလျှောက်တော့မလို့ ပြင်ဆင်သော

ရက်တစ်ရက်မှာ တားလိုက်မိပါသည်။

"ဒီမှာ…ခိုင့်မျက်နှာ သေသေချာချာ ကြည့်ထား…ခိုင်

ဘယ်တော့မှ…ဖောက်ပြန်မဲ့မိန်းမ မဟုတ်ဘူး။ ကို အဲဒီလိုတားတာ

ဟာ ခိုင့်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို စော်ကားလိုက်သလိုပဲ"

"မဟုတ်ဘူး…ကို…ခိုင့်ကို မယုံလို့ပြောတာ မဟုတ်ဘူး၊

ကိုက…ခိုင့်ကို အိမ်မှာအလှတွေပြင်ပြီး လှလှလေး ဗိမ်နဲ့နေစေချင်လို့

ပါ၊ အလုပ်ထွက်လုပ်ရတော့…ခိုင် ပင်ပန်းမှာစိုးလို့ပါ"

"မပင်ပန်းပါဘူး…မပင်ပန်းတဲ့အလုပ်မျိုးတွေပဲ…ရွေး

လျှောက်တာပဲ…"

"အိမ်မှာနေပြီး လုပ်ရတဲ့အလုပ်မျိုး လုပ်ပါလား၊ ဥပမာကွ

နှစ်ဦးလို အလုပ်မျိုး…"

"ခိုင် စက်ချုပ်တာ ဝါသနာမပါဘူး…အဲ့ဒီလို တစ်နေ့ရ

တည်း အကြာကြီးထိုင်လုပ်ရတဲ့ အလုပ်မျိုးလဲ မကြိုက်ဘူး၊ စိတ်ဝ

မရှည်ဘူး…ဒါကြောင့် မလုပ်တာပါ၊ နှစ်ဦးက ပြောသားပဲ…သ

သင်ပေးမယ်၊ သူနဲ့အတူ တွဲလုပ်ပါလားတဲ့၊ ခိုင်မှ အဲဒါမျိုး မလု

ချင်တာ…ခိုင်…ကုမ္ပဏီမှာပဲ လုပ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့်…ဧဉ် အခုသွားလျှောက်တော့ရော ကုမ္ပဏီတွေက ခန့်မှာ မို့လို့လား"

"တစ်ခုမဟုတ် တစ်ခုကတော့ ခန့်မှာပေါ့၊ ဧဉ်…အရင်ကတက်ထားတဲ့ ကွန်ပျူတာသင်တန်းဆင်းလက်မှတ်တွေ၊ စာရင်းကိုင်သင်တန်းလက်မှတ်တွေ၊ LCCI Level I နဲ့ II အောင်ထားတာတွေပြရင်…တစ်ယောက်ယောက်ကတော့ ခန့်ချင်လာမှာပေါ့…တော်ပါသေးရဲ့လေ။ ဖေဖေ၊ မေမေတို့နဲ့ နေတုန်းက အဲဒီသင်တန်းတွေကို ဟုတ်ဟုတ်၊ မဟုတ်ဟုတ်…သူငယ်ချင်းတွေနဲ့ အပျော်လျှောက်တက်ထားမိပေလို့ပဲ။ အခုလိုအချိန်မှာ…အသုံးဝင်လာတယ်…"

"ကဲ…ဒါဖြင့် တားမရလဲ…သွားလျှောက်တော့…ဧဉ်ဆင်းချင်တဲ့နေရာကျပြော…ကို…ချပေးခဲ့မယ်"

နှစ်သစ်နဲ့ သဲယောဇဉ်တို့ လင်မယား…နှစ်သစ်မောင်းသော 'ကက' အငှားကားပေါ်တက်ပြီး အတူတွဲထွက်လာတော့…ဒီရပ်ကွက်ရဲ့ ထုံးစံအတိုင်း ပြူးပြဲငေးမောကြည့်ကြသေသည်။

သူတို့အတွက် ကွယ်ရာမှာ အတင်းပြောစရာ ဖြစ်နေမလား။

သဲယောဇဉ်ဆိုတဲ့ နှစ်သစ်မိန်းမဟာ နေတော့ ဘာမှသာမဟုတ်တယ်၊ သိပ်မာနကြီးတာပဲ…ဒီရပ်ကွက်က လူတွေကို မပြုံး





ပြနိုင်၊ မရယ်ပြနိုင်၊ မနှုတ်ဆက်နိုင်တာနဲ့…မျက်နှာက ချိုနေတာ။ ဒီလိုမျိုးတွေ အတင်းပြောကြမယ်ဆိုတာကို…ဧဉ်…အလိုလိုကြားယောင်နေပါသည်။

ဧဉ်ကလဲ ဧဉ်ပင်…။ ဒီရပ်ကွက်က လူတွေရဲ့စရိုက်ကို ကြိုက်တာနဲ့ပဲ…ဒီမှာနေတာဖြင့်…တစ်နှစ်ပြည့်တော့မယ်…ဘယ်သူ့ကိုမှ ခေါ်ခေါ်ပြောပြော သိပ်မလုပ်ဘဲ…သီးသန့်ကြီးလိုပဲ…နေမိပါသည်။

ကိုယ်နဲ့ သူတို့တွေနဲ့ အဆင့်အတန်းချင်းမှ မတူဘာ…ဘာခေါ်ပြော ဆက်ဆံနေစရာလိုလဲ။ ကိုယ်တောင် ကုသိုလ်ကံဆိုးလွန်းလို့ ဒီလိုအဆင့်အတန်းထဲမှာ နေနေတဲ့ယောက်ျားကို ယူမိခဲ့တာပေမဲ့…ကိုယ့်ယောက်ျားကတော့ သူတို့လိုမဟုတ်ဘဲ…အပြောအဆို ယဉ်ကျေးပြီး အနေအထိုင်…အဆင့်အတန်းရှိပေလို့…ဖြေသာရပါသေးတယ်…။

ဧဉ်…ပြပေးသောနေရာတွင် နှစ်သစ် ကားရပ်ပြီးလျှင်…

"ကို…စောင့်နေရမလား ဧဉ်…"

"မစောင့်ပါနဲ့ ရပါတယ်…ဧဉ်ဘာသာ ပြန်မယ်၊ ကိုကအလုပ်လုပ်ဖို့…ထွက်လာတာလေ…ဧဉ်…အလုပ်အင်တာဗျူးဖြေဖို့လိုက်ပို့၊ လိုက်ကြို လုပ်ပေးရမှာမှ မဟုတ်တာ"


www.burmeseclassic.com

www.burmeseclassic.com

"ခဉ်…ဘတ်(စ်)ကား သိပ်ကြပ်ရင်…စောင့်စီးမနေနဲ့နော်
ကို…ခဉ်…ပြီးနိုင်မဲ့အချိန်လောက်မှန်းပြီး ဒီဘက်တစ်ခေါက်တော
လှည့်ကြည့်မယ်…အကယ်၍ ကိုတို့မဆုံကြလဲ…ခဉ် အငှားကား
မဲ့အိမ်ပြန်နော်"

"စိတ်ချပါ…"

နှစ်သစ်သည်…သူ…ချစ်မြတ်နိုးရသော ဖနီးသည်လေး
တက်ကြွနေမှုကို…မတားလိုတော့၍သာ…အလုပ်လျှောက်ဖို့ ခွင့်
ပေးလိုက်ရတာ ဖြစ်ပါသည်။

အမှန်တကယ်တော့ ခဉ်ကို အိမ်မှာ စိမ်နေနိုင်းပြီး…သူ
ရှာကျွေးချင်ပါသည်။ သူ့မှာသာ ပိုက်ဆံအများကြီးရှာနိုင်တဲ့…အလ
မျိုး ရှိနေခဲ့ရင် ဘယ်လောက်ကောင်းမလဲ။ ခဉ်က…အိမ်မှာ ကလေ
တွေမွေး၊ ပြုစုစောင့်ရှောက်ရုံပဲ…သူက အိမ်ထောင်တစ်ခုလုံး
လောက်ပြည့်စုံအောင် ပိုက်ဆံရှာပေး။ ဘယ်လောက်ကောင်းတဲ့
စိတ်ကူးလဲ။

နှစ်သစ်ကတော့ ချစ်ဖနီးလေး အလုပ်အင်တာဗျူးဖြေရာ
ကို စိတ်တထင့်ထင့်ရှိလှပေမဲ့…ဒီနေ့မှ ဘယ်လိုဖြစ်တယ် မသိ
ကားကလဲ အငှားသွက်လှကာ ငှားတဲ့လူတိုင်းကလဲ သိပ်ဝေးဝေး





တွေ ငှားကြတာ မဟုတ်သလို…သူ့ပါးစပ်မှ…တောင်းချလိုက်သော
ဈေးကိုလဲ…မဆစ်ဘဲ အလွယ်တကူလက်ခံပြီး ငှားကြသူတွေချည်း
ကြုံနေရပြန်ရာ…ကားကိုဂိတ်ထိုးပြီး…ဖနီးသည်လေး…သံယောဇဉ်
အကြောင်း တွေးချင်တာတောင် ကောင်းကောင်း…တွေးခွင့်မကြုံပေ။

ထိုအချိန်မှာ သံယောဇဉ်ကတော့…အင်တာဗျူးခေါ်ထားသူ
ငါးဦးထဲမှာ…သူမအလှည့်ရောက်ဖို့ကို…ခေါင်းတဆန့်ဆန့် တမျှော်
မျှော် ထိုင်စောင့်နေခဲ့ပါသည်။

ဆေးကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး…အဆောက်အဦးရော…
ဝန်ထမ်းတွေရော…သားနားအဆင့်မြင့်လှသဖြင့်…ဒီအလုပ်ကို…
သံယောဇဉ်…အရမ်းလိုချင်နေပါသည်။

ဇဉ်…ထိုင်စောင့်နေချိန်တွင်…ဇဉ်အနီးကို လူရိပ်တစ်ရိပ်
ရောက်လာပါသည်။

"သမီး…ဘာလာလုပ်တာလဲ"

"ဟင်…ဖေဖေ"

"အလုပ် လာလျှောက်တာလား သမီးလေး"

"ဟုတ်တယ် ဖေဖေ"

"သမီးရယ်…ကျန်းမာလာတာဖြင့်…မကြာသေးဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ဘာလို့ အလုပ်ထွက်လုပ်ရတာလဲ…အိမ်မှာ ကောင်းကောင်းနားနေရောပေါ့…"

"မေမေ…ဥဉ်…အလုပ် လုပ်ချင်လို့ပါ"

"ဒါ…မေမေ့သူငယ်ချင်းရဲ့ ကုမ္ပဏီပဲ၊ သမီး အလုပ်ရချင်ရင်…အင်တာဗျူးတောင် ဖြေစရာမလိုပါဘူး…မေမေ…ပြောပေးရုံပဲ"

"ဟုတ်လား"

ဥဉ်အသံမှာ ဝမ်းသာရိပ်တွေ စွက်နေပါသည်။ ဥဉ်…ဒီလို အလုပ်သိပ်လိုချင်နေတဲ့ အချိန်မှာ…ဒီစကားကြားရတာမို့…ရင်ထဲမှာ လှိုက်လှဲပြီးတောင်…ဝမ်းသာနေသည်။

"သမီး…ဒီမှာ ဆက်ထိုင်မနေနဲ့…မေမေနဲ့ အိမ်ပြန်လိုက်လာပြီးတော့ နားနေ…မေမေ…သူငယ်ချင်းကို သွားပြောလိုက်ရင် အလုပ်ရမှာပါ"

"သေချာရဲ့လား မေမေ"

"သမီး ဘာဖြစ်နေလဲ…ပိုက်ဆံသိပ်လိုနေလို့ အလုပ် အရမ်းလိုချင်နေတာလား…ဟုတ်လား"

ဥဉ်…မဖြေမိ။ ခေါင်းငုံ့နေမိသည်။





"ထင်တော့ ထင်သားပဲလေ…သမီးကို ဒီလောက်အချိန်အကြာကြီး ဆေးကုလိုက်ရတော့…ဟိုကောင်လဲ…ပိုက်ဆံကုန်သွားတာကို လန့်သွားရောပေါ့…ရွှေသိပ်ကြိုက်တဲ့ ငါ့သမီးလဲ…နားကပ်လေးတစ်ရံကလွဲရင်…ဘာမှမရှိတော့ဘူးဆိုတာ ကြည့်ရုံနဲ့ သိပါတယ်ကွယ်၊ ဆေးကုရလွန်းတော့လဲ…ပိုက်ဆံကုန်တယ်ဆိုပြီး ယောကျ်ားက ငြိုငြင်လွန်းလာတော့ သမီး အလုပ်ထွက်လုပ်ရပြီ မဟုတ်လား"

"သူ…မလုပ်နိုင်းပါဘူး…ဥဉ်…အလုပ် လုပ်ချင်လို့ ခွင့်ပြုလိုက်ရတာပါ…"

မေမေက…ဘာမှဆက်မပြောတော့ဘဲ…ဥဉ်ကို သူနဲ့ ထလိုက်လာဖို့ မျက်ရိပ်ပြခေါ်ပါသည်။ ပြီးတော့…အခန်းတစ်ခုအတွင်း ဝင်သွားပြီးမှ ဆယ်မိနစ်လောက်ကြာတော့ ပြန်ထွက်လာသည်။ မေမေနဲ့အတူရွယ်တူ လူကြီးတစ်ယောက်ပါ အပြင်ထွက်လိုက်လာလေသည်။

"ဒါက…သမီးအငယ်ဆုံးလေ…သူက ဒီနေ့ အင်တာဗျူးခေါ်ထားလို့ လာဖြေတာဗျ…"

"ဟုတ်လား…သမီးအငယ်ဆုံးတောင် တော်တော်ကြီးပြီပဲ။ ဘျှန်တော့်ကောင် အငယ်ဆုံးကမှ…အခု…ဆယ့်ငါးနှစ်၊ ဆယ်တန်း



www.burmeseclassic.com

www.burmeseclassic.com

လေ…စာမေးပွဲအောင်ဖို့ မနည်းတွန်းနေရတယ်၊ အောင်ရင်…သူ လုပ်ချင်တဲ့ Hip-Hop တစ်ခွေ ပေးလုပ်ပါ့မယ်လို့ ကတိပေးထား ရတယ်ဗျ…။ ကလေးတွေက အဲဒါပဲ ရူးနေကြတယ်"

"ကောင်းပါတယ်…အောင်မြင်သွားရင်လဲ ပိုက်ဆံတွေ သိမ်းကြုံးဝင်တာပေါ့"

"ဒါနဲ့ သမီးရဲ့ Resume (ရီဇူမီ)လေး အန်ကယ်လ့်ဆီ ထားခဲ့လေ…ဟုတ်ပြီလား…"

"ဩော်…ဟုတ်ကဲ့…ကျေးဇူးပါပဲ အန်ကယ်လ်…"

ဧဉ်သည် ကုမ္ပဏီ၏ အရေးပါအရာရောက်သော လူကြီး တစ်ဦးထံသို့ သူမ၏စာရွက်ထပ်လေး ပါသွားသောအခါ…ကျေနပ် ဝမ်းသာသွားပါသည်။

ထိုနေ့က…ဧဉ်သည် မေမေနဲ့အတူ အိမ်သို့ပြန်လိုက်ခဲ့ပြီး… မိဘတွေနဲ့ အလွမ်းသယ်ကာ တစ်နေကုန် နေခဲ့ပါသည်။

ညနေတော်တော်ကြီး စောင်းမှပဲ…အိမ်ကကားနဲ့ လိုက်ပို့ ပေး၍ ဧဉ်…မနေချင်သောနေရပ်တစ်ခုဆီ…ပြန်လာခဲ့ရသည်။

❁❁❁





"မေမေက…ပြောတယ်လေ…သမီးအငယ်ဆုံးလေးမို့ အချစ် ပိုထားတာ သူတို့…မမျှော်မှန်းထားတဲ့အဖြစ်မျိုး လုပ်လိုက်တော့ … ဂရုဏာဒေါသောနဲ့…အစတော့ ပစ်ထားလိုက်မိတာပါတဲ့…။ အခုကျတော့ ဖြစ်ပြီးမှ…မထူးတော့ပါဘူး။ ကိုယ့်သားသမီး ကိုယ်မှ ပြန်မကြည့်ရင်…သူ ဘယ်သူ့သွား အားကိုးရှာမလဲပေါ့ …။ အဲဒီလို နေ့တိုင်းတွေးပြီး စိတ်တွေဆင်းရဲနေတာတဲ့လေ…။ အခု…ဧဉ် အလုပ် ဘာကြောင့်ပျောက်ရသလဲဆိုတာ မေးတော့မှ…အကြောင်းစုံသိရပြီး


www.burmeseclassic.com

www.burmeseclassic.com

...သနားသွားတယ်။ အဲဒါနဲ့ ချော့ကို သူတို့နဲ့နီးတဲ့ လမ်းတစ်ခုထဲမှာ အိမ်ငှားပေးမယ်တဲ့...အဲဒီ့ကိုပြောင်းနေပေါ့တဲ့...''

သံယောဇဉ်က...တက်ကြွစွာ ပြောပြပါသည်။ နှစ်သစ်သည့် သူ့ပခုံးတွင် ခေါင်းမှီလဲရင်း အသံတွေထဲမှာ...တက်ကြွမှုတွေ...ပါနေသည့် ချော့မျက်နှာ၏ လန်းဆန်းမှုကို...လေ့လာမိပါသည်။

ဒီလို လန်းဆန်းတက်ကြွမှုမျိုးကို...သူနဲ့လက်ထပ်ပြီး အတူတူ နေခွင့်ရပြီးကတည်းက ချော့မျက်နှာမှာ မတွေ့ရတာ တော်တော်ကြာပြီပဲ။ ရှည်းစားဘဝတုန်းကတောင်...ချော့က အမြဲတမ်း လန်းဆန်းတက်ကြွပြီး မာနလေးတလှလှနဲ့။ ဘာကို မာနကြီးမှန်းမသိ ကြီးနေတတ်တာ...။ တော်ရုံတန်ရုံလူဆို အလိုလိုအထင်မကြီးတတ်တဲ့ စိတ်ကလေးလဲရှိမှန်း၍လေ့လာမိတာမို့...သူတောင် ချော့ကို...လိမ်ညာခဲ့မိတဲ့ အထိပါပဲ။ သြော်...ကြည့်စမ်းပါဦး။ ချော့က...ငါနဲ့ ဒီလိုနေရတဲ့ဘဝကို တော်တော်စိတ်ပျက် အားငယ်နေခဲ့တာပဲ။ ငါ အခုမှ သိတယ်။

ချော့က...အခုတော့ မိဘထောက်ပံ့မှုနဲ့ သူနေချင်တဲ့နေရာမျိုးမှာ နေခွင့်ရတော့မှာမို့ အရင်က ပျောက်ဆုံးနေခဲ့တဲ့ လန်းဆန်းတက်ကြွမှုတွေ ပြန်ဝင်လာခဲ့ပြီပေါ့။





''ကို...ချော့ ပြောပြတာကို လက်ခံတယ်မဟုတ်လားဟင်''

ချော့သည် အေးတိအေးစက်ရှိလှသော ခင်ပွန်းသည်၏ မေးစေ့ကို ဆွဲလှုပ်ရင်း မေးလိုက်မိသည်။

ချော့...ဒီနေ့ ဘယ်လောက်ပျော်နေမိလဲ သူ မရိပ်မိဘူးလား။ ချော့ လိုချင်တဲ့အလုပ်လဲရတော့မယ်။ ဖေဖေ၊ မေမေတို့ အကူအညီနဲ့ ချော့...နေချင်တဲ့နေရာမျိုးမှာပဲ နေရတော့မယ်...ဘယ်လောက်ပျော်ဖို့ကောင်းလဲ။ မိဘတွေရဲ့ ကျေးဇူးကတော့ ချော့အတွက်ဆိုရင် ဘယ်လိုမှ ဆပ်လို့မကုန်နိုင်တော့ဝါဘူး။

''အိမ်ခန်းလေးကို ချော့တော့ ဖေဖေတို့ လိုက်ပြလို့ အပြင်ဘက်ကပဲ ကြည့်ပြီးပြီ...ကြည့်ရတာ အပြင်ပန်းနဲ့တင် ကြိုက်နေပြီ သိလား...သိပ်လဲမမြင့်ဘူး...နှစ်လွှာမှာ အခန်းကတော့ ဆယ့်သုံးပေခန့်ပါပဲ...ဒါပေမဲ့ ရပ်ကွက်သန့်တယ်လေ...ပြီးတော့ တိုက်ကအသစ်ပေါ့...ဈေးကတော့ စဆော်က မိုးပျံနေတာပဲ ချော့တို့နှစ်ယောက်အလုပ်လုပ်ပြီးစုရင်တောင် အဲဒီအခန်းမျိုးနေရမှာမဟုတ်ဘူး...ဖေဖေမေမေတို့က ဝယ်မပေးနိုင်လို့ စိတ်မကောင်းဖြစ်နေတယ် ကိုရယ်...။

ကို သိပါတယ်...ချော့မိဘတွေက သားသမီးကို လူတန်းစေ့ဆင်ယင်ကျွေးမွေးပြီး အဆင့်မြင့်မြင့်ထားနိုင်ပေမဲ့လေ...သူတို့က



www.burmeseclassic.com

www.burmeseclassic.com

ကျိုကျိုတက် သုံးမကုန်အောင် ချမ်းသာနေတဲ့သူတွေ မဟုတ်တော့ အိမ်ခန်းကြီးတစ်ခန်းကို ဝယ်ပေးလိုက်နိုင်တဲ့အထိတော့ မတတ်နိုင်ဘူးပေါ့...ဇဥ္ဇအတွက်တောင် တော်တော်အကုန်ခံလိုက်ရတာ...ဇဥ္ဇ အားတောင်နာမိတယ်''

ဇဥ္ဇက ဆက်ပြောနေမိပါသည်။ ကိုက...ဇဥ္ဇမိဘတွေ ငှားပေးသောအိမ်မို့ လိုက်နေရမှာ သိပ်မဝံ့မရဲဖြစ်နေတယ်ထင်ပါရဲ့။

''ကိုကတော့...ဘယ်နေရာမှာ နေရ၊ နေရ ဇဥ္ဇရှိရင် ပျော်ပါတယ်...။ ဒါပေမဲ့...ကို လိုက်နေရမှာ စိတ်ထဲမှာမရဲဘူး ဇဥ္ဇရယ်...ယောက္ခမတွေလဲ ပိုက်ဆံသိပ်အရှိကြီးမဟုတ်ဘဲနဲ့ သူတို့က သမီးကိုချစ်လွန်းလို့ ရှိတဲ့အထဲက ခွဲပြီး ငှားပေးလိုက်တဲ့အိမ်ကို အခန့်သား လိုက်နေရသလိုကြီးမို့ အားလဲနာတယ်...ပြီးတော့ ကို့လိုကောင်ကို သူတို့ ဘယ်လိုမှသဘောမကျနိုင်ဘဲ သမီးကြောင့်သာ လက်ခံနေရတာဆိုတော့ စိတ်ထဲမှာ တစ်မျိုးကြီးခံစားရတယ်''

''အဲဒီလိုတွေသာ လိုက်တွေးနေရင် ဇဥ္ဇ ဒီနေရာမှာ ဘယ်နှစ်နှစ်၊ ဘယ်နှစ်ကာလထိ စိတ်ဆင်းရဲပြီး နေနေရမလဲဆိုတာ ကို...စဉ်းစားပါဦး''

''ဟုတ်ပါပြီ...ကိုကျတော့ ဇဥ္ဇအတွက်နဲ့ အားလုံးကိုလိုက်





လျှော့မှာပါ...။ ဒါပေမဲ့ ကိုလဲ ယောက္ခမတွေ အပြောမခံရအောင်တော့ အိမ်မှာ လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းတွေ ဝယ်တော့စုရမှာပါပဲ...ဒီလိုရပ်ကွက်ကောင်းကြီးမှာ သွားနေနေပြီး အိမ်ထဲမှာ ဘာမှမရှိဘဲ ဟောင်းလောင်းကြီးဖြစ်နေရင် မကောင်းပြန်ဘူး...ကို့ကို အထင်သေးတာ ခံနိုင်တယ်...။ ဇဥ္ဇကိုတော့ အထင်မသေးစေချင်ဘူးလေ''

''ကို...ဒါဖြင့် မနက်ဖြန်ကျ ဖေဖေတို့အိမ်ရှင်ကိုသွားတွေ့ပြီး စဘော်ပေးတော့မှာ...ဇဥ္ဇ လက်ခံလိုက်မယ်နော်''

နှစ်သစ် ခေါင်းအသာအယာညိတ်ပြလိုက်ရပါသည်။ သို့သော် ရင်ထဲမှာ မပေါ့ပါးပါ။

''အိမ်ခန်းသော့ရရချင်း ပြောင်းမယ်နော်''

''ဇဥ္ဇသဘောပါ''

''ဇဥ္ဇက နောက်အပတ်စပြီး အလုပ်ဆင်းရမယ်တဲ့...ဇဥ္ဇ ဒီနေ့ပဲ ဖေဖေ့သူငယ်ချင်းလက်ထဲကို Resume ထည့်ခဲ့တယ်...ညနေဘက် ဇဥ္ဇတောင် အိမ်ပြန်မရောက်သေးပါဘူး...။ ဖေဖေတို့အိမ်မှာရှိနေတုန်းပဲ...အဲဒီအန်ကယ်လ်ဆီက ဖုန်းလာတာပဲ...ကိုယ့်ဘာသာဘာအဆက်အသွယ်မှမရှိဘဲ လျှောက်ရင်တောင် အဖြေသိရဖို့ အချိန်ကြာကြာ စောင့်ရဦးမယ်... [truncated? no]



www.burmeseclassic.com

www.burmeseclassic.com



"ခဲ့…အလုပ်လုပ်လို့ရတဲ့ပိုက်ဆံ ခဲ့ဘာသာ စုချင်စု မစုချင်လဲ ခဲ့ သုံးချင်တာ လျှောက်သုံးပေါ့…ကိုကတော့ ခဲ့ကို ပြည့်စုံအောင် ရှာဖွေကျွေးမွေးမှာပါ"

"ခဲ့…ဘာမှမသုံးဘူး…။ ပိုက်ဆံကို စုထားမှာ…ခဲ့ အိမ်ငှားဘဝနဲ့ မနေချင်ဘူးလေ…။ အခန်းတစ်ခန်း အပိုင်ဝယ်နိုင်ဖို့ ကြိုးစားမှာမို့ ပိုက်ဆံကို ရသလောက်စုမယ်"

သံယောခဲ့ကတော့ စိတ်ကူးအသစ်တွေနဲ့ ခွန်အားပြည့်ဖြေ ခဲ့သည်။

နှစ်သံစ်မှာ ရှေ့လာမယ့်အနာဂတ်မှာ ဘာတွေရှိမလဲဆိုတာ ကြိုမသိနိုင်တာတောင် အဲဒီအနာဂတ်ကို ထိတ်လန့်ချင်ချင် ခံစားနေခဲ့ ရလေသည်။

✿ ✿ ✿





# ဒုတိယအဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com

## (၅)

"ကို…အဲဒါက ဘာဖြစ်လာတာလဲ"

ဇဦ…တအံ့တသြ (စိတ်မျက်စွာ) မေးလိုက်ချိန်တွင် နှစ်သစ်ကတော့ ခပ်ရီဝေဝေ မျက်လုံး၊ မျက်ခွံစင်းစင်း၊ နှာသီးဖျားခပ်နီနီ ပုံစံနှင့် အိမ်ထဲအတင်းတိုးဝင်လာကာ အသစ် ဝယ်ထားပြီးခါစ ဈေးပေါသည့် ရိုးရိုးသစ်သားဆက်တီခုံတစ်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။

"ကို…ဇဦ မေးတာ ဘာလို့မဖြေလဲ"

"ဖြေစရာမလိုပါဘူးကွာ…ဇဦ သိနေသားပဲ"

"သြော်…ဒီလိုလား"





ဇဦသည် အိမ်တံခါးကို ဝုန်းခနဲဆောင့်ပိတ်လိုက်ပါသည်။

"ကိုယ့်အပြစ်ကိုယ် မဝန်ခံရဲလို့ ဇဦ သိပြီးသား ဖြေစရာမလိုပါဘူးလို့ ပြောတာဟာ သတ္တိကြောင်တာပဲ…ယောကျ်ားပီသရင် ကိုယ့်အမှားတစ်ခုလုပ်တာကို လုပ်လာပါတယ်လို့ ပါးစပ်က ထုတ်ပြောပြီး ဝန်ခံရဲရမှာပေါ့"

"အေး…ဟုတ်တယ်…ကို အရက်သောက်လာတယ်…။ ဒါ…ကျေနပ်ပြီမဟုတ်လား"

"မကျေနပ်ဘူး…ဘာကိုမှ မကျေနပ်နိုင်ဘူး…အိမ်ထောင်ကျတာ တစ်နှစ်ရှိပြီ…တစ်ခါမှ အရက်သောက်တာဘောင် မလုပ်ခဲ့ဘဲ ဒီနေ့မှ ဘာကြောင့်ချိုးဖောက်ပြီး အရက်ကို သောက်ပြရတာလဲ"

"ဇဦကို…ကို ရည်းစားဘဝက ပြောထားဖူးသားပဲ…ကို အရက်သောက်တတ်ပါတယ်လို့။ အရက်သောက်တတ်တဲ့လူက အရက်သောက်တာ မဆန်းပါဘူး။ ပြီးတော့…ကို အရက်သမားစစ်စစ်ကြီးလို လမ်းဘေးမှာ မူးလဲလောက်အောင်လဲ သောက်လာတာမဟုတ်ဘူး…မူးရူးရမ်းကားပြီး မိန်းမကိုလဲ ရန်မရှာဘူး…ကို့ဘာသာ အိမ်ကို အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ် ပြန်လာပါတယ်…စပြီး ဆူဆူပူပူလုပ်တာ…ဇဦပဲ…ဇဦ အသာငြိမ်နေပြီး ပါးစပ်ပိတ်



www.burmeseclassic.com

 www.burmeseclassic.com

ထားရင် ဒီကိစ္စက ဘာမှကြီးကျယ်လာစရာမရှိဘူး"

အံမယ်လေးလေး… အရက်သောက်လာတဲ့လူကများ… စကားကြီး၊ စကားကျယ်တွေနဲ့ ငါ့ကို ပြန်နှားချရတယ်လို့။

ဇဉ်…ဒေါသဖြစ်ရလွန်း၍ လူက အသားတွေပင် တဆတ်ဆတ်တုန်လာသည်ဟု ခံစားရပါသည်။

ဇဉ်ကတော့…သူအလုပ်ကြိုးစားပြီး ပိုက်ဆံစုမယ်…အခန်းကလေးတစ်ခန်းဝယ်နိုင်အောင် ကြိုးစားမယ်ထင်ပြီး ယုံထားလိုက်ရတာ…ဇဉ်နဲ့ ရပြီးကတည်းက အရက်မသောက်၊ ဆေးလိပ်မသောက်၊ သူ့ကိုပေးတဲ့ လက်ဖက်ရည်ဖိုး၊ မုန့်ဖိုးတောင် တိတ်တိတ်ကျိတ်စုပြီး ထားခဲ့တာ ဆိုတဲ့အတွေးနဲ့ ယုံကြည်မြတ်နိုးလိုက်ရတာ။

သူက အခုကျတော့ ဖောက်လာပြီ။ အရက်ဟာ မသောက်ဖြစ်ရင်သာ ဆက်မသောက်မယ်…စပြီး သောက်မိပြီဆိုတာနဲ့ နောက်ထပ် ဆက်သောက်ဖို့ လမ်းစတွေက တသီကြီးပါလာနိုင်တယ်ဆိုတာလဲ ဇဉ် တွေးလိုက်မိပါသည်။

သူကတော့ ဇဉ်မျက်နှာသုန်မှုန်ငြိမ်သက်နေသည်ကို သိပ်ဂရုစိုက်ဟန်မပြဘဲ ရေမိုးချိုးဖို့ ရေချိုးခန်းထဲ ဝင်သွားပါသည်။ သူ…ရေချိုးခန်းကထွက်လာသည်အထိ ဇဉ် ဘာလုပ်ရမှန်းမသိသလိုလို၊





တယ်ရာမဲ့လာသလိုလို ခံစားချက်တွေ ရောပြွမ်းနေသောမျက်နှာနှင့် ကြီး ငြိမ်ထိုင်နေမိဆဲ။

သူ…ရိုပ်ခနဲ ဇဉ့်အနား ပြန်ရောက်လာကာ…

"ဇဉ်…လာအိပ်ရအောင်လေ…ဘာထိုင်လုပ်နေတာလဲ ကွာ"

ဟု ချော့မော့သလိုလေသံဖြင့် လာပွေ့ဖက်လျှင် ဇဉ်သည် တက်ဆတ်ထိမခံသလို ဖြစ်သွားလျှက် သူ့လက်များကို ပုတ်ထုတ်ပစ် လိုက်ပါသည်။

"လာ…ထိစရာမလိုဘူး"

"ဘာဖြစ်တာလဲ ဇဉ်ရယ်…ကိုက ပြေပြေလည်လည် ချော့တာလဲ ဇဉ်ကတစ်မျိုး"

"ဘာတစ်မျိုးလဲ…ဇဉ်က ဘာမှမဖြစ်ဘူး…ဘာမှ ရန်စ ရှာဘူး…။ ရန်စကို ရှင်ပဲ အရင်စရှာတာလေ…ရှင် ဘာကြောင့် အရက်သောက်လာတာလဲ…အဲဒီကိစ္စကို ကျေကို မကျေနပ်နိုင်ဘူး"

"သူငယ်ချင်းတွေနဲ့ ဆုံလို့ပါ…။ ပြီးတော့ ဒီနေ့ ပွဲစားလုပ် စားတဲ့ကားတစ်စီးလဲ အလုပ်ဖြစ်သွားလို့ ပွဲခရတာနဲ့ ပိုက်ဆံစုထည့် ပြီး သောက်ကြရအောင်ဆိုတော့…သူတို့နဲ့လဲ မဆုံတာကြာပြီဆို တော့…"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လဲ…မဆုံတာကြာတော့ရော ဘာဖြစ်လဲ။ အရက်မသောက်ရတော့ရော ဘာဖြစ်သွားမှာမို့လို့လဲ…။ သူငယ်ချင်းတွေနဲ့ ဆုံရင် ရှင်တို့ယောကျ်ားတွေက လက်ဖက်ရည်သောက်ကြဖို့ကိစ္စထက် အရက်စုသောက်ဖို့ကို ဘာကြောင့် ခေါင်းထဲထည့်ကြတာလဲ။ နေစမ်းပါဦး…သူတို့နဲ့ အတူတူအရက်သောက်ပိုက်ဆံဖြုန်းရအောင် ရှင့်မှာ သိပ်မိုက္ခ်ုနေလို့လား…ရှင့်မှာ ကိုကိုတက်ချမ်းသာနေလို့လား…အိမ် ဝယ်ထားနိုင်ပြီလား…မိန်းမကို ရွှေတွေညှက်နေအောင် ဆင်ထားနိုင်ပြီလား…ပြောပါဦး"

နှစ်သစ် ဒီလိုအပြောခံလိုက်ရတော့ မခံချင်စွာပင် တောက်တစ်ချက်ခေါက်ပါသည်။

"အေး…ဧဥ္စက အခုတော့ အနိုင်ပိုင်းပြီး ပြောမှာပေါ့…။ ကိုက အိမ်ခန်းကောင်းကောင်းတစ်ခန်းတောင် ဖြစ်မြောက်အောင် ငှား ပေးနိုင်ဘူး။ မိန်းမဝတ်ထားတဲ့ရွှေတွေကိုလဲ အကုန်သုံးလိုက်ရတယ် ဆိုတော့ ကိုက…ဧဥ္စ ဒီတစ်သက် ပြောစရာကြီးဖြစ်နေပြီပေါ့။ ကို အစတည်းကထင်သားပဲ…။ တစ်နေ့ကျရင် ငါ့ကို ဒီလိုမျိုးပြောလာလိမ့် မယ်ဆိုတာ…အခုတော့ ထင်ထားတဲ့အတိုင်း…တကယ်ဖြစ်နေပြီ"

"အိုး…နေရင်းထိုင်ရင်းတော့ အလကားနေရင်း ဧဥ္စက





ဒီလိုမျိုး နိုင့်ထက်စီးနင်း သူများကို အနိုင်ယူပြီးမပြောပါဘူး။ အိမ် ထောင်သက်တစ်နှစ်ကျော်အတွင်းမှာ ဘယ်တုန်းကများ တစ်ခွန်းတ လေပြောတဲ့လေသံကို ကြားဖူးလို့လဲ…။ ရှင်သာ အေးအေးဆေးဆေး အလုပ်လုပ်မယ်။ လူကောင်းတစ်ယောက်လိုနေမယ်ဆိုရင် ဘယ်မိန်းမ ကရော အရှိအသေတန်ပြီး ပြောရဲပါ့မလဲ"

"ဘာလဲ…အခုတော့ ကို့ကို မရှိသေပါဘူးဆိုတဲ့သဘော ဘား"

"ဟုတ်တယ်…မရှိသေဘူး။ ဘာမှ ရှိသေစရာအကြောင်း မရှိပါဘူး…။ ရှင့်ဘာသာ ငွေထက် သုံးလေးနှစ်မကလို့ ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ပဲကြီးဦး…ကိုယ့်မိန်းမယားကို လစ်လျူရှုပြီး သောက် စားမူးရူးနေမယ်ဆိုရင် ဘာမှရှိသေစရာမရှိဘူး…။ အရိုအသေခံချင်ရင် ရှိသေထိုက်အောင် နေမှပေါ့"

"လောကမှာ ယောကျ်ားဆယ်ယောက်မှာ…ကိုးယောက်က အရက်သောက်တယ်ကွ…ငါ အရက်သောက်တာ ဘာမှမဆန်းဘူး"

"တခြားမိန်းမအတွက် မဆန်းပေမဲ့ ငွေ့အတွက်တော့ ဆန်း တယ်။ အိမ်ထောင်တစ်ခုကိုတောင် ပြည့်စုံအောင် မထူထောင်နိုင်ခင် မှာ အရက်ကလေးတမြမြလုပ်တဲ့ ယောကျ်ားမျိုးကို သိပ်မုန်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းအဖေတွေ…အစ်ကိုတွေလဲ အရက်သောက်တာပဲ… မင်း တဖက်သတ်ကြီး ငါ့ကျမှ မသောက်နဲ့လို့ တားစရာမလိုဘူး"

"အော်…ဟော်…ပြောရင်လဲ ရှင့်ကို နိုင်မိတယ်ဖြစ်ဦးမယ်… ဒီမှာ…ကိုနှစ်သစ်ရဲ့…ခဥ်အဖေက အရာရှိကြီးလေ…။ ခဥ်အစ်ကိုတွေက ပိုက်ဆံကောင်းကောင်းရှာနိုင်တဲ့ အလုပ်ကိုယ်စီရှိကြတဲ့သူတွေလေ…သူတို့သောက်တာ ဘာမှမဖြစ်ဘူး…။ ဘယ်သူ့ကိုမှ မထိခိုက်ဘူး…။ ရှင် သောက်တာတော့ ခဥ်ကို အများကြီးထိခိုက်နစ်နာပါတယ်…။ ခဥ်က ရှင့်ကြောင့် ဒီလိုဘဝမျိုးမှာ ချို့ငဲ့ဆင်းရဲပြီး နေနေရတာလေ"

နှစ်သစ်က ခပ်ရီရီ၊ ခပ်တွေတွေပေမဲ့ သူက လူစိတ်ပျောက်လောက်အောင် မူးတာမျိုးလဲ မဟုတ်လေရာ ခဥ် ဘာတွေပြောသလဲ၊ သူ…ဘာတွေပြန်ပြောမိသလဲဆိုတာတော့ သူ့ခေါင်းထဲမှာ ၂တ်ဉာဏ်ရှိနေပါသည်။

"ဒီလောက်ကလေးနေရတာကို…ချို့ငဲ့ဆင်းရဲသတဲ့လား။ တကယ်ဆင်းရဲတယ်ဆိုတာဟာ တဲပုတ်နဲ့ ထမင်းနပ်မှန်အောင်တောင် မစားရတဲ့အဖြစ်ကိုခေါ်တာ ခဥ်…။ မင်းကတော့ တိုက်ခန်းနဲ့ နေနိုင်ပါသေးတယ်…။ ဝယ်စားချင်တာလဲ စားလို့ရပါသေးတယ်။ ပြီးတော့





ငါကလဲ သိပ်အဆိုးကြီး မဟုတ်တဲ့ ယောက်ျားမျိုးပါ…တစ်ခါတလေလေး သောက်မိပါတယ်…။ နောက်ပြီး မူးရူးပြီးလဲနေအောင်သောက်လာတာမျိုးလဲ မဟုတ်ပါဘူး…အဲဒါကို ပုံကြီးချဲ့နေတယ်…တော်ပြီ…ငါ ဘာမှအငြင်းပွားမနေချင်ဘူး။ မင်းဘာသာ အိပ်ချင်အိပ်…မအိပ်ချင်ရင်နေ…ငါတော့အိပ်ပြီ…။ ငါက တစ်နေကုန်ကားမောင်းနေရတာ…ပင်ပန်းတယ်…။ မင်းကတော့ ကုမ္ပဏီရုံးခန်းထဲမှာ အဲယားကွန်းနဲ့ ကုလားထိုင်နဲ့ အလုပ်ထိုင်လုပ်ရတာပါ…ဘယ်ပင်ပန်းပါ့မလဲ…ရန်ဆက်ဖြစ်ချင်သေးရင် မနက်မှပဲဖြစ်တော့…ဆောရီးကွာ… အခုတော့ ငါ အိပ်ချင်နေပြီ"

သူက အနိုင်နဲ့ပိုင်းပြီး သွားအိပ်နေပါသည်။

ခဥ်သည် ညည်းလဲနက်ပြီဖြစ်ရာ ဆက်ပြီး အော်ကျယ်ဟစ်ကျယ် ရန်ဖြစ်နေလျှင် ဆောဘီက ကြားမှာစိုးရိမ်၍ စိတ်လျှော့လိုက်ရပါသည်။

သို့သော်…ခဥ် ဘယ်လိုမှ စိတ်လျှော့လို့မရပေ။ စိတ်ထဲမှာ တနုံ့နုံ့နှင့် ဖြစ်ကာ ဝမ်းလဲနည်းလာသည်။

သူ့နံဘေးမှာ ဝင်လှဲနေရင်း အရက်နံ့ခပ်သင်းသင်း ရှူရှိုက်ရသည်ကိုလည်းကောင်း၊ အရက်သောက်ထားသူပီပီ ခါတိုင်းအိပ်ရင်



www.burmeseclassic.com

www.burmeseclassic.com

သိပ်မဟောက်တာတောင် အခုတော့ တခွေးခွေး၊ တခေါ်ခေါ်ဟောက်ပြ အိပ်ပျော်နေခြင်းကိုလည်းကောင်း ကြည့်ရင်းကြည့်ရင်း ဒေါသတွေ က အလိပ်လိုက်ဖြစ်ဖြစ်လာသည်။ စိတ်ရှုပေါက်ပြီး သူ့ကို အပိုင်း ပိုင်း၊ အတစ်တစ်ဖြစ်အောင် ခုတ်သတ်ပစ်ချင်လာသည်။

ဒါကြောင့် တစ်ခါတလေမှာ ကြားရတဲ့လူသတ်မှုတွေဟာ ဘာမဟုတ်တာလေးနဲ့ ဖြစ်ရတဲ့ အမှုဆိုတာဖြစ်လာတာထင်တယ်... ငါတောင် အခုကြည့်စမ်း…သူ အိပ်နေတာကိုကြည့်ပြီး အလိုလို မြင်မြင်းကပ်မုန်းတီးလာရင်းနဲ့ သတ်ပစ်ချင်လာတာ။

BURMESE CLASSIC

သူကတော့ အပူအပင်မရှိ အိပ်နိုင်လိုက်တာ…။ ငါကတော့ တစ်နေ့၊ တစ်နေ့ တွေးတောပူပင်ရတာနဲ့ ဘယ်တော့မှလဲ ကောင်း ကောင်း အိပ်မပျော်သလို သူနဲ့ နေနေရတဲ့ အိမ်ထောင်ရေးဘဝထဲမှာလဲ ဘယ်တော့မှ စိတ်တိုင်းမကျနိုင်ခဲ့။ အခုလိုမျိုး ဗွေဖောက်ပြီး ဖြစ်လာ တော့ ဘဝဟာ မျှော်လင့်ချက်မဲ့ပြီး ချောက်အနက်ကြီးထဲကို ဖောက် လိုးကျသွားသလိုပဲ။

သူ့ကို ချစ်သလားဆိုတော့ ရည်းစားဘဝတုန်းက အလိမ် အညာခံပြီး ချစ်ခဲ့ဖူးတာပါပဲ။ တကယ့်တကယ် လက်တွဲရတော့ သူ့အလိမ်အညာတွေပေါ်လာပြီး စိတ်ထဲမှာ နာကျည်းခဲ့ပေမဲ့ ကိုယ့်





ပေါ် သစ္စာရှိရှိ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ခဲ့တာကြောင့် ရော။ အနေကြာလာခဲ့တဲ့ သံယောဇဉ်ကြောင့်ရော။ မြန်မာမိန်းကလေး စ်ယောက်ပီပီ ဘာကြောင့်ပဲ အိမ်ထောင်တစ်ခု ထူခဲ့ထူခဲ့ပေါ့…။ ည့်မြဲအောင်တော့ ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ရော…။ အားလုံး ပေါင်းပြီး သူနဲ့ တစ်သက်လုံး လက်တွဲထားဖို့ စိတ်ကူးရှိခဲ့ပါသည်။

တစ်ခါတလေ အရက်သောက်တာလေးကိုတောင်မှ ခွင့်မပြု ချင်ဘူးလားဆိုတော့ အဲဒီသဘောလဲမဟုတ်ပါ။ ကိုယ်က ဘာမှမပြည့် သေးခင်မှာ မကောင်းတဲ့အမှုကို ဘာတစ်ခုမှ မလုပ်စေချင်တာပါ။

ဇဉ်က အိမ်ခန်းလေးတစ်ခန်း အရမ်းလိုချင်လို့ ပိုက်ဆံစုနေ သည်ဆိုတာ သိရက်နဲ့ ပိုက်ဆံအပိုကုန်သော မကောင်းတဲ့အရက် ကို သောက်လာတယ်ဆိုတဲ့ အကြောင်းအရာဟာ ဇဉ်ကို များစွာ ကျင်ထိနိုက်စေလေသည်။

ထိုညက ဇဉ် တစ်ညလုံးကောင်းကောင်း အိပ်လို့ မပျော်ခဲ့ ပါပေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့ မနက်ကျတော့ သူက ပုံမှန်လိုပဲ အိပ်ရာမှ နိုး
ချင်း နောက်ဖေးမီးဖိုချောင်မှာ ချက်ပြုတ်ပြင်ဆင်နေတဲ့ ဇော်လက်မော
တစ်ဘက်ကို နောက်ကလာဖက်ရင်း နမ်းပါသည်။

"ဘာဟင်းချက်မလို့လဲ"

ဇော်သည် သူ့လို ဘာမှမဖြစ်ခဲ့ဟန် နေပြ၍ မရလေရာ ခ
ရူရူ၊ ခပ်မှုန်မှုန်မျက်နှာနှင့် ဘာမှမပြောပါ။

သူက မသိတာပဲလား။ မသိချင်ယောင်ဆောင်တာပဲလာ
သူ့ဘာသာ သီချင်းလေးတငြီးငြီးနဲ့ ကော်ဖီတစ်ခွက်ဖျော်သောက်
သတင်းစာဖတ်ရင်း အိမ်ရှေ့ခန်းမှာ သွားထိုင်နေပါသည်။





"ဇော်ရေ…ကို…ဒီနေ့မနက် ပဲခူးဘက်ကို ကားအော်ဒါ
တားလို့ လိုက်ပို့ရလိမ့်မယ်…။ အဲဒါ နေ့လည်စာတောင် ပြန်စား
ဝါ့မလားမသိဘူး။ ဆောရီး…ကို့အတွက် မနက်စာ ထည့်ချက်
နေနဲ့လို့ ပြောမလို့ မေ့သွားတယ်"

မေ့မှာပေါ့။ ညက အရက်သောက်လာတာကိုး…။ ဇော်သည်
စကားတစ်ခွန်းမှ ပြောမနေပဲ သူမဘာသာ အလုပ်သွားဖို့ ဆက်
ပြင်ဆင်နေပါသည်။

ဇော်အလုပ်လုပ်သော ဆေးကုမ္ပဏီမှာ မနက်ကိုးနာရီမှ ညနေ
ငါးနာရီထိပေမဲ့ ဇော်က အသွားအပြန် နာရီဝက်လောက် အချိန်ပေးရ
သဖြင့် မနက် ရှစ်နာရီခွဲကျော်လေးမှာ အိမ်ကထွက်ရပြီး ညနေ ငါးနာရီ
ခွဲမှ အိမ်ပြန်ရောက်တတ်ပါသည်။

နှစ်သစ်ကတော့ ကြုံတဲ့နေ့တွေ ဇော့်ကို အပို့အကြိုလုပ်ပေး
တတ်ပါသည်။ နေ့လည်ဘက်တော့ သူက သူ့ဘာသာ အိမ်သော့
ခွင့်ဝင်ပြီး ထမင်းစားတတ်ပါသည်။ ဇော်ကတော့ အလုပ်ကို ထမင်း
ဘူးထည့်ယူသွားရပါသည်။ ဇော်တို့ ကုမ္ပဏီက ဝန်ထမ်းတွေအထိ
နေ့ကိစာထမင်းကျွေးတာမျိုးတော့ မရှိပါ။ သို့သော် နေ့လည်စာ
ကော်ဖီ၊ လက်ဖက်ရည်နဲ့ မုန့်တစ်ခုခုတော့ ကျွေးသော အလေ့အထ



www.burmeseclassic.com

www.burmeseclassic.com

ရှိရာ ကော်ဖီဗူးတော့ သယ်စရာမလိုပါ။

ဇဉ် အသံတိတ်ဆန္ဒပြစိတ်ကောက်နေသည်ကို နှစ်သစ် ရိပ်မိပေမဲ့ သူလဲ သူ့အပြစ်နဲ့ သူမို့ ဆက်စကားပြော၊ ဆက်ချော့မနေရဲပါ။

ကောက်လေ…ဘယ်လောက်ကောက်နိုင်မလဲ။ ဒီအိမ်မှာ နှစ်ယောက်တည်းရှိတာ…စကားမပြောပဲ နေချင်လို့ ဘယ်လိုမှမရဘူး။ ပြီးတော့…ဇဉ် စိတ်ကောက်ပြေအောင်လဲ တနည်းနည်းနဲ့ ဒီလိုပဲ ဟိုပြော၊ ဒီပြောနဲ့ ကြံဖန်ချော့ရမှာပေါ့…ဒါပဲရှိတယ်။ အရက်လေးမဖြစ်စလောက် တစ်ခါတလေ သောက်မိပါတယ်။ တကယ့်ရာဇဝတ်မှုကြီး ကျူးလွန်တာကျနေတာပဲ။

“ကို ကားနဲ့ လိုက်ခဲ့မလား”

သူတို့နှစ်ယောက်အိမ်မှ အတူတူလို ထွက်ဖြစ်တော့ နှစ်သစ်က ဇဉ်ကို မေးပေမဲ့ ဇဉ်က ခေါင်းသာခါပြပြီး လမ်းထိပ် ဘတ်(စ်)ကားမှတ်တိုင်ကို လျှောက်လာခဲ့သည်။

ရင်ထဲမှာ အလိုမကျခြင်းတွေနဲ့အတူ နာကျင်နေသည်။ လူကဟန်ဆောင်နေရသော်လည်း စိတ်ထဲမှာ ငိုချင်နေသည်။ ဝမ်းနည်းနေပါသည်။





ငါက ရည်ရွယ်ချက်ကြီးကြီးနဲ့ ဘဝကိုကောင်းကောင်းဖြတ်န်းချင်သလောက် သူကကျတော့ ဘာကြောင့်များ ပေါ့တီးပေါ့ဆစိတ်မျိုးထားရသလဲ။

ရည်ရွယ်ချက်တွေပြည့်မှ လုပ်ချင်တာလုပ် အကြောင်းမဟုတ်ဘူး။ ခုတော့…။

ဇဉ်အလုပ်ထဲမှာလဲ ဒါပဲ တတွေးတွေးလုပ်နေမိပါသည်။ ဒီလိုနဲ့ပဲ သုံးလေးငါးရက် တစ်ပတ်ကြာတဲ့အထိအောင် စိတ်ကမပြေဘဲ တမြေ့မြေ့ဖြစ်နေသည်။

နှစ်သစ်ကလည်း သူ့မိန်းမမျက်နှာ သိပ်မကြည်လှပဲ မှုန်တေနေလျှက် ပြောစရာလိုမှသာ စကားနည်းနည်းပြောပြီး တွေဝေလွန်းနေသည်ကို အကဲခတ်လျှက် အံ့သြလက်ဖျားခါနေမိသည်။

ဇဉ်ဟာ တော်တော် အတေးအမှတ်ကြီးပြီး သေးသေးမွှားမွှားလေးကို တမြေ့မြေ့ သိပ်ခံစားတတ်တာပါလား။

ဇဉ်…အဲဒီလိုကြီး မရွှင်မပျနဲ့ တွေနေသည့်အခါ သူလဲမပျော်ပါ။

အရင်ကတော့ ဇဉ်ဟာ အိမ်မှာ သူနဲ့ အတူရှိနေချိန်တိုင်းတစ်မျိုးမဟုတ်တစ်မျိုး စကားတွေပြောနေတတ်သူပင်။



www.burmeseclassic.com

www.burmeseclassic.com

များသောအားဖြင့်တော့ ဇော်ပြောတတ်တဲ့စကားတွေက ပိုက်ဆံ ဘယ်လောက်စုမိပြီ…ဆိုတာမျိုး၊ အိမ်ခန်းမဝယ်နိုင်သေးပေမဲ့ အိမ်ကို အိမ်နဲ့တူအောင်တော့ ပရိဘောဂလေးတွေ ဝယ်ဖြည့်ရမယ်ဆိုတာမျိုး တွေ များတတ်ပါသည်။

ဇော်က သူမျှော်လင့်ထားသလို ကလေးထပ်ယူကြဖို့ပဲ လုံးဝ စကားမဟဘဲ တစ်နေ့တစ်နေ့ ပိုက်ဆံအကြောင်း၊ အိမ်ခန်းတွေ အကြောင်း၊ အိမ်ထောင်ပစ္စည်း အသုံးအဆောင်တွေအကြောင်း၊ ရွှေ ဈေးဘယ်လောက်ဆိုတဲ့အကြောင်းတွေသာ ဦးစားပေးပြောတတ်ပါ သည်။

တစ်ခါတစ်ရံများ သူက…

"ဇော်ရာ…အဲဒီပိုက်ဆံရှာဖို့၊ စုဖို့ကိစ္စတွေပဲ…တစ်ချိန်လုံး ခေါင်းထဲထည့်နေတယ်…ပိုက်ဆံတွေရှိလာပါပြီတဲ့…အဲဒီအချိန်ကျမှ ကလေးယူမယ်ဆိုရင် ကလေးက ရပါဦးမလား…အသက်ကြီးသွား ရင် ကလေးရဖို့က သိပ်ခက်ခဲသွားသလို ကလေးမွေးရတာလဲ မလွယ် တတ်တော့ဘူးတဲ့…။ ကိုကတော့ ခုလောလောဆယ် ကလေးတစ် ယောက်လောက်ယူထားချင်တယ်ကွာ…နောက် အဲဒီတစ်ယောက် တော်တော်လေးကြီးမှ ငါးနှစ်လောက်ရောက်မှပေါ့…နောက်တစ် ယောက်လောက်ယူချင်တယ်။ အိမ်ထောင်တစ်ခုမှာ ကလေးရှိထား သင့်တယ်…ဒါမှ အဓိပ္ပာယ်ရှိတာကွ…ပိုက်ဆံတွေရှိနေပြီး ဒီလင် ဒီမယား နှစ်ယောက်တည်းဆိုရင် ဘယ်လောက်ပျင်းစရာကောင်းပြီး အဓိပ္ပာယ်မဲ့တဲ့ဘဝလဲ…ကိုကတော့ ကလေးသိပ်လိုချင်တယ်"

အဲဒီလိုမျိုး ရှည်ရှည်ဝေးဝေး ပြောကာ ဇော်နဲ့အတူ ဝင်ဆွေး နွေးပြောဆိုမိလျှင် ဇော်က ဒါကို ခါးခါးသီးသီးငြင်းတာမျိုးမလုပ်ပါ။ သို့သော်…သူမ၏ အကြောင်းပြချက်နဲ့သူမ ပြန်ချေပတတ်စမြဲပင်။

"ဘာတစ်ခုမှ မပြည့်စုံသေးဘဲနဲ့ ကလေးကို လူ့လောကထဲ ခေါ်တာဟာ သိပ်မိုက်သလိုပဲ…။ တစ်ခါမိုက်ပြီးပြီ…။ နောက်တစ်ခါ ထပ်မိုက်ဖို့ မသင့်တော့ဘူးလေ…ပိုက်ဆံပြည့်စုံမှ ကလေးကိုယူတော့ အခက်အခဲတွေ၊ ဒုက္ခတွေ သိပ်မကြုံရဘူးပေါ့…ပိုက်ဆံသိပ်မရှိသေးဘဲ ကလေးသွားယူရင် အခုလို အဆင်နည်းနည်းပြေနေတာလေးတောင် ပျက်ဆီးသွားဖို့မှမယ်…ဇော့်သဘောကတော့ အချိန်တန်ရင် မျှော်မှန်း ထားသလို အားလုံးပြည့်စုံသွားရင် ကလေးယူမယ်…ရလဲ…ကံပေါ့။ မရလဲ…ကံပဲ…ဘာမှမတတ်နိုင်ဘူး။ အဲဒါကြီးကို စိတ်ထဲမှာ သိပ် မထားပါဘူး။ ကလေးကို ရရင်လဲယူမယ်…မရရင်လဲ မယူဘူးပေါ့၊ ပြီးတာပဲ…ကလေးမချစ်လို့တော့မဟုတ်ဘူး။ ချစ်တာပေါ့…ဒါပေမဲ့






www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဘဝအခြေအနေကမှ ကလေးတစ်ယောက်ကို ပြည့်ပြည့်စုံစုံ ထား နိုင်လောက်အောင် မနိုင်မာသေးတာ…ဇဉ် မမိုက်ချင်ဘူး”

ထိုအခါမျိုးမှာ နှစ်သစ် ဘာဆက်ပြောရမှန်းမသိဖြစ်ပြီး ငြိ လိုက်ရစမြဲပါ။

ဇဉ် ပြောပြသမျှစကားတိုင်းဟာ အိမ်ထောင်ဦးစီးဖြစ်သော သူ့ကို လာထိသလိုပင်။

အိမ်ထောင်တစ်ခုမှာ လင်ရော၊ မယားရော ပိုက်ဆံရှာတယ် ဆိုပေမဲ့ အဓိက ပိုက်ဆံရှာရမဲ့သူ တာဝန်ရှိသူမှာ လင်ယောကျ်ားသာ ဖြစ်လေရာ သူကလဲ အလုပ်အကိုင် အခြေတကျကြီးရယ်လို့မရှိဘဲ အငှားကားမောင်းသော အလုပ်လေးနဲ့ ရပ်တည်နေရသည်မို့ ဝင်ငွေက သိပ်အပိုလျှံကြီး မရှာနိုင်ပါ။

သူလဲ အလုပ်အကိုင်အတည်တကျနဲ့ ဝင်ငွေပုံမှန်ရသော သေချာပြီး အာမခံချက်ရှိသော အလုပ်မျိုးလုပ်ချင်သည်။

ဘွဲ့ရပြီးသားဖြစ်ပေမဲ့ သူက ဝန်ထမ်းဘဝကို ဝါသနာမပါ ရုံးသွားရုံးပြန် အချိန်မှန်လုပ်ရပြီး တစ်နေ့ရာတည်း ဖင်မြဲရသောအလုပ် မျိုးကို သူ ဘယ်လိုမှ သည်းခံနိုင်မှာမဟုတ်လေရာ ဘယ်အလုပ်ကိုမှ လျှောက်တောင် မလျှောက်ကြည့်ခဲ့ဖူးပါ။





ဇဉ်ကတော့…

“အငှားကားမောင်းတာတစ်ဘက်…ဇဉ့်လိုပဲ ကုမ္ပဏီမှာ ဝင်လုပ်တာတစ်ဘက်နဲ့ အလုပ်နှစ်ခုလုပ်နေတဲ့ ယောကျ်ားတွေ အများ ကြီးပဲ သိလား…။ ဇဉ်တို့ရုံးမှာ တချို့အိမ်ထောင်သည်ယောကျ်ားတွေ က ကလေးတွေဘာတွေလဲရှိတော့ ဝင်ငွေမလောက်ငှဘူးဆိုပြီး ညနေ အလုပ်က ပြန်ရင်တဲ့ ညပိုင်းလေးတစ်ပိုင်းလောက် ဆိုက်ကားနင်းတဲ့ လူနဲ့…အငှားကားမောင်းတဲ့လူနဲ့…တချို့က စာပြတတ်တော့ ကျူရှင် ပြတဲ့လူနဲ့…တစ်ပုံကြီးပဲ…ကိုလဲ ဇဉ်တို့ကုမ္ပဏီမှာ အလုပ်ဝင်မလား ဟင်…။ ဇဉ် မေမေ့သူငယ်ချင်း အန်ကယ်လ်တိုးကို ပြောပေးမယ်… ညနေဘက်ကျတော့ တက္ကစီမောင်းပေါ့။ အဲဒီလိုလုပ်မလား…အဲဒါ ဆို ပိုက်ဆံလဲ များများစုနိုင်ပြီး ပိုအဆင်ပြေမယ်”

ဟူ၍ တစ်နေ့တုန်းကတော့ သူ့ကိုပြောသေးသည်။ သို့သော် နှစ်သစ် လက်မခံခဲ့ပါ။

“ကို…ပျင်းတဲ့ယောကျ်ားတော့မဟုတ်ပါဘူး။ ဒါပေမဲ့ ရုံး အလုပ်ကို…ကို ဝါသနာမပါဘူး၊ ကို့အသိတွေရဲ့ အဆက်အသွယ်နဲ့ စီးပွားရေးပဲလုပ်ချင်တယ်…။ သူနဲ့ ရှယ်ယာထည့်ပြီး လုပ်ဖို့ စိတ်ကူး ထားပေမဲ့ ကို့မှာ ရှယ်ယာထည့်ဖို့ ပိုက်ဆံမလောက်သေးလို့…ကို ဆက်စုနေတယ်”



www.burmeseclassic.com

www.burmeseclassic.com



သူတို့လင်မယားကြားမှာ ချစ်ခင်ကြင်နာယုယသောစကား
မျိုးတွေ သိပ်မကြားရသလောက်ဖြစ်ပြီး နှစ်ယောက်အတူဆုံတို
စကားပြောကြတိုင်း ဇော်က ဒီလိုပိုက်ဆံကိစ္စ၊ အလုပ်ကိစ္စတွေ
ဦးတည်တတ်တာများပါသည်။

သူက ချစ်ခင်ကြင်နာမှုစကားများပြောလျှင်တော့ ဇော်
တော့…

"တော်စမ်းပါ ကိုရယ်…ချစ်တာတွေ၊ ကြင်နာတာတွေ
ရည်းစားဘဝမှာ နားထောင်လို့ကောင်းအောင် ပြောကြတဲ့စကား
ပါ။ အိမ်ထောင်ကျပြီးရင်တော့ ယောကျာ်းက တိုယ့်မိန်းမကိုယ် ချ
တယ်ဆိုရင် ပါးစပ်နဲ့ပြောမနေဘူး…။ အလုပ်ရဲ့သက်သေပြရတာ…
မိန်းမကို တင့်တောင်းတင့်တယ်ထားပြီး ရွှေတွေ၊ ငွေတွေ ပုံပေးထာ
တာမျိုးနဲ့ သူ့မိန်းမကို သူချစ်ကြောင်းပြရမှာပါ။ ကိုရော…ဘာကြော
အဲဒီလိုမလုပ်ပြချင်တာလဲ"

ဟု၍ သူ့ကို အရိုက်ထိစေသော ထိုးနှက်ချက်များနဲ့ သူ
ခံစားချက်တွေကို ရိုက်ချိုးတတ်ပါသည်။

အချစ်ဆိုတဲ့အရာကို ငွေကြေးနေစည်းစိမ်နဲ့ ဇော် ဘာကြော
တိုင်းတာချင်သလဲ သူ…စဉ်းစားမရခဲ့။





မတော်တဆ ထဲတောက်ကာဆ စကားများကြလျှင်တော့…

"ရှင့်လိုလူကိုယူမိလို့ ဘဝမှာ မပြည့်စုံတာတွေ၊ ငွေကြေး
ခက်ခဲတာတွေ ကြုံရတာသိလား…ဇော့်ဘာသာဆို ဒီလိုဒုက္ခတွေ…
မခံရအောင် နေလို့ရတယ်"

ဟု ဇော် ရှပြောဆိုရန်တွေ့တတ်သည်။

အဲဒီလိုပြောလျှင်…

"မင်း…ငါ့လိုကောင်ကို ဘာလို့ယူသေးလဲ"

လို့ သူ ပြန်မပြောရက်။ ပြန်လဲမပြောချင်။ ပြောဖို့လဲမသင့်
ဟု ခံစားရသည်။

ဘာကြောင့်လဲဆိုတော့… သူက ဇော့်ကို ငွေကြေးပြည့်စုံ
သယောင်ယောင် လိမ်ညာပြီး အရယူခဲ့မိသူမဟုတ်လား။ သူ့မှာ
အဲဒါနဲ့ပတ်သက်ပြီး အပြစ်ရှိသလို ခံစားရပါသည်။

ဘာပဲဖြစ်ဖြစ် ဇော် ဘာတွေစိတ်ဓာတ်ကျနေသလဲ…။ သူ
ခုလောလောဆယ်မသိပေမဲ့ ဇော် စိတ်ပြေလာအောင်တော့ တစ်မျိုးပြီး
တစ်မျိုးပြောင်းပြီး ချော့မော့ရပါမည်။

နေ့စဉ်လိုလို အိမ်ပြန်တိုင်း ဇော် ကြိုက်တတ်သော ဓားစရာ
လေးတွေ ဝယ်လာတာမျိုး၊ အိုးခွက်ပန်းကန်လေးတွေ ဝယ်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ခွေးအတွက် သူကိုယ်တိုင် ဝယ်ပြီး လက်ဆောင်ပေးတာမျိုး၊ အကျီ ဗီတ်စလေးတွေ ဝယ်လာတတ်တာမျိုး၊ တစ်ရက်မှာတော့ နိုင်ငံခြားကားသစ်တင်တင်ချင်းရက်မှာ ရုပ်ရှင်လက်မှတ်နှစ်စောင် ဝယ်လာကာ ခွေးကို ရုပ်ရှင်သွားကြည့်ဖို့ အတင်းခေါ်မိတာမျိုး စသဖြင့် သုံးလေးရက်ခြားလောက် ပုံစံပြောင်းပြီး ကြံဖန်ချော့မော့မိပါသည်။

●●●





သူတို့လင်မယား ပြန်လည်သင့်မြတ်လာပြီး အဆင်ပြေသ ယောင်ယောင်ဖြစ်လာသော အေးချမ်းသည့်အခြေအနေတစ်ခုကို ပြန်ဖျက်ဆီးမိသူမှာ နှစ်သစ်ကိုယ်တိုင်ပဲဖြစ်လေသည်။

အဲဒီနေ့က သူ စကားပြောဆိုထားသော ခြံနဲ့တိုက်အိမ် သိန်းထောင်ချီတန်ဖိုးရှိသည့် အရောင်းအဝယ်ကိစ္စက မထင်မှတ်ဘဲ ပွဲဖြစ်သွားခဲ့ပါသည်။

ခါတိုင်းလို ဟိုလူဒီလူ သုံးလေးဦးစပ်ခြင်းမဟုတ်ဘဲ နှစ်သစ်တစ်ဦးတည်းသာ အခွင့်အရေးရပြီး စပ်ထားဖူးသော ခြံနဲ့ တိုက်က အရောင်းအဝယ်ဖြစ်လေရာ နှစ်သစ်မှာ ပွဲစားခချည်း ဆယ့်နှစ်သိန်း ပတ်ကနဲ ရသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်သည် ငွေကိုလဲ မဖြောထားမိသလို သူကိုယ်တိုင်လဲ
သိပ်မရှော်လင့်ထားမိသော အရောင်းအဝယ်ကြီးက ဖြစ်သွားသဖြင့်
ဗျာတ်နှာမှာ ပုံးမနိုင်၊ ဖိမရ ပျော်ရွှင်နေသည်။

ပွဲစားခကို တစ်ပုံတည်း တစ်ပြိုင်တည်းချေမှာက မနက်ဖြ
ပေမဲ့ နှစ်သစ်သည် မဆောင့်အည်းနိုင်ပဲ ငွေအလုပ်ရှိရာကို လိုက်လာ
ပြီး ပြေးပြောချင်နေပါသည်။

ကားကိုဂိတ်မှာမထိုးတော့ပဲ ငွေ အလုပ်လုပ်ရာ ကုမ္ပဏီသို့
ထွက်လာရန် ပြင်စဥ်မှာပင် နှစ်သစ်၏ သူငယ်ချင်းဟောင်း ကားပွဲစား
တွေ ရောက်ချလာသည်။

"ဟေ့ကောင်…နှစ်သစ်…ဘယ်လဲကွ၊ မင်း ဒီမှာ ဂိတ်ထိုး
တာတ်မှန်းသိလို့ ငါတို့တစ်အုပ်စုကြီးလိုက်လာတာ…ဘယ်လစ်မလို့
လဲ"

"ရဲကျော်…ဒီနေ့ ကားတစ်စီးဖြစ်လာတယ်ကွ…။ ဒီနေ့
ဒီကောင်ပွဲလုပ်မလို့တဲ့၊ ရဲကျော် လူချိုကြီးမှာ ဘယ်သူမှ ကမ်စားမဲ့သူ
မရှိဘူးကွ…ဗိုင်းတစ်စားရအောင်…မင်းဝါလာခေါ်တာ"

နှစ်သစ်ကတော့ သူတစ်ယောက်တည်း ပွဲစားလုပ်ထားသော
ခြံနဲ့ အိမ်ကိစ္စ အလုပ်ဖြစ်သွား၍ မနက်ဖြန် ပွဲခဆယ့်နှစ်သိန်းရတော့





ညည်ကို လုံးဝမပြောပါ။ သူငယ်ချင်းတွေကို သစ္စာမရှိဘူးပဲဆိုချင်ဆို။
ငွေ စိတ်ချမ်းသာပျော်ရွှင်စေချင်ရှန်း၍ ငွေ့လက်ထဲကို ငွေဆယ့်နှစ်
သိန်းထည့်ပေးချင်လှပြီ။ ဒါကြောင့် ဘယ်သူ့ကိုမှ မပြောပါ။ ပြော
လိုက်ရင် ဒီကောင်တွေက စိုင်းပြီကြမှာ။ ပွဲတစ်ပွဲလုပ်ပေးမယ်ဆိုရင်
အစားအသောက်ဖိုးထက် အရက်ဖိုးကချည်း မနည်းဘူးကုန်မှာ။ ငွေ
တစ်သိန်းလောက်ကို ဗိုက်ဆံပေါတဲ့လူတွေက လွယ်လွယ်လေး တစ်
ညတည်းနဲ့ ဖြုန်းရဲပေမဲ့ နှစ်သစ်ကတော့ မဖြုန်းရဲ။ နှမြောတွန့်တိုနေ
ပါသည်။

ချစ်သူနေးမယားအတွက် သူငယ်ချင်းတွေကို နှမြောတွန့်တို
ပြီး ဖုံးကွယ်ရဝါမည်။

"မင်း…အုံမှာခရော့ပြီဆိုရင် ကားတစ်ခါတည်းသိမ်းပြီး
လိုက်ခဲ့ကွာ"

"ဟာ…နေ…နေ…ငါမလိုက်တော့ဘူး…မင်းတို့ပဲ သွား
ကြပါ"

"ဟေ့ကောင်…အံမာကွာ…မင်းက အချင်းချင်းတွေ သစ္စာ
ဖောက်နေပြီပြီ…ဒီမှာ မင်းတို့ ငါတို့ဆိုတာ မင်းမိန်းမ မရခင်တည်း
က အတူတူလည်ပင်းဖက်ပြီး ပေါင်းလာတဲ့ကောင်တွေပါကွာ…သာ



www.burmeseclassic.com

www.burmeseclassic.com



မှငြင်းနေရာမလိုဘူး…။ ဘာမှ အားနာစရာမလိုဘူး။ ငါ တကယ် ထောနေလို့ သူငယ်ချင်းတွေအတွန့်လုံးကို တကာခံမယ်ဆိုပြီး ဆုံးဖြတ်ပြီးပြီ…ပွဲခထဲက တစ်ဝက် အခုပေးပြီးရင် ငါက လူပျိုကွ…တစ်ဝက်လုံး ငါသုံးရမှာ…တစ်နေ့တည်းကုန်အောင် သုံးပစ်လိုက်လဲ ရတယ်…။ နောက်မှ အမေ့ဆီ ပြန်လက်ဖြန့်လို့လဲရတယ်"

အလုပ်ဖြစ်လာသော ရဲကျော်က ဝင်ပြောပါသည်။

"ငါ့မိန်းမနဲ့ ပြဿနာဖြစ်တယ်ကွ၊ ဟိုတစ်လောက နည်းနည်းလေး ပြန်သောက်မိဝါတယ်…သူ့ကို ပြန်ချော့လို့မဆုံးဘူး…တစ်လလောက် ချော့ယူရတယ်ကွ"

"ရန်ဖြစ်ပြီး ပြန်ချစ်ပေါ့ကွာ"

"ဟိုတစ်လောကဆိုတာဖြင့် နှစ်လကျော်လောက်ကပါ ကွာ…ငါမှတ်မိပါတယ်…။ ငါတို့ထဲက တင်တို့ သဘောကပြန်လာတော့ သူ့ကားပါလာတာ…ငါတို့ဝိုင်းရောင်းပေးလို့အလုပ်ဖြစ်တာနဲ့ စုသောက်ကြတာလေ…"

"မင်းမိန်းမက ဘာလဲ…အရက်မသောက်၊ ဆေးလိပ်မသောက်၊ ဖဲမရိုက်၊ မိန်းမ မပွေတဲ့…လူစားမျိုးဖြစ်ရမယ်တဲ့လား"

"ယောကျ်ားတိုင်း တစ်ခုခုတော့ ဖောက်ကြတာချည်းပဲ…။





ငါတို့အုပ်စုမှာ အရက်သောက်တာလေးကလွဲရင် ကျန်တာဘာမကောင်းမှု မလုပ်ပါဘူးကွာ…ငါတို့ လူကောင်းတွေတော့မဟုတ်ပေမဲ့ လူဆိုး လူရမ်းကားတွေ မဟုတ်ပါဘူး"

နှစ်သစ်က သူငယ်ချင်းတွေတစ်ယောက်တစ်ပေါက်ဝိုင်းပြောတော့ အားနာလာသည်။ မိန်းမ မကြိုက်လို့ အရက်မသောက်တော့ပါဘူးဟု ငြင်းရမှာဝင် ရှက်သလိုလို ခံစားလာရသည်။

"သူက…အရက်မသောက်နိုင်းတာတော့ မဟုတ်ပါဘူးကွာ၊ မင်းတို့သိတဲ့အတိုင်းပဲ…ငါတို့က စီးပွားရေး သိပ်အဆင်မပြေသေးတော့ မြိုးခြံချွေတာစေချင်တဲ့သဘောပါ"

"အေး…ဒါဆို ရှင်းနေတာပဲကွ…။ အခုသောက်မှာက မင်းပိုက်ဆံတစ်ပြားမှ သုံးစရာမလိုဘူး…ငါ တကာခံမှာ…ဘယ်ကောင်မှလဲ ပိုက်ဆံထည့်ပြီး သောက်စရာမလိုဘူးလေကွာ။ ဒီနေ့ ငါ့နေ့…ငါအကုန်ရှင်းမယ်…မင်းတို့ကြိုက်တာစား၊ ကြိုက်တာသောက်…ကြကော"

"မိန်းမကြောက်လို့တော့ မဟုတ်ဘူးကွာ…ငါ ရန်မဖြစ်ချင်ဘူး"

"နှစ်သစ်ရာ…မင်းက စိမ်းကားနေပြန်ပြီ…မင်းမိန်းမ…"



www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်ဆိုတာ ငါတို့ကိုလဲ သိပါတယ်…မင်း သူ့ကို ပိုးတုန်းက ငါတို့ပါ ဝိုင်းညာပြီး မင်းကို နယ်ကတက်လာတဲ့ တောသူဌေးသား လိုလို ဘာလိုလို ဝိုင်းပြောထားတာလေ။ ထားပါတော့…ငါတို့လေ့ လာရသလောက်တော့ သူ့စိတ်သဘောက မဆိုးပါဘူးကွာ…။ အေး ပါတယ်…ဒီလောက်ကြီးလဲ ဆူဆူပူပူလုပ်မယ်မထင်ပါဘူး"

"အလကားပါကွာ…ဒီကောင်က အိုက်တင်ခံနေတာပါ"

"ဟေ့ကောင်…အပိုလုပ်မနေနဲ့ လိုက်ခဲ့ဆို…လိုက်ခဲ့ပဲ၊ မင်း မလိုက်ရင်…ငါတို့ အတင်းဝိုင်းချုပ်ခေါ်မယ်"

"သိပ်တော့ ညဥ့်နက်လို့ မဖြစ်ဘူး"

"စိတ်ချ၊ တဲ…လိုက်မှာလား…မလိုက်ဘူးလား"

"မလိုက်ဘူးဆိုတဲ့ စကားတော့ မကြားချင်ဘူး…နှစ်သစ်"

နှစ်သစ်သည်…သာမန်ယောက်ျားတို့ထဲက ဘာမှပိုပြီး မထူး ခြားလှတဲ့ ယောက်ျားတစ်ယောက်ပီပီ…သူငယ်ချင်းတွေ…အခွယ် ကောင်းမြန်၍…နောက်တစ်ခါ ထပ်ပါသွားပြန်ပါသည်။

ကားကို အုံနာထံ ပိုတ်ဆံသွင်းပြန်အပ်ပြီး…ဒီနေ့ရသလောက် ငွေလေးပြန်ထည့်လာကာ…သူငယ်ချင်းတွေခေါ်ရာ…ကောက်ကောက် ပါအောင် လိုက်လာခဲ့သည်။ ဒီနေ့…သုံးထောင်လောက်ဖဲရလဲ…





ဘာဖြစ်လဲ…။ နောက်နေ့ကျ…ပွဲခဆယ့်နှစ်သိန်းတောင်ရမှာ…။ ဧည့် စိတ်ဆိုးလဲ အဲဒီပိုက်ဆံပုံကြီးနဲ့ ချော့လိုက်မယ်လေ…ဘယ်လောက် အဆင်ပြေလဲ။

သူကတော့ သူ့စိတ်ကူး၊ သူ့အတွေးနဲ့ သူ…ဟုတ်နေပါ သည်။ ညဥ့်နက်တော့…သူ အရက်တော်တော်မူးလာပြီ ဖြစ်တာတောင် ညဆယ်နာရီလောက်မှာ အိမ်ပြန်ဖို့…သူငယ်ချင်းတွေကို…တဂျီဂျီ ပူဆာမိသည်။

အရက်မူးနေသူများပီပီ…သူနဲ့ သူငယ်ချင်းတွေလဲ… အကြောင်းအရာတစ်ခုကို ထပ်ခါတလဲလဲပြောလိုက်၊ ရယ်လိုက်၊ အငြင်း ပွားလိုက်လုပ်ပြီး…ညဆယ်နာရီခွဲလောက်မှပဲ ဆိုင်ကအပြီးထွက်လာ ဖြစ်တော့သည်။

တစ်အုပ်စုကြီး သူငယ်ချင်းတစ်ယောက်၏ကားဖြင့် အိမ်ပြန် ကြရာ…နှစ်သစ် တောင်းပန်လွန်း၍ အရင်ဆုံး နှစ်သစ်အိမ်ကို ဝင်ပို့ ပေးပါသည်။

သံယောဇဉ်သည်…အိမ်အောက်လမ်းမဆီမှ ရယ်သံ… စကားပြောသံ…ဆူညံသံနှင့်အတူ ကားတံခါးပိတ်သံပါ ကြားလိုက် ရ၍…စိတ်ထဲမှာ…တစ်မျိုးဖြစ်ပြီး ဝရန်တာအကွယ်မှ…ချောင်းကြည့် လိုက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ဒီလိုညဘက်အချိန်တွေမှာဆိုလျှင်…ခွဲတို့ ငှားနေသော ဟိုတ်ခန်းရှိရာ ရပ်ကွက်မှာ တိတ်ဆိတ်နေတတ်ပြီး…အဲဒီလို…ခုချ ညံညံအသံကလည်း ကြားရခဲပါသည်။

စိတ်ထဲမှာ စိတ်ချင်းဆက်သွယ်နေတဲ့ သဘောပဲလား မသိ။ ဒီအသံတွေဟာ နှစ်သစ်နဲ့များ ဆက်နွယ်ပတ်သက်နေသလားလို့ ထင် သယောင်ယောင်ဖြစ်ပြီး…ထကြည့်မိတာလဲ ဖြစ်သည်။

တားထဲက…ဆင်းလာသောလူရိပ်မှာ ညဘက် အမှောင်ထု နဲ့အတူ လမ်းမီးအလင်းရောင် ကျိုးတို့ကျဲတဲ…တို့ဖြင့် ပုံပေါ်၍ရသည် မှာ နှစ်သစ်ဖြစ်ကြောင်း သိသာနေသည်။

ခွဲ…ဒီလောက်အခြေအနေကို…ချက်ချင်း သိလိုက်ပါ သည်။ စိတ်ထဲမှာ တောင်းကန် ဒေါသဖြစ်သွားပါသည်။ ဒေါသစိတ် များ ဆူပွက်လာပြီး လူက ဘာလုပ်လို့ဘာကိုင်ရမှန်း မသိအောင် သွေးဖူလာသည်။

ငါ…သေသေချာချာ ပြောထားရက်နဲ့ ထပ်လုပ်လာပြန်ပြီ။ အလကား ယောကျ်ားဆိုတာ ဒီလိုပဲ…။ ပြောတုန်းခဏ…တတိပေး တုန်း ခဏပဲ…ခွေးမြီးကောက် ကျည်တောက်စွပ်…ဆိုတဲ့ စကားပုံနဲ့ပဲ နိုင်းနှိုင်းလိုက်ဖို့ တန်တယ်…။





ခွဲသည်…သူ့ဘာသာ သူ့သော့နဲ့သူ အိမ်တံခါးကို အကြာ ကြီး ကြိုးစားဖွင့်နေမှန်း သိရက် ထမဖွင့်ပေးဘဲ ထိုင်စောင့်နေသည်။

အလွယ်တကူ ဖွင့်နိုင်တဲ့သော့ကိုတောင် အကြာကြီးဖွင့်နေရ လောက်အောင် မမြင်တော့ဘူး။ ဘယ်လောက်တောင်များ မူးလာလဲ မသိဘူး။ ပိုက်ဆံလျှောက်ဖြုန်းပြီး မူးရူးသောက်စားဖို့ပဲသိတဲ့… ယောကျ်ားမျိုး။ တောက်…ဘယ်လောက် နားကျည်းစရာကောင်းလဲ။

ငါ့ကိုလဲ လိမ်ညာအယောင်ဆောင်ပြီး…မရဇက ယူသေး တယ်။ ပြီးတော့…ငါ စိတ်ချမ်းသာအောင်လဲ…မထားဘူး။ ဒါလား ငါ့ကို ချစ်တယ်ဆိုတာ…။

သူ…တံခါးဖွင့်ဝင်လာသည်ကို…ခွဲ…ငြိမ်သက်စွာ စောင့် ကြည့်နေပါသည်။

"ခွဲ…"

သူက…အိမ်ထဲဝင်ဝင်ချင်း…ခွဲကို ဝမ်းသာအားရအသံလို လို၊ တောင်းပန်ချင်သော အသံလိုလိုဖြင့် လှမ်းခေါ်ရင်း အနားကို လျှောက်လာသည်။

"ခွဲ…ကို…ရှင်းပြမယ်…"

"ဖယ်စမ်း၊ ငါ့ကို လာထိစရာ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ...ခိုင်ရယ်...ကို...ရှင်းပြမယ်၊ ရှင်းပြတာ နားထော
ဦး၊ ပြီးမှ ဒေါသဖြစ်ရှင် ဖြစ်..."

"ဖြစ်တယ်...ဖြစ်တယ်၊ ဒေါသဖြစ်ရလွန်းလို့...ပူလှ
ကဲ...ကဲ"

ခိုင်သည်...ညဘက် လူခြေတိတ်ချိန်ဆိုတာတောင် သ
မမှုမိတော့ဘဲ...မြင်မြင်ကရာ...ပစ္စည်းတွေကို ဆွဲယူပစ်ပေါက်
ပေါက်ကွဲစွာ အော်ပစ်လိုက်ပါသည်။

"အရက်သောက်တာ...ဗိုက်ဆံတစ်ပြားမှ မကုန်ပါဘူးကွ
ရဲကျော်...အလုပ်ဖြစ်သွားလို့...တစ်အုပ်စုလုံးကို တကာခံတာ
ခိုင်က ဗိုက်ဆံကုန်မှာ အရမ်းစိုးရိမ်ပြီး ဒေါသတွေ ဖြစ်နေတာပါ

"ဗိုက်ဆံ ဘယ်သူပဲကုန်ကုန်၊ အရက်သောက်သောက်နေ
ကို... မကြိုက်တာ။ အခုတစ်ခါ သူများတကာခံလို့သောက်ရင်
နောက် တစ်ခါတွေမှာ ကိုယ့်အလှည့်ဆိုတာ မရှိလာနိုင်ဘူးလား
ပြော။ အမြဲတမ်း သူများတိုက်တာ လိုက်သောက်ပြီး ဘယ်သူ့ဆီ
သောက်ရမလဲဘဲ...မျှော်ကိုးနေလို့ ရမလား။ ရှင်ဟာ...ဘယ်တော့
တတိမတည်တဲ့ လူစားမျိုး။ ပြောလိုက်ရင်...မိုးလားကဲလားနဲ့၊ ပြီးတော
လုပ်ချင်တာ လုပ်လုပ်လာတဲ့လူ...တော်ပြီ၊ ရှင်နဲ့ မပေါင်းနိုင်ဘူ





ရမယ် ရှင့်ကို လက်ထပ်ဖြစ်မယ်...လက်မထပ်ဖြစ်ဘူး...ဘာမှ...
ရှာရဘဲနဲ့ အရက်သိကၡာတစ်ခုကြောင့် ဖွတ်တိုးပြီး လက်ထပ်ဖို့
းဖြတ်လိုက်ရတာ...ရှင့်ကို သိပ်ချစ်လွန်းလို့ ယူခဲ့တယ် မထင်နဲ့။

ဒီတော့ သိပ်လဲ သည်းညည်းခံမယ်မထင်နဲ့...။ ရှင် အခု
သောက်...အရက်သောက်လာပြီဆိုရင် ရှင်နဲ့ကွာလိုက်တာ အကောင်း
းဝဲ...ငါ သည်းမခံနိုင်တော့ဘူး..."

နှစ်သစ်သည် တော်တော်ကြီးကို အရက်မူးနေတာတောင်
ခိုင်က ကွဲမယ်...ကွာမယ်တွေ ပြောလာသောအခါ လက်မခံနိုင်စွာ
တောင်းပန်နေမိသည်။

"ခိုင်...မကွာရှင်းပါနဲ့ ခိုင်ရယ်...။ ခိုင့်ကို ကို အရမ်းချစ်
တယ်...ကို...ကြိုးစားပြီး လုပ်သမျှဟာ ခိုင့်အတွက်ပါ...။ ခိုင့်အတွက်
တွေချည်းပါ။ ကို...မနက်ဖြန်ကျ ပွဲခ...ဆယ့်နှစ်သိန်းတောင် ရမယ်
ခိုင်ရယ်၊ ဒီနေ့ သူငယ်ချင်းတွေ...အတင်းခေါ်လွန်းလို့ ငြင်းမရတာနဲ့
တို...လိုက်သောက်မိတာပါ။ ကိုတို...ခွင့်လွှတ်ပါ...။ ကို...နောက်
တစ်ခါဆိုရင်...ဒီလို မဖြစ်စေရအောင်..."

ခိုင်က...ဒေါသတကြီးပင် နှစ်သစ်ကို ဆောင့်ဘွန်းရင်း...

"တော်စမ်း..."



www.burmeseclassic.com

www.burmeseclassic.com

ဟု…နှစ်သစ်စကားမဆုံးခင်…အော်ပစ်လိုက်ပါသည်။

ဦးသည်…ဒေါသကြောင့် ကျလာသောမျက်ရည်တို့ဖြင့်…သူမ၏အင်္ကျီအဝတ်အစားတချို့၊ သူမနှင့်သက်ဆိုင်သော ပစ္စည်းတချို့တို့ကို အိတ်အလွတ်တစ်ခုထဲ ထိုးထည့်နေပါသည်။

နှစ်သစ်ကတော့ ဦးကို…ထောင့်တစ်နေရာမှ ခပ်ငူငူထိုင်ကြည့်နေပါသည်။ သူ…တားလဲရမှာ မဟုတ်တော့ဘူးဆိုတာသိ၍ဘာမှ…ဆက်မပြောတော့၊ ဆက်မတားတော့ဘဲ…ထိုင်ကြည့်နေတာဖြစ်ပါသည်။

"ညဘက်ကြီး…မသွားပါနဲ့လား ဦး။ မနက်ကျမှ…သွားချင်သွားပါ တို့ မတားပါဘူး။ ဦး…စိတ်ကောက်ပြေတဲ့အချိန်လောက်မှန်းပြီး ကို…ပြန်လိုက်ခေါ်ပါ့မယ်…"

ဦး…အိမ်ခန်းတံခါးကို ဖွင့်နေစဉ်…သူက ဦးလက်မောင်းတစ်ဘက်ကိုဆွဲလိုက်ရင်း…နောက်ဆုံး ပြောလိုက်ပါသည်။

သို့သော်…ဦးက သူ ဆုပ်ကိုင်ထားသော သူမ၏လက်မောင်းကို ဆောင့်ကန်ရုန်းထွက်လိုက်ပြီး တိုက်ခန်းလှေကားထစ်တွေကိုဒေါသတကြီး နင်းလျှောက်ကာ ဆင်းသွားခဲ့ပါသည်။

●●●





(၆)

"မင်းတို့…အဖြစ်ကလဲကွယ်…ဘာမဟုတ်တဲ့ အကြောင်းအရာလေးနဲ့…ညှိမရအောင် ဖြစ်နေပြီ။ အမေလဲ…မင်း ဒီလို ဖြစ်နေတာတွေ့တော့ စိတ်ဆင်းရဲရတယ်"

အမေက…ညီးညီးညူညူ ပြောပါသည်။ နှစ်ဦးကတော့အထည်တွေ ညှပ်ရင်း…

"တိုကိုကလဲ ဟုတ်သားပဲ။ ဦး…မကြိုက်ပါဘူး ပြောထားရက်နဲ့…သွားလုပ်တာကိုး။ ပြီးတော့ တစ်ခါလဲ မဟုတ်ဘူး၊ နှစ်ခါ

www.burmeseclassic.com



တောင်ဆိုတော့ သူ စိတ်ဆိုးပြီး ဆင်းသွားတော့မှာပေါ့။ ဆင်းသွားပြီးမှ သွားပြန်ခေါ်ရတာ…ပိုခက်တယ်…ဟိုမှာက သူ့မိဘတွေ…မောင်နှမတွေရှေ့မှာ…ပြောပြီး ခေါ်ရတာ။ ကိုယ့်မိန်းမကိုယ်…နှစ်ကိုယ်ကြား ချော့ပြောပြီး ခေါ်လို့ရတာမျိုးလဲ မဟုတ်တော့ ပိုခက်တာပေါ့"

"ငါ သွားခေါ်ရင်…သူက ထွက်တောင် မတွေ့ဘူး၊ သူ့မိဘတွေကတော့ ကောင်းကောင်းမွန်မွန် ခေါ်ပါတယ်၊ သူကကို ထွက်မလာတော့ ခက်တယ်၊ အဲဒီလောက်ကြီး ခါးခါးသီးသီး ဖြစ်ရအောင်လဲ ငါက သူ့ကို ရိုက်နှက်လိုက်တာမှ မဟုတ်တာဟာ"

"အမေ…သတိထားမိတယ်၊ ကောင်မလေးက…သားကို သိမ်လိုလိုလားလား လက်ထပ်ချင်တာ မဟုတ်ဘဲ…ကိုယ်ဝန်ရှိသွားလို့ ကျိတ်မှိတ်လက်ထပ်လိုက်ရတာလို့ ထင်တယ်လေ…

ဘာဖြစ်လို့လဲဆိုတော့ သူ့အနေနဲ့စာရင်…အမေတို့နေရတဲ့ အဆင့်အတန်းက သိပ်နိမ့်နေတာကိုး။ သံယောဇဉ်တို့လို အဆင့်အတန်း မြင့်မြင့်နေတဲ့ အလယ်အလတ်မိသားစုတစ်စုဟာ…သူတို့နဲ့ တန်းတူ ရည်တူပဲဖြစ်ဖြစ်…ဒီထက်မြင့်တဲ့လူစားမျိုးကိုဖြစ်ဖြစ် ပိုပြီးလိုလားတာ ကွဲ့။ အမေတို့လို…မုန့်ဟင်းခါးရောင်း၊ စက်ချုပ်…သားက ဘွဲ့ရ အလုပ်လက်မဲ့…ဟိုယောင်ယောင်၊ ဒီယောင်ယောင် ပွဲစားဆိုတဲ့…





အဆင့်ကို စိတ်ကူးထဲတောင်…ထည့်မှာမဟုတ်ဘူး။ သားကို ရည်းစား အဖြစ် လက်ခံလိုက်တာတောင် အံ့ဩပါတယ်"

ဒီတော့မှ…နှစ်သစ်ကလဲ…သူ လိမ်ညာခဲ့ဖူးတာကို အမေတို့အား ပြန်ပြောဖို့…သတိရတော့လေသည်။

"မဟုတ်ဘူး အမေ…။ ကျွန်တော် သူ့ကို ညာပြီး ပိုးပန်းခဲ့ရတာပါ။ နယ်ကတက်လာတဲ့…တောသူဌေးလိုလို ဘာလိုလိုပေါ့။ ကားပွဲစားတောင် မဟုတ်ဘူး။ ကိုယ့်ဘာသာ ဝယ်ပြီးသားကားကို ပြန်ရောင်းတဲ့အလုပ် ဝယ်ရောင်းလုပ်နေတဲ့သဘော ပြောထားပြီး သူငယ်ချင်းတွေကောင်းမှုနဲ့…တစ်စီးပြီးတစ်စီး ပြောင်းစီးပြီး…သူ့ကို ပိုးတော့ သူကလဲ…အဟုတ်ထင်ပြီး ပြန်ကြိုက်လိုက်တာပါ။ သူ့ကို သွားပိုးတဲ့အချိန်တည်းက သား သိနေပါတယ်။ သူက သားဘဝ အခြေအနေမှန်ကိုပြောပြရင်…သားရုပ်က ဘယ်လောက်ကြီးပဲ ချောနေနေ ကြိုက်မှာမဟုတ်ဘူး။ ဒါကြောင့်…ညာပြီး ချဉ်းကပ်ခဲ့တာပါ"

အမေနှင့်နှစ်ဦးတ ထိုအခါကျမှ…အဖြစ်မှန်ကို…သိသွားကြ ပေမဲ့…သံယောဇဉ်ကို အပြစ်မမြင်ဘဲ…နှစ်သစ်ကိုသာ အပြစ်ဖိုင်း တင်ကြပါသည်။

နှစ်သစ်ကတော့ အခုမှပင် တကယ်အသည်းကွဲသလို ခံစား



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။ ဘယ်အချိန်ပဲဖြစ်ဖြစ် ခွေးကို သတိရနေကာ နားထဲမှာ ခွေးစကားသံလေးတွေကို ကြားယောင်နေပါသည်။ ခွေးရယ်...ကိုယ့်မှာ...ပိုက်ဆံ ဆယ့်နှစ်သိန်းတောင် ရှိနေပြီ။ ကို...ခွေးမရှိဘဲ ဘာလုပ်ရမှာလဲ။ ပိုက်ဆံ ရှာတယ်ဆိုတာ ခွေးအတွက်ရှာတာ...ခွေးမရှိရင် ဒီပိုက်ဆံလဲ ဘာမှအဓိပ္ပါယ် မရှိတော့ဘူးပေါ့။

သူသည်...နှစ်ရက်ခြား၊ သုံးရက်ခြားလိုလို...ခွေးမိဘအိမ်ကို လိုက်လိုက်သွားပြီး ခွေးကို ပြန်ခေါ်ဖို့ ကြိုးစားပါသည်။

ခွေး...အလုပ်လုပ်သည့် ဆေးကုမ္ပဏီမှာလည်း...အလုပ်အသွားအပြန်အချိန်ကို...မှန်းပြီး သွားသွားစောင့်ပါသည်။ ဒါပေမဲ့...ခွေးက အလုပ်တောင် သွားပုံမရ။ အလုပ်ကို လာတာလဲ မတွေ့။ ပြန်တာလဲ မတွေ့ရ။ အိမ်ထဲက အိမ်ပြင်လဲ မထွက်ဘဲ နေနေသည်။

တစ်ခါတစ်ရံ...သူ တစ်နေကုန်နီးပါး ခွေးတို့အိမ်ကို...လှမ်းမြင်ရသည့် နေရာတစ်နေရာမှ...ပုန်းအောင်းပြီး စောင့်တတ်ပါသည်။

သို့သော်...ခွေးအရိပ်အယောင်တိုမျှ မတွေ့ရ။ ဝရန်တာ...အဝတ်လှမ်းရာစဥ်မှာ ရိပ်ခနဲလိုလို...အဝတ်ထွက်လှမ်းတာလေးလောက်ပဲ တွေ့ရပြီး...ခွေးက...အိမ်အောက်တောင်ဆင်းပုံ မရပါ။

ကြည့်ရတာ သူ အချိန်မရွေး စောင့်နေနိုင်သည်ဟုထင်ပြီး





ဘမင်ပဲ အိမ်တွင်းအောင်းတာ ရှောင်နေပုံ ရပါသည်။

ခွေးမိဘတွေရဲ့သဘောတလဲ...အရှင်းကြီးပင်။ သူတို့ ပြောတာက...

"မင်း...မိန်းမသဘောပါ...။ သူ သဘောတူကျေနပ်ရင် ထွက်တွေ့မယ်...ပြန်ခေါ်တာကို လက်ခံမယ်။ ဒို့ဘက်က ဘာမှလဲ ဝင်မစွက်ဖက်ပါဘူး။ တားလဲ မတားဘူး။ အကြံဉာဏ်လဲ မပေးပါဘူး။ လင်မယားကြား ဝင်မပါတာ အကောင်းဆုံးပဲ...မောင်နှစ်သစ်။ ဒါကြောင့်...ဝင်မပါပါဘူး။ သူကကို မင်းကို ထွက်မတွေ့ချင်တာတော့...မတတ်နိုင်ဘူးလေ"

နှစ်သစ် သွားတိုင်း ဧည့်ခန်းမှာ ထိုင်စောင့်ရတာပင် အဖတ်တင်ပြီး နာရီဝက်လောက် ထိုင်စောင့်လာလျှင်တော့ ယောက္ခမနှစ်ဦးထဲမှ...တစ်ဦးမဟုတ် တစ်ဦးကလာပြီး ဤသို့ ပြောတတ်ပါသည်။

သဘောက...သူတို့သမီးကို ထွက်တွေ့ပြီး စကားပြောဖို့လဲ သူတို့ မတိုက်တွန်းပေးနိုင်ဘူး။ တားလဲ မတားထားဘူး။ သူမှထွက်မတွေ့တာ မင်း ပြန်ရင် ပြန်တော့...ဟု အချိုသတ်ပြောပြီး နှင်တတ်တာမျိုးပင်။

ကြာတော့လဲ...သုံးလေးငါးခေါက်လောက် သွားခေါ်ပြီးလျှင်

www.burmeseclassic.com

နှစ်သစ်လည်း မျက်နှာမူရှက်ရွံ့လာကာ…သွားမခေါ်ရဲ။ အိမ်ဧည့်ခန်းမှာ သွားထိုင်မစောင့်ရဲတော့ပါ။

ဖုန်းသံ ဆက်ရပါသည်။ ဖုန်းဆက်တိုင်းလဲ…ခဲ့နဲ့ စကားပြောခွင့်ရမည်ဟု…သူ သိပ်မမျှော်လင့်တော့ပေမဲ့…တစ်ပတ်တစ်ခါလောက်တော့ဆက်ပြီး ခဲ့နဲ့ စကားပြောခွင့်ရဖို့ ကြိုးစားခဲ့မြဲ။

"ခဲ့က စကားမပြောချင်ပါဘူးတဲ့"

ဆိုတဲ့…အဖြေကို…ဘယ်သူမဲ့ လာပြောပြော…သူတို့ပြောတာ…အစွန်ဟု…သူ ယုံလို့ရပါသည်။ အေးလေ…လူကိုယ်တိုင် သွားတာတောင်…တွက်တွေပြီး စကားမပြောခဲ့တာပဲ။ ဖုန်းဆက်တော့ ရိုပြီးဆိုးတာပေါ့…။

ဘာရယ်မဟုတ်ပါပဲ…။ အဲဒီလို မတာ်မကျအခြေအနေကြီးနဲ့ ခဲ့ကို စောင့်စားလာလိုက်တာ…သူတို့ တွဲသလိုလိုဖြစ်နေခဲ့သည်မှာ လေးလကျော်လာတော့ အမေက…ပြောလာပါသည်။

"အမေ…သွားတောင်းပန်ပြီး ခေါ်ပေးပါ့မယ် သားရယ်။ ငါ့သား ဒီလိုကြီး ငူငူငေါင်ငေါင်နဲ့ ဖြစ်နေတော့ အမေလဲ…စိတ်မကောင်းပါဘူး"

အမေ…ဝင်ပါမည်ကိုတော့…သူ လက်မခံနိုင်ပါ။





"ဟာ…မဟုတ်ဘူး အမေ…။ ဒါ…သား မှားလို့ဖြစ်တဲ့ ကိစ္စပါ…အမေ အာမှုဝင်တောင်းပန်စရာ မလိုဘူး"

"ဒါဖြင့် မင်းက အမေ့ဆီလာတိုင်း သက်ပြင်းတချချ…တွေတွေငိုင်ငိုင်နဲ့ ဖြစ်ဖြစ်နေတော့ အမေက စိတ်ချမ်းသာပါ့မလား။ ပြီးတော့…သံယောဇဉ်ကိုတောင်…စိတ်ထဲမှာ မျက်လာတယ်။ ငါ့သားက လူကောင်းတော့ မဟုတ်ပေမဲ့ လူဆိုးကြီးတစ်ယောက်လဲ မဟုတ်ပါဘူး။ မိန်းမက ပိုက်ဆံရှာနိုင်းတော့လဲ…ကုန်းရုန်းရှာတာပါပဲ။ အခုရထားတဲ့ ပိုက်ဆံလေးတောင်…မိန်းမ ပြန်လာရင်…မျက်နှာလုပ်ဖို့ သူ့မှာ မသုံးရက်၊ မစွဲရတ် နေနေတာပါ။ အရက်သောက်တဲ့ အပြစ်တော့ရှိပေမဲ့ နေ့စဉ်ရက်ဆက်ကြီး သောက်ခဲ့တာလဲ မဟုတ်ဘူး။ အကျိုးအကြောင်းလေးတွေ တိုက်ဆိုင်သွားလို့ မှားမိခဲ့တာကိုပဲ အပြစ်ကြီးလုပ်ပြီး မခေါ်နိုင်၊ မပြောနိုင်…စိတ်အခဲမကျေနိုင်နဲ့…ဖြစ်နေတော့။ အမေက…အမေ ဘာများ 'ထမ်တောင်းပန်ရဦးမလဲလို့…သွားပြီး မေးချင်လာတာပါ။ သားသမီး မကောင်းတော့ မိဘခေါင်းပေါ်…ရောက်ရတဲ့သဘောနဲ့…သားရဲ့အပြစ်တွေကို အမေက…ကိုယ်စားထပ်တောင်းပန်ပါတယ်လို့…သွားပြောချင်တာပါ"

အမေက…ခဲ့ကို စိတ်ကွက်လာတာမြင်တော့ နှစ်သစ်ပင်

www.burmeseclassic.com



စိတ်မကောင်း ဖြစ်ရသည်။ အမေနဲ့ ဧည့်ကြားမှာ ဘာမှ…မှန်းစ
မရှိပါဘဲ ဟိုမှန်းဒီမှန်း ဖြစ်မလာစေချင်ပါ။

"ရပါတယ် အမေ…သွားမတောင်းပန်ပါနဲ့၊ သား…သူ
လက်လျှော့လိုက်တာတော့ မဟုတ်ပါဘူးလေ။ ဒါပေမဲ့ စဉ်းစားကြ
မိတယ်။ ငါ…လိမ်ညာပြီး ပိုးပန်းယူခဲ့ရုံမကဘူး…ငါ့ဘက်က မစော
ထိန်းဘဲ ရည်းစားဘဝမှာတောင် သူ…ငါ့ကို မယူမဖြစ်တော့အော
ချုပ်ကိုင်လိုက်မိလို့ သူ…ကျိတ်မှိတ်ယူလိုက်ရတာ…။ အခုတော
သူ ငါ့ဆီက ထွက်သွားချင်လောက်အောင်…အကြောင်းပြချက်တစ်
ရသွားတုန်း ထွက်သွားပြီမဲ့။ ငါ ဘယ်လိုလုပ်သွားခွဲခေါ်လို့ ရတော
မလဲလို့ တွေးမိလာတယ်…။ ဒါကြောင့် သူ စိတ်ချမ်းသာသ
နေပါစေလို့ စိတ်ဆုံးဖြတ်လိုက်ပြီး…သူ့ကို အဆက်အသွယ်မလု
တော့ဘဲ နေနေခဲ့ပြီ အမေ…။ သူ…မနေချင်တဲ့…အခြေအ
တစ်ခုထဲကို အယ်လိုနည်းနဲ့မှ အတင်းပြန်ခေါ်လို့ မရတော့ဘူးဆိုတ
သား သိလာပါပြီ…"

"ဒါဖြင့်လဲ မင်းက မှိုင်မနေပါနဲ့…။ ကိုယ့်ဘဝကိုယ် တို
တက်အောင် တစ်ခုခုလုပ်ဦး။ မိန်းမတစ်ယောက်အတွက်နဲ့ လူပေ
လူတောဖြစ်အောင် ရည်ရွယ်ပြီး ငါမွေးထားတာ မဟုတ်ဘူး။ လုပ်



ိုက်စမ်းပါ…သူ အထင်သေးတဲ့ အသိုင်းအဝိုင်းထဲက…လူတစ်
ောက်မှာလဲ အစွမ်းအစတွေရှိတယ်လို့ လုပ်ပြလိုက်ပါ သားရယ်"

"သား…နားလည်ပါတယ် အမေ"

"တကယ်တော့ သားတို့မှာ လက်ထပ်စာချုပ် ရှိတာပဲ၊
ားသာ စိတ်ပါရင် သူ့ကို တရားရုံးကနေ ပြန်ခေါ်လို့တောင်
တယ်"

"မလုပ်ချင်ပါဘူးအမေရယ်…ထားလိုက်ပါတော့။ သား…
ူကို တကယ်မေတ္တာစစ်နဲ့ ချစ်တာမှန်ခဲ့ရင်…တစ်နေ့ကျ သူ…သား
ီကို ပြန်လာခဲ့လိမ့်မှာပါ"

နှစ်သစ်က…စိတ်လျှော့ထားပေမဲ့…မျှော်လင့်ချက်တွေ
ကုန်ခန်းနိုင်စွာ…ပြောနေမိသေးလေသည်။

သို့သော်…ဧဉ်ကတော့…သူ့ဘဝထဲကနေ ထွက်သွားခဲ့
ည်မှာ တစ်နေ့၊ တစ်ရက်၊ တစ်နာရီ၊ တစ်စက္ကန့်လေးမှ သူမကို…
ွင်နိုင်တော့အောင်…သူမ အသံကို မကြားနိုင်တော့လောက် အောင်
ီ ခြေရာပျောက်ကျွမ်းကျင်ခဲ့လှပါပေသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်သည်…သူမ၏ ဆုံးဖြတ်ချက်ကို…မေမေ…မေမေ
ဘာပြောမလဲလို့…ရင်ထိတ်စွာ…စောင့်နေခဲ့မိပါသည်။

ဆုံးဖြတ်ပြီးမှ လူကြီးမိဘတွေကိုလဲ အသိပေးပြီးမှ ဒီစ
ကို ဘယ်တော့မှ…ပြင်လို့မရတော့မှန်း…ဒေါ်…သိထားခဲ့ပေမဲ့
ဒေါ် ဒါကို တကယ်ပင် အကောင်အထည် ဖော်လိုက်ပြီးပြီ။ ဒေါ်
ဝမ်းနည်းမိသလား…နောင်တရမိသလား…လုံးဝကို…မစဉ်းစား
ပါ။

"သေချာရဲ့လား သမီးရဲ့…"

မေမေက ပြန်မေးနေလေသည်။





"စကားကို အကုန်မပြောနဲ့ဆိုတဲ့ စကားပုံတောင် ရှိတာနော်
…သမီးစိတ်ထဲမှာ သေချာမှ…လုပ်၊ သေချာမှ…ပြော…။ မမေ
တို့က…ဘာမှလဲ မတိုက်တွန်းဘူး။ ချုပ်လဲ မချုပ်ကိုင်ဘူး…"

"ဟုတ်တယ်…။ သမီးစိတ်သဘောနဲ့သမီး တစ်ခါ အမှား
လုပ်ပြီးပြီ။ နောက်တစ်ခါ ထပ်မှားရင် မကောင်းတော့ဘူးနော်"

ဒေါ်က…တည်ငြိမ်စွာပင် မေမေနဲ့မေမေကို ကြည့်ရင်း…

"ဒေါ်…တကယ်…ပြောတာပါ…မေမေ"

"သူနဲ့ သိပ်သဘောတူလို့ရယ်တော့ မဟုတ်ဘူး မိန်းကလေး
ဆိုတာ အိမ်ထောင်မပြုဘဲ အပျိုကြီးဘဝနဲ့နေခဲ့ရင် တစ်မျိုးဝုဏ်ရှိ
တယ်…။ ဒါပေမဲ့ အိမ်ထောင်တစ်ခါပျက်ဖူးပြီးမှ…တစ်သက်လုံး
တစ်ယောက်တည်း နေသွားမယ်ဆိုရင်တော့ သိပ်မကောင်းဘူး။ မေမေ
မေမေတို့ ရှိနေတုန်းတော့ သမီးအတွက် သိက္ခာလေးရှိပြီး လုံခြုံပေမဲ့
ဘတွေ…မရှိတော့တဲ့အခါ သမီးဟာ ဘယ်လိုအသက်အရွယ်နဲ့ပဲ
နေခဲ့ပါစေ…။ လူတွေက မလေးမစား ဆက်ဆံတာ ခံရမယ်…
တွေးသဖြင့် စိတ်ဓာတ်ညှိုးဖျင်းတဲ့ ယောကျ်ားတွေကတော့ ကိုယ်
ယ်လောက် အနေမှန်မှန်…ကိုယ့်အပေါ် မလေးစားတဲ့အပြုအမူ
စကားအပြောအဆိုတွေနဲ့ ဆက်ဆံတာ ခံရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ခွဲ...စဉ်းစားထားပါတယ်၊ အဲဒီအရွယ်ကျ ခွဲ...ရို သာမှာ သွားနေပြီး တရားရှာတဲ့အလုပ်လုပ်ရင်းနဲ့ပဲ ဘဝကို အဆုံး သတ်လိုက်ချင်တယ်...။ ခွဲ အိမ်ထောင်ရေးကို စိတ်ကုန်နေပြီ မေမေ ခွဲ တစ်ခါကံမကောင်းခဲ့ပြီးပြီမို့ နောက်တစ်ခါ ထပ်ပြီးတော့လဲ ဒ မစမ်းချင်တော့ဘူး။ လက်ခံရရှိပြီးသားတဲ့တရားကိုလဲ ဘယ်လို ကြိုးစားပြီး ကောင်းအောင် မလုပ်ချင်တော့ဘူး။ ခွဲ...ဒီအတိုင်းလေး ကိုယ်လုပ်ချင်တာလုပ်ပြီး နေပါရစေ ခွဲ...။ အဲဒီလိုပဲ နေလိုက်ချ တော့တယ်"

"အေးလေ...သဘောပဲ..."

"ဒါဆို...ခွဲ သူ့ဆီ ကွာရှင်းစာချုပ် ဘယ်လိုပို့ပေးရမလဲ ကူပြီး စဉ်းစားပေးပါဦး။ ခွဲ သူနဲ့တော့ လူချင်းခေဆုံချင်တော့ဘူး မကြားချင်တဲ့စကားတွေ ကြားနေရဦးမယ်...ပြီးတော့ လျှာအရိုးမ တိုင်း ပေးတဲ့ကတိတွေကို...နားထောင်နေရဦးမယ်"

"သမီး သေသေချာချာ ဆုံးဖြတ်ပြီးပြီဆိုရင်...ဖေဖေနဲ့မေ မိတ်ဆွေ ရှေ့နေကြီးကတဆင့် ပို့ပေးလိုက်ရုံပါပဲ...ဒီအတွက် ခေါင ထဲ ဘာမှမထားနဲ့တော့ ဟုတ်ပြီလား...။ သမီးသာ သွားရမဲ့ခရီး စိတ်ဖြောင့်ဖြောင့်နဲ့သွား..."





မေမေကတော့ ခွဲ့ကို ခေါင်းကလေး အသာသပ်ပေးရင်း ခွဲဆံပင်လေးတွေကို နားရွက်နောက်ထဲ ထိုးထည့်ရင်း...

"တကယ်တော့...မေမေတို့လဲ...သမီးလေးကို အတင်း အကျပ် ဘာမှမလုပ်နိုင်ချင်ပါဘူး...။ သမီး စိတ်မချမ်းသာတဲ့ အိမ် ထောင်ရေးထဲကိုလဲ ပြန်မသွားစေချင်ပါဘူး။ သမီး စိတ်ပြေပြီး ပြန်သွား ရင်တောင်...စိတ်မကောင်းဖြစ်ပြီး ကျန်ခဲ့ရမှာ...။ ဪ...ငါ့သမီး လေး...ဆင်းတောင့်ဆင်းရဲနဲ့နေပြီး...အရက်လေးသောက်မြမြလုပ်တဲ့ ယောကျ်ားကို ပြန်ပေါင်းတော့မှာပါလားဆိုပြီး ဝမ်းနည်းကျန်ခဲ့ရမှာ လေ။ သမီး အခုလို...ရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်တော့ မေမေတို့ ဝမ်းသာ တာပါပဲ...။ တစ်ခုပဲ...စိုးရိမ်တာ။ သမီးလေး သိက္ခာကျမှာမျိုးပေါ့။ ပြီးတော့...နှစ်သစ်က လက်မခံတဲ့ တရားရုံးက ရင်ဆိုင်လာတော့ ဘာညာလုပ်မှာ စိုးတာမျိုးပေါ့"

"သူ...အဲဒီလို လုပ်မယ် မထင်ပါဘူး၊ သူလဲ သူ့မာနနဲ့ သူပဲ...။ မိန်းမတစ်ယောက်က သူ့ကို မပေါင်းချင်တော့ပါဘူးဆိုတာ ကို အတင်းတွယ်ကပ်ပြီး မရှုံးရတဲ့နည်းနဲ့ ပြန်ပေါင်းရအောင် ကြိုးစား မယ် မထင်ပါဘူး"

"မေမေ...နောက်ဆုံးတစ်ခု ထပ်မေးမယ် သမီး။ သေသေ ချာချာ စဉ်းစားပြီး ဖြေ..."



www.burmeseclassic.com

www.burmeseclassic.com

ဧဦ…မေမေ့မေးခွန်းကို စောင့်နေခဲ့သည်။

မေမေက…

"သမီး…သူ့ကို မချစ်ခဲ့ဘူးလား၊ တစ်နှစ်ကျော် ပေါင်းလာခဲ့တာပဲ…သံယောဇဉ် မရှိဘူးလား"

ဟု အသေအချာ မေးလေသည်။

ဧဦသည် ဓလေ့ဓဝါဖြင့် တွေးနေမိသည်။ ဧဦ…သူ့ကို ချစ်သလား။ အင်း…ချစ်တော့ ချစ်ခဲ့တာပဲ။ ရည်းစားဘဝတုန်းကတော့ သူ…စကားပြော ယဉ်ကျေးတာ၊ အစစအရာရာ အလိုက်သိတတ်တာ…။ အနေအထိုင်…အဆင့်မြင့်တာ…။ ဘွဲ့ရပညာတတ်မြို့သားတွေအဖြင့် နယ်မှာလဲ…ကြေးရေတတ်စာရင်းဝင် သူဌေးသား ရှယ်လေးအဖြစ်ပါ…ရောနှောအထင်ကြီးပြီး တော်တော့်ကို ချစ်မိ၊ တွယ်ကာမိခဲ့တယ်လေ။ ဒါကြောင့်…သူ့အလိုမှန်သမျှ လိုက်လျောမိခဲ့လို့ပဲ…မဖြစ်သင့်တာတွေဖြစ်ပြီး…မြန်မြန်ပဲ လက်ထပ်လိုက်ရတာ…။

တကယ့်တကယ်တော့…ကိုယ် သူ့အပေါ် ချစ်တဲ့အချစ်ဟာ သူ့ရုပ်ရည်၊ သူ့အဆင့်အတန်းတွေကိုပါ ထည့်တွက်ပြီး သာယာစေတ်မောမှုနဲ့ ချစ်လိုက်မိသလိုလိုပါပဲ။

အချစ်စစ်နဲ့ ချစ်ခဲ့သလား၊ မချစ်ခဲ့သလားတောင် မစဉ်းစားခဲ့မိဘဲ လက်ထပ်တဲ့အထိ ဖြစ်သွားခဲ့တယ်…။





အိမ်ထောင်ကျတော့လဲ သူ့ကိုပဲ အားကိုးပြီး ရပ်တည်ရတော့မယ်ဆိုတဲ့စိတ်နဲ့ သံယောဇဉ်တော့ ပိုလာပေမဲ့ သူ ဒီရေ…မြေလှမ်းရက်လာတာကျ တစ်စက်လေးမှ သည်းမခံနိုင်ဘူး။ ဘဝမှာ ဘာမှ မပြည့်စုံသေးခင် အရက်လေးတောင် မသောက် စေချင်ပါဘူးလို့…အသေအချာ ပြောထားရက်နဲ့ တစ်ခါလဲမဟုတ်… နှစ်ခါတောင် လုပ်ရက်လေခြင်းဆိုပြီး စိတ်နာခဲ့တယ်၊ နာကျည်းလ မိတယ်။

သူများတွေကပြောတာ ကြားဖူးပါတယ်။ ကို ဒ်…တကယ်ချစ်လို့ ယူထားတဲ့ယောကျ်ားဆိုတော့…သူ အပြစ်လုလဲ…ခဏပဲ စိတ်ဆိုးပြီး…နောက်တော့…ခွင့်လွှတ်မိသွားတာပါပဲ…တဲ့။

ဒါဖြင့်…ငါကရော သူ့ကို…။ ဟင့်အင်း…ငါကတော့ သူ့ကို ခွင့်မလွှတ်နိုင်ခဲ့ဘူး။ ဘယ်လိုမှကို…ခွင့်လွှတ် လို့ မရခဲ့ဘူး။ ဒါဆိုရင် ငါ သူ့ကို တကယ်မချစ်ခဲ့လို့များလား…။ သူ့ကို တကယ်ချစ်၊ မချစ် မသိသေးတဲ့အချိန်မှာပဲ…လက်ထပ်လိုက် ရတာမို့…သူ အပြစ် အသေးအဖွဲလုပ်လဲ…ငါ…ဘယ်လိုမှ ခွင့်လွှတ်လို့ မရနိုင်တော့ဘူး။ အပြစ်ကြီးကြီးမားမားသာ လုပ်လာရင်…သတ်တောင် သတ်မိမယ် ထင်တယ်…။

"ဟဲ့…သမီးရယ်…ငေးနေလိုက်တာ၊ မငြှဲချင်ဘူးလား၊ ဒါဆို…ရပါတယ် မေမေ…ထပ်မမေးတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခင်…တမန်းကတန်းပြန်၍ ချေပလိုက်ပါသည်။

"မဟုတ်ဘူး မမေ၊ ခင်…ပြန်စဉ်းစားကြည့်နေတာပါ၊ ခင့်မှာ ဖြေစရာရှိပါတယ်…။ ခင် သူ့ကို မယူရင်မရတော့တဲ့ အခြေအနေတစ်ခုကြောင့်သာ ယူလိုက်ရတယ်…။ တကယ် မချစ်ခဲ့ပါဘူးဒါကြောင့်…သူ ဘာအပြစ်လုပ်လုပ် ချစ်စိတ်နဲ့ ခွင့်လွှတ်မိတာမျိုးဖြစ်မလာဘူး။ အပြစ်ပဲ မြင်နေမိတယ်…။ အဲဒါ ခင့်ရင်ထဲမှာ သူ့ကို တကယ်မချစ်ခဲ့လို့ပေါ့။

ကိုယ် တကယ်ချစ်တဲ့သူဆိုရင် အပြစ်လုပ်လဲ…အလိုလိုခွင့်လွှတ်ချင်လာကြတာပဲ…မဟုတ်လား"

●●●





နှစ်သစ်သည် သူ့ရှေ့မှ စာရွက်အထပ်ကို…မလိုမုန်းထားစွာကြည့်ရင်း…

"ကျွန်တော်တို့ ဘာပြဿနာကြီးကြီးကျယ်ကျယ်မှ မဖြစ်ဘဲ အခုလို ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပေးဖို့ တောင်းဆိုတဲ့အထိ ဖြစ်သွားတာကို အံ့သြနေတယ်ဗျာ…။ ပြီးတော့ သူက ဘာကြောင့် ကျွန်တော့်ကို တစ်ချက်ကလေးမှ လာမတွေ့ဘဲ အခုလိုရှေ့နေရှေ့ရပ်ကတဆင့် ခေါ်ပြောပြီး လက်မှတ်ထိုးခိုင်းရတာလဲ…။ ကျွန်တော့်ကို ဘာမှ အဲဒီလောက်ကြီး နာကျည်းစရာလဲ မရှိပါဘူး။ ကျွန်တော် အရယ်သောက်လာခဲ့တာပဲ အပြစ်ရှိတယ်…။ ကျွန်တော် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါမှ မရိုက်နှက်ခဲ့ဘူး။ စကားမာမာလဲ မပြောခဲ့ပါဘူး…။ ဘာမဆို သူ စိတ်ချမ်းသာတာပဲ ဦးစားပေးခဲ့တာပါ…"

ရှေ့နေကြီးက နှစ်သစ်၏စကားကို ဆုံးအောင်နားထောင်ပေးပါသည်။

"ကိုနှစ်သစ်…လက်မှတ်ထိုးပေးဖို့ပဲ…ကျွန်တော် တာဝန်ယူပြီး…ပြောဆိုပေးရတာပါ…။ ကျွန်တော်…ဘာမှ…မသိပါဘူး"

"ကျွန်တော်…သူ့ကို ခဏတွေ့ပြီး စကားပြောချင်တယ် ဆိုရင်ရော…"

ရှေ့နေကြီးက ပြုံးပါသည်။ ပြီးတော့မှ…နှစ်သစ်မျှော်လင့်မထားသော…အကြောင်းအရာတစ်ခုကို အသိပေးလိုက်သည်။

"မသံယောဇဉ်နဲ့ စကားပြောချင်လို့ ရမယ်မထင်ဘူး…သူက ဒီမှာ မရှိတော့ဘူးလေ"

"ခင်ဗျာ…"

"သူ့အဒေါ်တစ်ယောက်က…ဘန်ကောက်မှာ စီးပွားရေး လုပ်နေတာ…တော်တော့်ကို…အဆင်ပြေပြီး…သူနဲ့အတူ အလုပ်ကူ လုပ်ပေးဖို့ ဒီက…တူ၊ တူမတွေကို…လှမ်းခေါ်တယ်လေ။ အဲဒါ…ကိုသတ္တိလဲ သူ့ကုမ္ပဏီကအလုပ်ထွက်၊ မသံယောဇဉ်လဲ…အလုပ်ထွက်ပေါ့၊ သူတို့မောင်နှမ သွားကူပေးရမယ်…တခြားမောင်နှမဝမ်းကွဲ နှစ်ယောက်လဲပါတယ်…၊ သူတို့ လေးယောက်စလုံး…အဲဒီအဒေါ် ဖြစ်သူရဲ့…လုပ်ငန်းမှာ ကူလုပ်ရင်း ကိုယ်သင်ယူချင်တာ လေ့လာချင်တာတွေလဲ…သင်ရဖို့ဆိုပြီး လိုက်သွားကြပါတယ်။ တစ်လလောက် ရှိပြီ…သွားကြတာ…"

"ဘယ်လောက် ကြာကြာနေမှာလဲ"

"အဲဒါတော့…ကျွန်တော်…မသိဘူး ခင်ဗျ။ သူ့အဒေါ်က အဲဒီမှာ…အခြေခိုင်ပြီးရင် ဘန်ကောက်နဲ့ရန်ကုန် အဆက်အသွယ်လုပ်မယ်။ ရန်ကုန်ဘက်မှာလဲ…သူ့စီးပွားရေးကို တိုးချဲ့မယ်လို့ ပြောထားတယ်။ ရန်ကုန်မှာပါ…အသေအချာ အခြေခိုင်မှ သူ့တူ၊ တူမတွေ တာဝန်ယူပြီး လုပ်ပေးဖို့…ဒီကို…ပြန်လာကြမှာတဲ့…။ ကျွန်တော် အဲဒီလောက်တော့…သိထားပါတယ်။ ဘာကြောင့်လဲဆိုတော့…ကျွန်တော်က ဒီမိသားစုကြီးတစ်စုလုံးရဲ့ ရှေ့နေဖြစ်နေတာကိုး…။ မသံယောဇဉ်ကတော့…ဘန်ကောက်မှာ…ဒီဇိုင်နာသင်တန်းဆိုလား တက်ဖို့ ပြင်ဆင်နေပါတယ်။ သူကတော့ ဒီပြန်လာ…၊ မလာ…ကျွန်တော် မသိရပါဘူး။ ကျန်တဲ့…လူတွေကတော့…ရန်ကုန်မှာ တုမ္ပဏီဖွင့်ရင်…ပြန်လာကြမဲ့သူချည်းပဲ…။ အခုခဏတဖြုတ်…အဲ







www.burmeseclassic.com

www.burmeseclassic.com



. . ခဏတာမြုတ်ဆိုတာတောင် . . နှစ်နဲ့ချီပြီး နေရမှာလေး အဲဒါ . . သွားကုတဲ့သဘောပါ . . .”

နှစ်သစ် . . မှိုင်တွေသွားပါသည်။ ကြော် . . ခိုက တစ်ခါ တည်းကို . . အစပျောက်သွားလိုက်တဲ့ သဘောပဲ။ သူနဲ့ဆုံရမှာစိုးလို့ သူနဲ့ဝေးရာကို . . ပြေးတာပဲပေါ့။

ဘန်ကောက်နဲ့ ရန်ကုန်ဆိုတာ . . သိပ်မဝေးပေမဲ့ . . သွားချင် ရင် အချိန်မရွေးသွားနိုင်ပေမဲ့ . . နှစ်သစ်လို . . ဘာမှဟုတ်ဟုတ်ဟုတ် ဟုတ် ပိုက်ဆံမရှိတဲ့ကောင်က စီးပွားရေးလုပ်ငန်းမှ မပြုနိုင်တဲ့ကောင် ကတော့ . . ဘယ်လိုလုပ် . . သွားချင်လို့ရပါ့မလဲ။

သွားတော့ရော . . ကိုယ့်နိုင်ငံမဟုတ်တဲ့နေရာမှာ ဘယ်လို လိုက်ရှာမလဲ။ ဘယ်မှာရှိမလဲတောင်မှ . . မသိတာ။ သိချင်လို့စုံစမ်း လဲ . . ဘယ်လိုမှရမယ် မထင်။ ဒီတိုင်းတို . . ရှေ့နေကတာဆင့် သိရ ပေမဲ့ . . ရှေ့နေကြီးကလဲ . . သံယောဇဉ် . . ဘယ်မှာနေသည်ဆိုက တော့ ပြောမည့်ပုံမပေါ်ပါ။ သူ . . ပြောသင့်ရသလောက်၊ ပြောခွင့်ရှိ သလောက်သာ အသိပေးခြင်းပင်။

ဒီလောက်ဆို . . ကို . . သဘောပေါက်ပါပြီ ခိုရယ် . . . မင်း . . ကိုကို တကယ်မချစ်ခဲ့ဘူးနော် . . . ကိုကတော့ အရမ်းချစ်





ရတာ . . အခုထိ . . ချစ်နေဆဲပဲ။ ခို . . ထားသွားခဲ့တာတောင် ခိုကို နာကျည်းခဲ့ပါဘူး . . ခိုရယ် . . .။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



# တဝဒီသောကရှင်အကျော်
## ( ခုနစ်ရှမ်းရဲ့ ကြောသောအခါ… )



www.burmeseclassic.com

www.burmeseclassic.com

(၇)

သဲယောခဉ်သည် အိပ်မက်တစ်ခုထဲ…ရောက်သွားသူ… တစ်ယောက်လိုပဲ ရိုဝေစွာ…ကြည့်နေလျှင် သူက…ထိတ်ထိတ်ပြာ ပြာ…ဖြစ်သွားသည်။

"တွန့်တော့်ကို…လက်မခံနိုင်ဘူးလား၊ သဲယောခဉ်…" သူမ…ခေါင်းထဲမှာ…အလုပ်ရှုပ်နေသည်။

လူတစ်ယောက်က…လက်ထပ်ခွင့်တောင်းခြင်းအတွက် လက်ခံလေး၊ လက်မခံဘူးလားကလွဲရင်…ဒီ့ထက်ပိုပြီး ဘာမှရှု စရာမရှိပေမဲ့…သဲယောခဉ်ကဲ့သို့ မိန်းမတစ်ယောက်ထံတွင်တော့… တွေးစရာတွေ တစ်သီကြီးပေါ်လာ၍ အလုပ်ရှုပ်နေရခြင်း ဖြစ်သည်





သူ့လိုလူတစ်ယောက်ကို…ဘာမှငြင်းစရာမရှိဘူးလေ။ သူ ဟာလဲ…သဲယောခဉ်လိုပဲ…အိမ်ထောင်တစ်ခါပြုဖူးပြီး…အခုတော့… နီး ဖြစ်သူဟာ…ကလေးမွေးဖွားရင်း…အခန့်မသင့်လို့…ဆုံးသွားခဲ့ ရတာမို့ ကလေးရော မိန်းသည်ပါ…ဆုံးရှုံးထားခဲ့ရတဲ့… မုဆိုးဖို တစ်ယောက်။ သူ…ဒီလိုအထီးကျန်ဘဝနဲ့ နေလာတာ…ဆယ်နှစ် ကျော်ပြီလို့…သိထားပါတယ်။

အသက်သုံးဆယ်ကျော်အတွက်…အရွယ်ကောင်း၊ ရုပ်ရည် သင့်တင့်ဆိုတဲ့ အချက်ထက်ပိုပြီး မက်မောစရာကောင်းတာက သူဟာ ဘယ်လောက်ချမ်းသာကြွယ်ဝမှန်း မသိအောင် မှန်းဆလို့မရတဲ့… ချမ်းသာမှုမျိုးနဲ့ ရပ်တည်နေသူဆိုတာပါပဲ။ သူ့လိုလူတစ်ယောက်က သာ…ကမ်းလှမ်းလာခဲ့လျှင်…မိန်းမတိုင်းဟာ လိုလိုလားလား လက် ခံကြဖို့ များပါတယ်။ သူလိုချင်ရင်…အိမ်ထောင်မရှိတဲ့…အပျို မိန်းကလေးကိုတောင်…စိတ်ကြိုက်ရွေးချယ်နိုင်ပါရက်နဲ့ သူက သဲယောခဉ်ကိုမှ…တလေးတစား လက်ထပ်ခွင့်တောင်းတာတဲ့။

ဘယ်လောက်…ဂုဏ်ယူချင်စရာ ကောင်းလဲ။ ဘယ်လောက် တွေနဝ်ဝမ်းသာစရာကောင်းလဲ။

ဒီတစ်ခါလဲ…သဲယောခဉ်ဟာ…အချစ်ကို မစဉ်းစားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဦးနှောက်ထဲက…ဆိုးဖြတ်ချက်နဲ့…သူ့ကို…လက်ခံလိုက်ဖို့…သူ ဒီလိုလာမပြောခင်…သူမကို စတင်ချဉ်းကပ်စဉ်ကတည်းက ကြိုတင် ဆုံးဖြတ်ခဲ့မိတာတဲ့လေ…။

"ကိုမိုးထက်မြင့်ကို…တစ်ခုမေးမယ်နော်"

"မေးပါ"

"ကျွန်မကို…ဘာလို့ လက်ထပ်ချင်ရတာလဲ…"

"သြော်…ဟော်…ဖြစ်ရလေဗျာ…၊ ကျွန်တော်…တကယ် ချစ်မြတ်နိုးမိလာလို့ပေါ့…။ အဲဒီအကြောင်းအရာကလွဲရင်…ဘာရှိ မလဲ။ ချစ်တဲ့…မိန်းကလေးတစ်ယောက်ကို…လက်ထပ်ချင်တာ ဟာ…မဆန်းပါဘူး"

"ကျွန်မက…အပျိုမဟုတ်ဘူးလေ"

"ကျွန်တော်လဲ…လူပျိုတစ်ယောက် မဟုတ်ပါဘူးဗျာ…"

"ဒါပေမဲ့…ယောကျာ်းနဲ့မိန်းမကျတော့…တန်ဖိုးချင်းက မတူဘူး။ မိန်းမဆိုတာက…အပျိုဆိုရင်…ပိုပြီးဂုဏ်ရှိတယ်။ ယောကျာ်း တွေက ပိုပြီး…တန်ဖိုးထားကြတယ်…"

"မဆိုင်ပါဘူးဗျာ…ကျွန်တော်က…ချစ်ရင် ချစ်တာပဲ သိတယ်။ ဂုဏ်တွေ၊ တန်ဖိုးတွေ…ထည့်မတွက်တော့ပါဘူး။ ထားပါ





တော့…ကျွန်တော်…ဘယ်သူ့ဘယ်သူတို့မှ…ထိခိုက်ခြေဖြာတာ ဟုတ်ပေမဲ့…တချို့ကျတော့လဲ…အပျိုဟန်ဆောင်နေကြတာတွေကျ ဘယ်လိုလုပ်မလဲ…။ ကျွန်တော်…ထင်တယ်လေ…။ မိန်းမတစ် ယောက်ရဲ့ဂုဏ်သိက္ခာတို့ တန်ဖိုးတို့ဆိုတာက သူ့ရဲ့ ကျမ္ဘာရှိမှုပေါ်မှာပဲ တည်မယ်ထင်တယ်…။ ကျွန်တော်…သံယောဇဉ်ကို…သဘော ကျတာက…ကျွန်တော်…တွေ့ဖူးဆုံဖူးသမျှ…မိန်းကလေးတွေထဲမှာ မြေ့အရှိဆုံးပဲ။ စိတ်ဓာတ်လဲ သိပ်နိုင်မာပြတ်သားတယ်…။ ည်ရွယ်ချက်ကြီးမားတယ်…။ ဒါ လုပ်မယ်ဆို…ဖြစ်အောင်…လုပ် တတ်တဲ့စိတ်ဓာတ်က…ဘယ်သူနဲ့မှ မတူဘူး။ သိပ်ရှားတယ်။ ဖြစ် လာတဲ့ အခြေအနေတစ်ခုကို…ရေစုန်မျှောပြီး စိတ်ဓာတ်မကျဘဲ… ဘက်ထပ်ဘဝသစ်တစ်ခုကို ရဲရဲဝံ့ဝံ့စခဲ့သလို…အဲဒီဘဝမှာလဲ… အောင်မြင်အောင်…ရပ်တည်ပြနိုင်တာကို…လေးစားတယ်။ အဲဒါတွေ က…အခြေခံတာပေါ့…။ အဲဒါတွေကြောင့်ပဲ…ကျွန်တော်…တဖြည်း ဖြည်း ချစ်လာမိတယ်…"

သံယောဇဉ်သည်…သူ ချီးကျူးအမွှမ်းတင်နေသော…သူမရဲ့ ထပ်ပုဒ်တွေကို…ပြုံးပြုံးလေး နားထောင်နေခဲ့သည်။

သံယောဇဉ်သည်…ဘန်ကောင်မှာ အနံ့တိလေးရဲ့…


www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းကိုဝင်ရာရင်း…သွားနှစ်ကြာတော့ နယ်မြေအေသလဲ…ကျွမ်းကျင်လာခဲ့တာမို့…မူလတည်းလေရှည်ရှုယ်ချက်ရှိသော…ဒီနိုင်မှ ဆောင်းကို ဝင်ခွင့်ရအောင် ကြိုးစားခဲ့ပါသည်။

အဲဒီကျောင်းမှာ…ဒီဝလိုမာရသည်အထိ တက်ပြီးသျှင်…ကျောင်းပြီးသေခဲ့…မပြန်လာခဲ့ဝဲ…အန်တီလေးတို့မိသားစုနဲ့ ဆက်…ကာ အဝတ်အစားကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်ခဲ့သေးသည်။ … အချိန်က…ရန်ကုန်မှာလဲ…အန်တီလေးတို့ရဲ့လုပ်ငန်းခွဲရှိပြီမို့ ကိုယ်…လက်တို့လဲ…ပြန်ပြီဖြစ်ရာ…သံယောဇဉ်ပါ လိုက်ဖြစ်ချင်ရင် ပြန်…ရစေမဲ့…မပြန်ခဲ့ပါ။ ဘာကြောင့်မှန်းမသိ…ကျန်ရစ်ခဲ့သော အတိတ်…ကို…ပြန်မြင်ရမှာ…စိုးရိမ်ထိတ်လန့်နေခဲ့သည်။ ရင်မဆိုင်ရဲသလို…ဖြစ်နေခဲ့ပါသည်။

နောက်တော့…မေမေ ကျန်းမာရေးမကောင်း၍ မေမေက…သားသမီးတွေ တစ်စုတစ်ဝေးတည်း မိဘရှိရာမြေမှာ…နေစေချင်…ကြောင်း အခါခါပြောလာ၍…သံယောဇဉ်လည်း…မိဘ စိတ်သဘော…အတိုင်းပင်…ရန်ကုန်ကို…ပြန်လာခဲ့ရပါသည်။

ငါ…တစ်သက်မှာ တစ်ခါပဲ…မိဘစိတ်ဆင်းရဲအောင် လုပ်…မယ်၊ နောက်တစ်ခါထပ်ပြီး စိတ်ဆင်းရဲအောင်…မလုပ်မိစေရဘူး…





…၍…သံယောဇဉ်သည့် သူမသဘာသာ…စိတ်ဆုံးဖြတ်ထားခဲ့လေရာ…အပေ၊ မေမေတို့ စိတ်ချမ်းသာအောင်…သူမ…ပြန်မလာချင်ခဲ့သော…အတိတ်တစ်ခုရှိရာနယ်မြေကို…ပြန်လာခဲ့ရတာလဲ ဖြစ်ပါသည်။

နောက်တော့…ဒီမှာပဲ…အဝတ်အစားဖက်ရှင်ဒီဇိုင်းတွေ…လုပ်ပြီး…ကိုယ်တိုင်အရောင်းဆိုင်ကြီး တစ်ဆိုင် စဖွင့်ကြည့်ရာမှ……ထင်မှတ်တဲ့ အောင်မြင်လာခဲ့လေရာ…အခုဆိုရင်…သံယောဇဉ်သည်…ဒီဇိုင်းနာလဲ ဖြစ်သလို၊ အဝတ်အထည်အသုံးအဆောင်များ…ရောင်းချသောဆိုင်ကြီးတစ်ဆိုင်ကို ပိုင်ဆိုင်ထားသူလဲ ဖြစ်နေခဲ့ပါသည်။

မိုးထက်မြင့်ကတော့ ကုန်စည်အရောင်းပြပွဲတစ်ခုမှာ ဆုံခဲ့ရ…ဖြစ်သည်။ သူကလဲ…သူ့ကုမ္ပဏီရဲ့ကိုယ်စား အရောင်းပြန်…တစ်ခုဖွင့်စဉ်…သံယောဇဉ်ကလဲ သူမ၏ အဝတ်အစားဒီဇိုင်းတွေကို…အရောင်းပြခန်းဖွင့်၍…ကုန်စည်ပြပွဲထဲ…ပါဝင်ခဲ့သဖြင့်…ဆုံရတာ…သည်။

သူမတို့နှစ်ဦးဟာ…နာမည်ကြီးလုပ်ငန်းရှင်နှစ်ဦးနို့ ဟိုလူ…တွေက ဆက်စပ်မိတ်ဆက်ပေးရင်း…သိကျွမ်းလာခဲ့ကြတာလဲ…ပါသည်။

စတွေ့ကတည်းက ဒီလူဟာ…မရေမတွက်နိုင်အောင်…



www.burmeseclassic.com

www.burmeseclassic.com

စီးပွားရေးလုပ်ငန်းတွေ အများကြီးဖြန့်ကျက်…လုပ်ကိုင်ထားသော

လုပ်ငန်းရှင်သူဌေးကြီးတစ်ယောက်မှန်း သိလိုက်ရလျှင်…သူမ တော်

တော်လေး…စိတ်ဝင်စားသွားခဲ့သော အမှန်ပါ။

သူ…ကိုယ့်ကို…သဘောကျလာကောင်းစေရဲ့လို့ မမျှော်

လင့်ခဲ့မေမဲ့…သူ ချမ်းသာကြွယ်ဝလွန်းလှတာကိုတော့ တိတ်တဆိတ်

နှစ်ခြိုက်နေခဲ့မိတာလဲ…မငြင်းလိုပါ။

"သံယောဇဉ်…ဘာတွေ ဒီလောက်တောင်…အကြာကြီး

စဉ်းစားနေတာလဲ၊ သားမှာ ကျွန်တော် ရှိနေသေးတယ်နော်…။

သွားပြီလား…"

မိုးထက်မြင့်၏အသံကို ကြားလိုက်မှ…သူမ…အတွေး

ရပ်တန့်တော့လေသည်။

ကြည့်စမ်း…ငါ အကြာကြီး တွေ့ဖြစ်တွေးနေမိလိုက်တာ

သူ့ကိုတောင် မေ့သွားတယ် အဟုတ်ပဲ။

"ကော်ဖီတွေ အေးကုန်ပြီ…သောက်လိုက်ပါဦး"

"အဟင်းဟင်း…ကော်ဖီက အစေးကြီးထဲက…အအေး

ထားတာလေ…Coffee Chill လေ ကိုမိုးထက်မြင့်ရဲ့…"

"ဟောဗျာ…ဟုတ်သားပဲ…ကျွန်တော်လဲ ရှည်းစားစ





ပြောရတာ…စိတ်လှုပ်ရှားပြီး အမှားမှားအယွင်းယွင်းတွေ…ပြောမိ

ကုန်ပြီနော်…"

အင်း…သူနဲ့သာ လက်ထပ်ရမယ်ဆိုရင်…ဘဝဟာ တော်

တော်ကြီးကို ပြည့်စုံပြီး…နေပျော်စရာကောင်းမှာပဲ ထင်တယ်…။

ငါလဲ…ဖိုက်ဆံမရှာနိုင်တဲ့သူတော့ မဟုတ်ဘူး။ အတိုင်းအတာတစ်ခု

ထိတော့ ရှာနိုင်တာပေါ့။ ဒါပေမဲ့ သူ့လိုမျိုး…လူသိများတဲ့သူဌေး

ကြီးတစ်ယောက်ဖြစ်ဖို့ဆိုတာက အိပ်မက်ထဲမှာပဲ…ရှိတာ။ သူကတော့

ဘဝပေးကုသိုလ်ကံကြောင့် မိဘအစဉ်အဆက် ချမ်းသာလာတဲ့ အခြေ

အနေလေးထဲမှာ အလွယ်တကူဆက်လျှောက်ရုံပဲ…ကံကောင်းလိုက်

တာ။

အို…သူ့ကို လက်ခံလိုက်ရင်…မမှားပါဘူးလေ။ တစ်သက်

လုံး တစ်ယောက်တည်းနေရတာထက်စာရင်…အဖော်တစ်ယောက်

ပေါ့…။ အထူးသဖြင့်…အဖော်ကောင်းတစ်ယောက်ရှိခဲ့ရင်လဲ ပိုပြီး

ကောင်းတဲ့ဘဝပေါ့ပဲ။

"သံယောဇဉ်…ကျွန်တော့်ကို…ဘယ်လိုအဖြေမျိုး ပေးမှာ

လဲဟင်…"

မိုးထက်မြင့်ကလဲ…သံယောဇဉ်၏အမူအရာတွေကို ရိပ်မိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး…သူ့အတ်ပိုသာနေသောအမြေမျိုး ကြားရမယ်မှန်း…သေချာနေသကဲ့သို့ ထပ်မေးနေပါသည်။

သူ…ဒီမိန်းကလေးကို မြတ်နိုးပါသည်။ ခနီးမလားတင်ယောက်ကဲ့သို့လဲ…လက်ခံချင်ပါသည်။ သူမလို ဂုဏ်ခြေသိက္ခာရှိပြီး ထက်မြက်တဲ့…မိဘမျိုးရိုးကောင်းတဲ့…မိန်းကလေးကိုပဲ…တစ်သက်လုံး စိတ်ချလက်ချ လက်တွဲသွားချင်ပါသည်။

"ကျွန်မ…အဖြေပေးမှာပါ၊ ဒါပေမဲ့…ကျွန်မအာက်က ရှင်းစရာလေးတွေ ရှင်းပြီးမှ…အဖြေပေးပါရစေ…"

"ဪ…"

"ကျွန်မ…ကိုမိုးထက်မြင့်ကို…အာမှငြင်းစရာ မရှိပါဘူး။ ဒါပေမဲ့ ကျွန်မအာက်က…ကတိတစ်ခုမပေးချင်သေးလို့…။ ဟုတ်တဲ့ဆိုတဲ့…စကားကို မပြောပါရစေနဲ့နော်။ ဘာကြောင့်လဲဆိုတော့ ကျွန်မ…အဲ…ကျွန်မ…အရင်က အမျိုးသားနဲ့ ကျွာရှင်းစာချုပ်မှာ လက်မှတ်မထိုးရသေးဘူးလေ…"

မိုးထက်မြင့်…ဒီတော့မှ အခြေအနေမှန်ကို သိသွားပါသည်။ သူ…သိထားသမျှလောက်က သံယောဇဉ်ဟာ…သူမရဲ့ခင်ပွန်းနဲ့ တွဲနေတာ ခုနှစ်နှစ်ကျော်လောက်ရှိပြီ…ဟူ၍ပင်…။

"ဪ…ဒီလိုအခြေအနေမျိုး…ရှိနေသေးတယ်ပေါ့"





"ဟုတ်တယ်…ကျွန်မ…သူ့ကို…ရှေ့နေကတဆင့်…ကွာရှင်းစာချုပ်မှာ…လက်မှတ်ထိုးပေးဖို့ အကြိမ်ကြိမ်ပဲ ကြိုးစားပါတယ်။ ဒါပေမဲ့…အခုထိတောင် သူက…လက်မှတ်မထိုးပေးသေးပါဘူး။ အဲဒီတစ်ချက်က…ကျွန်မကို တော်တော်လေး စိတ်အနှောင့်အယှက် ဖြစ်စေတယ်…။ အခုနောက်ပိုင်း…သူ့ကို ဘယ်မှာဆက်သွယ်ရမှန်းတောင် မသိတော့ဘူး။ အရင်နေတဲ့နေရာမှာလဲ မနေတော့ဘူး။ သူ့အမေနဲ့ညီမလဲ…ဘယ်ပြောင်းသွားမှန်း မသိကြဘူး…အဲဒီလိုဆိုတော့…ကျွန်မမှာက…"

"ဟုတ်တာပေါ့…ဟုတ်တာပေါ့။ သံယောဇဉ်…အခုလို အသိပေးတာ ကျွန်တော် ကျေးဇူးတောင် တင်ရဦးမှာပါ။ နောက်မို့ ကျွန်တော်တို့ ဒုက္ခရောက်ကြရမှာ…။ ဘာပဲဖြစ်ဖြစ်…ကျွန်တော်ကတော့…စိတ်မပျက်ပါဘူး။ စောင့်မှာပါ…သံယောဇဉ်ရဲ့ အဲဒီလူကိုပဲ…အဆက်အသွယ်ရအောင် ကြိုးစားရမှာပေါ့။ ဪ…ဒါနဲ့ သူ့နာမည်က ဘာတဲ့လဲ"

သံယောဇဉ်သည်…မမေ့ရှတ်မိတာ ကြာပြီဖြစ်သော အမည်တစ်ခုကို…ခပ်တိုးတိုး ရေရွတ်လိုက်ရပါသည်။

"သူ့နာမည်က…နှစ်သစ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com

သူ့အကြောင်းကို မေ့ထားကာ မရုံစမ်းဘဲနေခဲ့တာကြာ ဖြစ်ပြီး အခုမှသာ...အထူတာပြင်း လိုက်ရှုစမ်းမိတော့လေသည်။

အရင်ကတော့ သူ ကျောင်းတချို့မှာ လက်မှတ်တိုးမ လဲ နေပါစေတော့ဟု စိတ်ဆုံးဖြတ်ပြီး ဒီအတိုင်းထားထားခဲ့တ အခုကျတော့...သူမဘက်မှာ အပြောင်းအလဲတစ်ခု ရှိလာပြီဖြစ် ရာ...ဒီလက်မှတ်တစ်ခုက...တကယ်ပင်...လိုအပ်လာလေပြီ။

အရင်ကတော့ ရွှေနေတတဆင့်သာ လက်မှတ်ထိုးပေ ကြီးစားပေမဲ့ ယခုတော့ သူမကိုယ်တိုင်ပဲ...တွေ့ပြီး ပြောရတော့မည်





ရွှေနေကြီးက...သူ ဆက်သွယ်တိုင်း...သူ...လူကိုယ်တိုင် သွားတိုင်း...နှစ်သစ်နဲ့မဆုံဘူး။ နှစ်သစ်မရှိဘူးချည့် ပြောနေခဲ့သော အရင်က သံယောဇဉ်တို့ ငှားနေရာတိုက်ခန်းကိုပင် သူမကိုယ်တိုင် သွားရှုစမ်းတော့လေသည်။

ထိုတိုက်ခန်းက...ဖေဖေ၊ မေမေတို့နဲ့ မနီးမဝေးရပ်ကွက်မှာ ဖေဖေ၊ မေမေတို့ကိုယ်တိုင် ငှားပေးထားပေမဲ့...သံယောဇဉ် မနေတော့ သောအခါ...ဖေဖေနဲ့မေမေလဲ...စဘော်တောင် ပြန်မထုတ်ဘဲ အဆုံး ထားပြီး ဘာမှကို...ဆက်မပတ်သက်တော့ဘူးပင်။

ဒီတော့...နှစ်သစ် ဆက်ပြီးနေနေမှန်း သိပေမဲ့...ဘာမှ မလုပ်ဘဲ ထားထားလေရာ...နောက်ပိုင်းတော့...သူ နေသလား၊ မနေသလားတောင်...မသိကြတော့ပါဘူး။

စဘော်ငွေတွေထုတ်ပြီးတော့ပဲ...သူ ထွက်သွားသလား၊ ဘာလားပင်...မရုံစမ်းဘဲ...ပိုက်ဆံကို အဆုံးခံလိုက်ကြတာ ဖြစ် သည်။

သံယောဇဉ်သည် တိုက်ရှေ့ ကားရပ်လိုက်ပြီးလျှင် လွန်ခဲ့ တဲ့ ခုနှစ်နှစ်ကျော်က နေထိုင်ခဲ့ဖူးသော တိုက်ခန်းလေးကို မော့ကြည့် လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗရန်တာလေးကို မြင်လိုက်ရတော့..မနေ့တစ်နေ့ကလိုပဲ အကြောင်းအရာလေးတွေ ဖြတ်ကနဲ..ဖြတ်ကနဲ..အာရုံထဲမှာ ပေါ်လာခဲ့ပါသည်။

အောက်ခုံးထပ်အခန်းမှာ အိမ်ရှင်၏အခန်းဖြစ်၍ သံယောဇဉ်သည် အဲဒီအခန်းကိုပဲ..တံခါးခေါက်လိုက်ပါသည်။

အတွင်းသို့ဝန်းတံခါးကို မဖွင့်သေးဘဲ..အိမ်ထဲမှ..ရပ်ကြည့်နေသူမှာ..အိမ်ရှင်အမျိုးသမီးကြီးဖြစ်ကြောင်း သံယောဇဉ်မှတ်မိပါသည်။ သို့သော်..သူမကတော့ သံယောဇဉ်ကို မမှတ်မိပါ။

သံယောဇဉ်ဟာ..အရင်တုန်းက ရှုတွေမြင်ရင်..တော်တော်ကြီးကိုပဲ ဂရုစိုက်ကြည့်မှ မှတ်မိနိုင်တဲ့ပုံစံ ဖြစ်နေပြီကိုး...။ အရင်ကတော့ ရှိုးရှိုးသားသားနဲ့ မိန်းကလေးတွေလိုပဲ..ဝတ်စားပြင်ဆင်တတ်ခဲ့ပေမဲ့...ယခုကျတော့ မက်ရှင်ဒီဇိုင်နာတစ်ယောက်ပီပီ ဝတ်ပုံစားပုံ ပြင်ဆင်ပုံကအစ..တစ်မျိုးလေး ထူးခြားနေရာ ရုတ်တရက်ဆို ဘယ်သူ လွယ်လွယ်နဲ့ မမှတ်မိနိုင်ပေ။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲကွယ်"

"အန်တီ..ကျွန်မ..သံယောဇဉ်ပါ..မှတ်မိလား။ ကျွန်မ ဒီနှစ်ရွာမှာ နေသွားဖူးပါတယ်..."





သံယောဇဉ်က နေကာမျက်မှန်လေးကို ချွတ်ပြရင်း..ပြောလိုက်ပါသည်။

"ဪ..အေး..မောင်နှစ်သစ်ရဲ့ဇနီး မဟုတ်လား..."

"ဟုတ်ပါတယ်..."

"လာ..လာ..အိမ်ထဲဝင်ပါဦး...။ ဆောရီးကွယ်...အန်တီ ရုတ်တရက်ဆိုတော့..တံခါးတောင်ဖွင့်ဖို့ မေ့နေတယ်။ သမီးကိုလဲ မတွေ့တာ တော်တော်ကြာပြီဆိုတော့လေ..."

သံယောဇဉ်..အိမ်ထဲဝင်ထိုင်လိုက်ပါသည်။ ဘာကိုမှ ဖုံးကွယ်ထိမ်ချန်စရာမလိုတော့ဘဲ တည့်တည့်ဖွင့်ပြောပြီးတော့သာ မေးလိုက်ဖို့လဲ ဆုံးဖြတ်မိပါသည်။

"ကျွန်မ..လာတဲ့ကိစ္စက..သူ့ကို လာရှာတာပါ။ ဟိုး...အန်တီလဲ..အကြောင်းစုံတော့ နည်းနည်းသိမှာပါ။ ကျွန်မတို့...စိတ်အခန့်မသင့်လို့..ကျွန်မမိဘအိမ် ပြန်နေခဲ့တော့ သူ..ဒီမှာပဲ ဆက်နေနေခဲ့တယ်လေ...။

ကျွန်မနဲ့သူ..မပေါင်းကြတော့ပေမဲ့ ဒီအိမ်ကိစ္စလဲ..ဘာမှ အရှုပ်အရှင်း မလုပ်ချင်တော့တာမို့..သူနေချင်လဲနေ၊ မနေချင်လဲ..စပေါ်ငွေထုတ်ပြီး သုံးချင်ရာသုံးဆိုပြီး ...ဘာမှ..အဆက်အသွယ်



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ဘဲ…ထောင်ခဲ့မိပါတယ်။ အခု
တော့တဲ့ ကိုယ်ရေးကိုယ်တာတီစွလေ
ဒီမှာနေသေးသလား…ဘာလားပေါ့…
သွားခဲ့သလဲ…အန်တီများ သိမလားင
အိမ်ရှင်အမျိုးသမီးကြီး ခေါ်ပြ
အသာညိတ်ပါသည်။
"မွေးခင်နှစ်သစ်က…ဒီက
"ဒါဆို…အခု…သူ အိမ်မှ
"တစ်ခါတလေမှာ လာတယ်
ကြာမှ…အိမ်လာရှင်းတန်တာ ရှင်းပေါ့…၊
"ငှားနေသေးတာပေါ့နော်"
"မဟုတ်ဘူး…သူ အပိုင်ဝယ်
"ဪ…"
သံယောဇဉ်…အုံပြသွားပါသည်
ဝယ်ထားနိုင်ပြီတဲ့။ ဒီရပ်ကွက်မျိုးမှာ…တို
မဲ့ အခန်းသန့်သန့်လေးဆောက်ထားဝံ့ သပ်သပ်
ဘူး ပေးရမှာ…။ ဘယ်လိုဗိုက်ဆံတွေများ ရှ
ပါလိမ့်။

ဘွဲ့ရှင် မဖြစ်
ဒါ…သူ…
ဘယ်ပြောင်း
ဖြည့်တာပါ"
ညိုသလို ခေါင်း
းမပါဘူး…"
တယ်ပေါ့…"
၊ သုံးလေးငါးလ
ဉ်ပုံရတယ်…"
ဦးကွဲ"
ခန်းတစ်ခန်းတောင်
းလေးက မကျယ်ပေ
ပ်မို့…ဈေးကမနည်း
ဝယ်ထားလိုက်တာ



အေးငေ
တော့ သူလဲ သူ
"သမီ
ထပ်ဖြည့်ပြီးတေ
ဘူး၊ ဝယ်သွာ
ပြင်ဆင်ခွင့်ပေ
ပါတယ်…။
ကပ်ထားတာ
ထားတယ်…
မီးဖိုချောင်က
ပြင်ထားတ
ကော်ဇော
လေးထဲင
ဗိုက်ဆံ
ဆင်တဲ့
တာနဲ့
လွှမ်းခဲ့ဝ



ကျတဲ့သူဆိုတဲ့ ငါတထားခဲ့
နဲ့…ကြိုးစားပုံရတယ်။
ငွေကို…အလိုက်ထပ်ပေး
မငြင်းဘူး၊ ဆစ်လဲ မဆစ်
ဦ သမီးရဲ့။ ပြီးတော့…
ကို တစ်ခေါက်ရောက်ဖူး
ာ်…ကြွေပြားလေးတွေ
ခန်းထဲမှာ ရေပန်းလုပ်
…ပြင်ဆင်ထားတယ်။
ာင်လိုပဲ အဆင့်မြင့်မြင့်
တယ်ခုလုံးများ မွေးမွ
ားနာတယ်။ အခန်း
ှင်နေတယ်…။ သူ
ာရှင်…မီးပန်းဆိုင်း
လှ ရောက်လာရ
ဗိုက်သေးတယ်…

www.burmeseclassic.com

ဒေါ်မြကြည် ပြောသမျှ သံယောဇဉ် ... ငေးနေရတော့သည်။

"သူ ... ဟို ... ဓာတ်ဆီဆိုင်ထောင့်မြို့ ... ရောက်သွား မသိဘူးနော် ... အန်တီ"

"အဲဒါတော့ အန်တီ မသိပါဘူး။ သူကပြောတယ် ... ဒီအိမ်မှာ သူ နေဖြစ်တာ သိပ်မရှိပေမဲ့ ... တစ်နေ့ကျရင်တော့ ပြန်လာနေချင်နေမယ်တဲ့ ... သူ့အိမ်ကိုကြိုက်ပြီး ဝယ်ချင်တဲ့သူတွေမေးလဲ မရောင်းဘူးချည့်ပဲ။ သူက ... ဒီမှာတင် အိမ်ခန်း ဝယ်ထားတာ မဟုတ်ဘူးထင်တယ်။ သူ့မှာ တခြားအိမ်တွေလဲ ထပ်ဝယ်ထားရုံရှိတယ် သမီး။ သမီးစိတ်ထဲမှာ ထားမျိုးတော့ မထင်နဲ့နော် ...။ အန်တီ တစ်ခုပြောပြမယ် ...။ မောင်နှမသစ်ကလေး သမီးနဲ့လမ်းခွဲပြီးပေမဲ့ ... သူ ... တခြားဘယ်မိန်းကလေးမှ ခေါ်လာတာလဲ မရှိဘူး။ သူ ... အေးသာ ထည့်လဲပြောင်းသွားတယ်။ ကားပေါ်မှာ အမြဲတမ်း သူတစ်ယောက်တည်းပဲ၊ ဘယ်တော့မှ မိန်းကလေးတစ်ယောက်သော်မှ ပါလာတာ မတွေ့ဖူးဘူးကွယ် ..."

ကားတွေလဲ ရွေ့လဲစီးသတဲ့ ...။ ဘုရားရေ ... သူ ဘာတွေလုပ်ပြီး ဘယ်လောက်များ ချမ်းသာသွားလို့ပါလိမ့်။ ငါ့ကို မခံချင်စိတ်နဲ့များ မကောင်းမှုဒုစရိုက်တွေ လျှောက်လုပ်ပြီးတော့ ဒီလောက်ကြီး ချမ်းသာသွားတာလား။

"သူ့ကို ဘယ်လိုဆက်သွယ်လို့ရမလဲ ... အန်တီ"

"ဪ ... ဟုတ်ပါရဲ့၊ သူက ဒီကို ... အကြာကြီးနေမှ ... တစ်ခါလာတာဆိုတော့ ... တစ်ခုခုအကြောင်းကိစ္စပေါ်ရင် ... ဆက်သွယ်လို့ရအောင်ဆိုပြီး အန်တီကို သူ့အမြဲနေတတ်တဲ့ လိပ်စာနဲ့ ဖုန်းနံပါတ် ပေးထားပါတယ် ... ခဏလေး အန်တီ ယူပေးမယ်"

ဒေါ်မြကြည် ... အိမ်ထဲဝင်ယူနေစဉ်မှာ သံယောဇဉ်သည် ဟိုကြည့်ဒီကြည့်လုပ်ရင်း ... အမှတ်မထင် ... အိမ်ရှေ့မြေကွက်လပ်ကို တစ်ချက် ကြည့်လိုက်ပါသည်။ ဒေါ်မြကြည်၏ အိမ်ခန်းက နေ့ခင်းဘက်တွေဆိုရင်တော့ သံပန်းတံခါးဖြင့်သာ ပိတ်ထားလေရာ အိမ်ထဲမှနေ၍ ... အိမ်ရှေ့လမ်းမကို လှမ်းကြည့်လျှင် ရပါသည်။

သံယောဇဉ် ... ကြည့်လိုက်ချိန်မှာပဲ ... 4WD ... ကားတစ်စီး မြတ်ကနဲ ... ဝင်ရပ်လိုက်တာ ကားတံခါးဖွင့်ပြီး လူတစ်ယောက် ဆင်းလာသည်ကို ... တွေ့ရပါသည်။

ရုတ်တရက်တော့ ... သူမ ... ငေးမောငြိမ်သက်နေမိပါသည်။ သူ ... အမှ ...။ ကြည့်စမ်း၊ သူ့ပုံစံက ... အရင်တုန်းကအတိုင်းပဲ ...







www.burmeseclassic.com

www.burmeseclassic.com

ဘာမှ...မပြောင်းလဲသွားဘူး။ အို...ငါ...သူ့ကို တွေ့ချင်လို့လာတာ တွေ့ရပြီလေ။ ငါ...ဘာကြောင့်ထပြီး လှမ်းမခေါ်ရဲတာလဲ။

သံယောဇဉ်သည်...ကိုယ်ချစ်ခဲ့ဖူးသော ခင်ပွန်းဟောင်းကို မြင်ခေါ်ရမှာပင်...သတ္တိမရှိဘဲ...ခြေဖျားလက်ဖျားတွေအေးပြီး...ခေါင်းကြောင်နေပါသည်။

"ဟယ် အတော်ပါပဲ...မောင်နှစ်သစ်...ရောက်လာတယ်လေ...သမီး။ အန်တီ ခေါ်ပေးမယ်"

ဒေါ်မြကြည် အခန်းထဲမှမြန်အထွက်ဖြစ်၍ နှစ်သစ်ကားတံခါးသော့ခတ်နေသည်ကို လှမ်းမြင်လိုက်ပါသည်။ အမျိုးသမီးကြီးက လူကြီးတစ်ယောက်ပီပီ...သူမကာလ သံယောဇဉ်၏အမူအရာကို အကဲခတ်မိလျက်...နှစ်သစ်ကို လှမ်းခေါ်ဖို့...အိမ်ရှေ့တံခါးဆီ...ထွက်သွားနေလေပြီ။

"မောင်နှစ်သစ်...ဒီမှာကွယ်...သံယောဇဉ် ရောက်နေတယ်၊ မင်းနဲ့ တွေ့ချင်လို့ ထင်တယ်"

အဒီစကားတစ်ခွန်းက...နှစ်သစ်ကို...လည်းကောင်း။ သံယောဇဉ်ကို...လည်းကောင်း များစွာ တုန်လှုပ်ပြွေးသွားစေခဲ့လေသည်။

✿✿✿





"ထိုင်ပါဦး"

နှစ်သစ်သည် အိမ်ခန်းလေးထဲဝင်ရမှာ မဝံ့မရဲသလိုဖြစ်နေသော ဇနီးကို...ခနဲ့တဲ့တဲ့ပြုံးရင်း...ထိုင်ဖို့ ပြောလိုက်ပါသည်။

လည်သာဆိုဖာခုံရှည်ကြီးက သားမင်မွေးရောင်ဖြစ်လျက် တော်တော့်ကြီးကို ခန့်ညားလှပါသည်။ သံယောဇဉ်သည် ဒေါ်မြကြည် ပြောပြထားပြီး၍ အခန်းအပြင်အဆင်၏ ခန့်ညားမှုကို မအံ့ဩပေမဲ့ သူ့ တော်တော်ကြီးကို ပြင်ဆင်ထားတာပါလားရယ်လို့ တွေးလိုက်မိသည်။ ဘာရည်ရွယ်ချက်နဲ့များ ပြင်ထားတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကို တခြားတစ်မိနးတ
ယောက်ရှေ့မှာ...မပြောချင်လို့ ဒီအခန်းကို လိုက်လာခဲ့တာပါ...
ကိုနှစ်သစ်။ ကျွန်မကို တစ်ချိုးမထင်ပါနဲ့...ကျွန်မ...ဒီအခန်းထဲ
လာချင်လွန်းလို့...လာတာ...မဟုတ်ဘူး"

နှစ်သစ်က...ခဉ် ပြောလိုက်သောစကားကို ရယ်ရမပါ
အသံထွက်ရယ်ပါသည်။

"ဘာသောက်မလဲ...ခဉ်"

"မသောက်ပါဘူး...ဒီမှာ...ကျွန်မဘက် လှည့်ကြည့်ပါဦး
ရှင့်ကို...ဆွေးနွေးစရာရှိလို့ လာတာပါ၊ အဲဒီလို ဆုလည်ကြောင်ပတ်
ဟိုထသွားလိုက်...ဒီထသွားလိုက် မလုပ်ပါနဲ့"

"ကြော်...ဟော်...ဖြည်းဖြည်းပေါ့၊ ဒီအိမ်ကနေ ဘယ်
ထွက်မပြေးပါဘူး..."

"ရှင့်ဆီလိုက်လာရတယ်ဆိုပြီး...သိပ်အထာကိုင်မနေနဲ့"

"ဘာကြောင့်စလာ,လာလေ...ခဉ်...နောက်ဆုံးတော့ ကို
ကို မတွေ့ချင်လဲ မရတော့ဘူး။ လာကိုတွေ့ရတာပဲ...မဟုတ်လား"

"ဒီမှာ..."

ခဉ်သည် သူမ၏ပခုံးလွယ်သားရေအိတ်လှလှလေးထဲမှ...





ဓိုင်တွဲတစ်ခုကို...ထုတ်ယူလိုက်ပါသည်။ နှစ်သစ်...ရင်ထဲမှာ ဆွေး
သွားပါသည်။ သူ့အကြိမ်ပေါင်းများစွာ...ဖြင့်ဖူးပြီးသားဖြစ်သော
ဖိုင်တွဲတစ်ခုကို...သူ...ဘာကြောင့် မမှတ်မိစရာရှိမလဲ။

"ကျောင်းစာချုပ်မှာ...လက်မှတ်ထိုးပေးဖို့ အကြိမ်ကြိမ်ခဲ
ရှနေက တစ်ဆင့်လာဆက်သွယ်ခဲ့ပါတယ်...။ ရှင်က လက်မှတ်ထိုး
ပေးဘဲ တမင်ညစ်ထားခဲ့တယ်။ အခုတော့...ကျွန်မကိုယ်တိုင်ပဲ...
လာရှင်းမှဖြစ်တော့မယ်လေ...ကဲ...ကိုနှစ်သစ် ဒီမှာ...ရှင့်လက်မှတ်
ထိုးပေးပါ"

"ဘာလို့ အရေးတကြီး လိုချင်တာလဲ"

"ရှင်...ဘာမှ မေးစရာမလိုဘူး...၊ ရှင်နဲ့ကျွန်မက...လင်
မယားအဖြစ် မပေါင်းသင်းတော့တာ...နှစ်နှစ်ချီနေပါပြီ။ တိတိကျကျ
ပြောရရင်...ခုနှစ်နှစ်တောင် ရှိပြီ...။ ဒီတော့...အားလုံးပြတ်ပြတ်
သားသား...လုပ်လိုက်တာပဲ ကောင်းပါတယ်..."

"ကို့အတွက်က...မလိုပါဘူး။ ကို...ဘယ်တော့မှ...
နောက်အိမ်ထောင်ပြုမှာ မဟုတ်လို့...ဘာမှမလိုဘူး...အို...သိပြီ...
သိပြီ...ခဉ်က...နောက်အိမ်ထောင်ပြုတော့မလို့လား...ဟုတ်လား"

သဲယောခဉ်...နှုတ်ခမ်းအသာကိုက်ထားမိပါသည်။ သူ့ကို


www.burmeseclassic.com

www.burmeseclassic.com

မပြောပြချင်ပါ။ ဘာကြောင့်မှန်းမသိ…သူ သိသွားမှာစိုးရိမ်နေ
သည်။

"ဪ…ဒီလိုလား…"

နှစ်သစ်က… ခင်ဦးမျက်နှာအမူအရာကို…အကဲခတ်နိုင်
တော ခပ်တိုးတိုးရေရွတ်ညီးတွားသလို ပြောလိုက်ပါသည်။

"ခင်ဦး…အဲဒီလူ့ကို…တကယ်ချစ်လို့လား…"

"အဲဒါ…ရှင်နဲ့ မဆိုင်ပါဘူး…"

"သူက ခင်ဦးရဲ့နောက်ကြောင်းကို ခွင့်လွှတ်တယ်ပေါ့…"

"ဘာလို့ အဲဒီတွေမေးနေတာလဲ…ကိုနှစ်သစ်ရယ်၊

လာတာ ရှင့်မေးခွန်းတွေဖြေဖို့လာတာ မဟုတ်ပါဘူး။ ရှင့်ဆီက
မှတ်တစ်ခုရဖို့…လာခဲ့တာပါ"

"ကိုတို့ရဲ့လက်ထပ်စာချုပ်ကို ဆွဲဖြဲလိုက်ပေါ့ ခင်ဦးရယ်
ဒီစာချုပ်မှာ လက်မှတ်မလိုတော့ပါဘူး…။ ကိုတို့ လက်ထပ်ခဲ့
ဆိုတာရဲ့ သက်သေစာချုပ်မှ မရှိတော့တာ…"

"အို…ကျွန်မ…အဲဒီလိုမလုပ်ချင်ဘူး…၊ ဘာမဆို…
ပြတ်သားသားပဲ…ဖြစ်ချင်တယ်…"

"ဟိုလူက…ဒီကွာရှင်းစာချုပ်ပြမှတဲ့လား"





"ကျွန်မကိုယ်တိုင်က ဒီစာချုပ်ထဲမှာရှိမဲ့ ရှင့်လက်မှတ်ကို
ချင်တာပါ…ကိုနှစ်သစ်"

နှစ်သစ်…ခင်ဦးကို ကြွေမြေမှာ…စိုက်ကြည့်နေမိပါသည်။
…သိပ်ချစ်ရသော…မိန်းကလေးက တကယ်ပဲ…သူ့ကို ပြတ်သား
…ခွဲရစ်တော့မည်တဲ့။

ထိုအချိန်တွင်…နှစ်သစ်၏ ခါးမှာချိတ်ထားသော…မိုဘိုင်းလ်
းက…အသံမြည်လာပါသည်။

နှစ်သစ်သည်…ဖုန်းကို လက်ခံစကား ပြောလိုက်ပါသည်။
ယောခင်ဦးကတော့…ဘာအလုပ်တွေလုပ်ပြီး ဘယ်လိုချမ်းသာနေမှန်း
သိသော…နှစ်သစ်ကို…တိတ်တဆိတ် အံ့သြနေခဲ့သည်။

သူ့အမေနဲ့ ညီမရော…ဘယ်မှာနေကြလဲ။ သူကရော…
ာက်ထပ်မိန်းမ မယူသေးလို့ဆိုပေမဲ့ အခုလက်ရှိ ဘယ်အပျော်ရည်းစား
တွဲနေတာမျိုး ရှိမလဲ။ ဒါမှမဟုတ်…တာချိုယောကျ်ားတွေက မိန်းမ
ပိုစိတ်မဝင်စားဘဲ အရက်ပဲ…စွဲစွဲမြဲမြဲသောက်ကြတဲ့ဝါသနာလဲ
ာတ်တာမို့…သူရော အဲဒီလိုပဲလား။

သံယောခင်ဦးမှာလ်…မိုဘိုင်းလ်ဖုန်းတော့ ဆောင်ထားရပါ
ည်။ သို့သော် ဒီနေ့တော့ စကားပြောဆိုစရာရှိနေ၍ မိုဘိုင်းလ်ဖုန်း


www.burmeseclassic.com

www.burmeseclassic.com



ကို…အပြီးပိတ်ထားလိုက်တာ ဖြစ်သည်။ သူ စကားပြောနေတာတွေ သူမ…သိပ်စိတ်မဝင်စား၍ နားမထောင်ဖြစ်ဘဲ…ဟိုတွေးဒီတွေး လုပ်နေမိပါသည်။

သူ…စကားပြောတာလဲ သိပ်မကြာလှပါ။ ခဏလေး…ပြောပြီးတာနဲ့…သူက…ကားသော့…အိမ်သော့တွေကောက်ကိုင် ကာ…

"ကို…အလုပ်ကိစ္စ အရေးတကြီးပေါ်လာလို့…သွားစရာ ရှိတယ်…ခင် ဆောရီးဗဲ…"

"ဘာ…ဆောရီးလဲ…"

"တချုပ်ကို…လက်မှတ်ထိုးပေးလို့ မဖြစ်သေးဘူး"

"လက်မှတ်လေး တစ်ချက်ကောက်ထိုးတာပဲ…နာရီနဲ့ချီပြီး ကြာမှာမို့လို့လား…တမင်ကတ်သတ်နေတာလား ကိုနှစ်သစ်ရယ်…"

"ခင့်…ဖိုင်တွဲက…တစ်ထပ်ကြီးကွ၊ ဘာတွေရေးထားမှန်း မသိသေးဘဲ…ကိုက…ပြီးပြီးရော လက်မှတ်ထိုးပေးလိုက်လို့ ဖြစ် မလား။ ကို ဖတ်ကြည့်ရဦးမယ်…"

"ရှင့်ကို…ဘာမှတောင်းဆိုထားတာ မပါပါဘူး"

"တောင်းဆိုထားလဲ…ကိုက ပေးမှာပါ၊ ဘာတွေရေးထား





လဲ…ကိုသိချင်လို့။ ခင်…ဒီဖိုင်ကို…ထားခဲ့နိုင်မလား"

"ကောင်းပြီ…ဒါဆို…ကျွန်မ…ဘယ်တော့ပြန်လာယူရ မှာလဲ"

"နောက်အပတ်…ဒီနေ့…ဒီအချိန်လောက်ပေါ့…"

"ဘယ်ကိုလာရမှာလဲ"

"ဒီအိမ်ကိုပဲ လာခဲ့ပါ…"

"ဒီမှာ…ရှင့်ဆီ ခဏခဏ လာစေချင်လို့ ချိန်းနေတာ လား…အဲဒီသဘောဆိုရင်…လုံးဝမလာဘူး"

"မဟုတ်ဘူး…ကိုစိတ်က ရှင်းပါတယ်…ဘာမှမညစ်ဘူး။ …ခင်…စိတ်ချမ်းသာသလို…အားလုံးဖြစ်စေရမယ်…စိတ်ချပါ။ ဪ…ခင်…ကိုယ်တိုင်ပဲ ဖိုင်လ်ကို…လာယူနော်…၊ လူကြုံနဲ့ ပေးယူနိုင်းနဲ့…။ ကို…ပေးလိုက်မှာ မဟုတ်ဘူး၊ ဟာ…နေဦး…နေဦး။ ဒီမှာ ကို့ Visiting Card ယူထားလိုက်…ခင်…ပြောစရာတစ်ခုခု ပေါ်လာရင်…ခေါ်လို့ရအောင်ပါ။ ဘယ်လိုသဘောနဲ့မှ ပေးတာ မဟုတ်ပါဘူး"

သံယောဇဉ်သည် သူ့လိပ်စာကတ်ဒ်ကို…အသာလှမ်းယူ လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ကို…သွားတော့မယ်…။ ဧဦကာ…ဒီမှာ နေဦးမှာလား။ ဒါဆိုရင်…ရော့၊ အိမ်သော့ကို နှစ်စုံလုပ်ထားတယ်…တစ်စုံ ဧဦယူထားလိုက်လေ"

"အို…ဘာလို့နေရမှာလဲ…၊ မနေပါဘူး ဘာမှနေစရာ အကြောင်းမရှိဘူး"

နှစ်ဘစ်သည် သူနံဘေးမှ…လှစ်ကနဲဖြတ်ထွက်သွားပြီး ဧော့တံအထစ်တွေကို ခွာမြင့်ဖိနပ်ဖြင့်…တခေါက်ခေါက်နင်းကာ…ဆင်းသွားသော…ဧဦကို လှမ်းအော်ပြောသွား…ပြောပြီး အိမ်သော့ကို ပိတ်လိုက်ရပါသည်။

●●●





(၈)

သံယောဧဦသည်…ကားတံခါးကို သော့ခတ်ပြီး သူမ၏ အဝတ်အစား အရောင်းဆိုင်ကြီးထဲသို့…ဝင်လိုက်လျှင်…မျက်နှာချင်းဆိုင်မှ…လာနေသောစုတွဲတစ်တွဲမှ…မိန်းကလေးတစ်ယောက်ရဲ့…

"ဟယ်…ဒါ…ဒါ…ဧဦလားဟင်၊ သံယောဧဦလား…"

ဟု…သူမထဲ…ပြေးလာသလိုခြေလှမ်းတွေနှင့် ပြောရင်းမေးသံ၊ ခေါ်သံကို…ကြားလိုက်ရပါသည်။

"မှတ်မိပါတယ်…ဒါ…ဧဦပါ၊ ငါရဲ့ယောက်မကလေးပါ။ ဧဦ…ငါလေ…ခင်နှစ်ဦးလေ…နှစ်ဦးလေ မှတ်မိလား၊ အံမယ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်တာ…"

သံယောဇဉ်လဲ ရုတ်တရက်တော့…မှတ်မိသလိုလိုဝေမှ…ပုံစံအများကြီးပြောင်းနေသော…မိန်းကလေးကို…ချက်ချင်းပုံပေါ်မလာဘဲ ဖြစ်နေခဲ့တာပင်။ သူမက…ထုတ်ပေါ်ပြောလိုက်မှ…

"ဟုတ်ပါပြီ…မှတ်မိပါပြီ…ခင်ဦးက…နှစ်ဦး အရမ်းလှနေတော့…ဘယ်လိုလုပ် ချက်ချင်းမှတ်မိပါ့မလဲ…နည်းနည်းပုံပေါ်ရတယ်"

"ခင့်ကိုတော့…နှစ်ဦး အမြဲပဲ…ဂျာနယ်တို့ မဂ္ဂဇင်းတို့မှာ ပုံတွေမြင်နေတော့ ခင်…အခု ဒီပုံဆိုတာ သိနေတယ်…ဒါကြောင့် တွေ့တွေ့ချင်း မှတ်မိသွားတာလေ"

သံယောဇဉ်က နာမည်ကြီးဒီဇိုင်နာတစ်ယောက်ဖို့ အခုခေတ် အခါရိုးမှာတော့ ဂျာနယ်နဲ့မဂ္ဂဇင်းတွေမှာလဲ သူမအကြောင်းကို…မကြာခဏ ရေးသားဖော်ပြကြပါသည်။

ခင်နှစ်ဦးကို ကြည့်လိုက်တော့လဲ…အရင်ကလို ခပ်ကုပ်ကုပ် အိမ်ခန်းလေးထဲမှာ အထည်ပုံတွေကြားမှာ…စက်တချောင်းချောင်း နင်းနေရတဲ့ ရိုးရိုးကောင်မလေးပုံစံမျိုး မဟုတ်တော့ပေ။ တကယ့်ကို အပြောင်းလဲကြီး ပြောင်းလဲထား ရှင်းလင်းဝင်းပစွာ…လှပနေပါသည်။ ခန္ဓာကိုယ်အပေါ်မှာ ဝတ်ဆင်ထားသော ခေတ်ပေါ် ဖက်ရှင်တွေ





လက်ဝတ်ရတနာလေးတွေနဲ့ အဆင့်မြင့်မြင့် လိမ်းခြယ်ပြင်ဆင်ထားသောမိတ်ကပ်တို့က…နုပိုရုပ်ရည်ချောမောပြီးသား… မိန်းကလေး၏ အလှကို ပိုမိုပေးလိုက်နိုင်ပါသည်။

အေးလေ…သူ့အစ်ကိုက…တော်တော်ကြီးကို ချမ်းသာနေပြီဆိုတော့ သူ့အမေနဲ့ညီမလဲ…အရင်ကလိုဘဝမျိုးမှာ ဘယ်ရှိနေပါတော့မလဲ။

"ဪ…မိတ်ဆက်ပေးရဦးမယ်…၊ ဒါက နှစ်ဦးရဲ့ အမျိုးသားပါ…ကိုမင်းညီတဲ့…။ နှစ်ဦးတို့ နောက်လထဲမှာ ရွှေစင်ကြတော့မှာမို့ ခင့်ရဲ့နာမည်ကြီးအင်္ကျီဆိုင်မှာ အင်္ကျီလာကြည့်တာလေ… လက်ထပ်ဝတ်စုံ လက်ဝတ်ရတနာနဲ့ ဖိနပ်ဒီဇိုင်းလေးတွေပါ…တွေ့ရတော့…နှစ်ဦး…အရမ်းသဘောကျပြီး ဘာဝယ်ရမှန်းတောင် မသိဘူး။ ပြီးတော့…ခင့်ကိုလဲ အရမ်းသတိရပြီး စိတ်ထဲမှာ ကျိတ်ချီးကျူးနေမိတယ်…။ ခင်…အရမ်းတော်တာပဲနော်…"

"နှစ်ဦး…ချီးကျူးတာနဲ့…ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး။ ဒါနဲ့…နှစ်ဦးတို့ ဝယ်ပြီးပြီလား"

"မဝယ်ရသေးဘူး…အရွေးရခက်နေလို့၊ ကိုမင်းညီက…ဦးနှောက်ခြောက်ချင်းလိုက်ဦးတဲ့…ကော်ဖီသွားသောက်ပြီးမှ တစ်ခေါက်

www.burmeseclassic.com

ပြန်လာကြည့်မယ်တဲ့၊ အဲဒါကြောင့်…အောက်ထပ် ပြန်ဆင်းလာတာ ခင်လဲ ကော်ဖီလိုက်သောက်ပါဦး…။ အရမ်းကိုသတိရပြီး တွေ့ချင်နေတာ…ခင့်ရယ်။ ခင်က…သိပ်နေနိုင်တာပဲ…တစ်ချက်မှတောင် ပြန်မလာဘူးနော်…"

သဲယောခင့်…ပြုံးကာ ငြိမ်နေသည်။ နှစ်ဦးကတော့ ခင့်လက်ကို လုံးဝမလွှတ်ဘဲ စကားတွေ တတွတ်တွတ် ပြောနေပါသည်။ နှစ်ဦး၏အမျိုးသား ကိုမင်းညီကတော့ အကြောင်းတချို့ သိထားပြီးဟန် တူသည်။ နှစ်ဦး ပြောချင်တိုင်း ပြောနေသည်ကိုပင်…သူက ခင့်ကို အားနာဟန်ဖြင့်…ကြည့်ပါသည်။

ဘာပဲဖြစ်ဖြစ်…ခင့်ဆီတွင် နှစ်ဦးအပေါ်မှာရော…အမေ့ဒေါ်ခင်ချော အပေါ်မှာရော ဘာမှလဲ…မုန်းစရာမရှိ၊ အငြိုးထားစရာလဲ မရှိလေရာ…သူတို့ကိုတော့ ခင်…နှစ်လိုပါသည်။

"ခင်…ကော်ဖီ လိုက်သောက်နော်"

"အို…မဟုတ်တာ…ခင့်ဆိုင်ကို လာအားပေးတာပဲ။ ခင်က တိုက်ရမှာပေါ့ …နော့။ ကိုမင်းညီရော၊ နှစ်ဦးရော ခင်က တစ်ခုခု တွေးချင်ပါတယ်…။ လာကိခဲ့နော်…ပြီးတော့ ခင့်ဆိုင်မှာ မဝယ်ဖြစ်ရင်တော့ ကိစ္စမရှိပါဘူး။ နှစ်ဦးတို့ ဝယ်ဖြစ်မယ်ဆိုရင် ခင်မင်တဲ့





အနေနဲ့ discount ပေးမယ်၊ နေစပ်တဲ့စုံတွဲတွေအတွက် ဝတ်စုံအပြည့် ကူညင့်ငွေအပေါ်မှာတွက်ပြီး သူများကို မပေးတဲ့လျှော့ဈေးနဲ့ ပေးမယ် နော်…"

"ဟယ် မဟုတ်တာ…၊ ခင်က စီးပွားရေး လုပ်နေတာပဲ"

"ဘယ်ဟုတ်မလဲ…ကိုယ့်မိတ်ဆွေတွေကျတော့ ဒီလိုမှ လျှော့မပေးရင်…ဘယ်မိတ်ဆွေကောင်း ဝီသပါ့မလဲ"

""မိတ်ဆွေတွေတဲ့လား…ခင်ရယ်…"

နှစ်ဦးက ဝမ်းနည်းသံလို ရေရွတ်ပါသည်။

ကိုမင်းညီက နှစ်ဦးကို သတိပေးသလိုဖြင့် လက်ကုတ်လိုက်ပါသည်။

နောက်တော့ သူတို့စုံတွဲနဲ့ ခင်တို့…ခင့်အကျီအရောင်းပြခန်း၏အောက်ထပ်မှာရှိသည့် Food Hall မှာ ဖွင့်ထားသော…စားသောက်ဆိုင်လေးတစ်ခုမှာပဲ…အတူထိုင်ဖြစ်သွားကြပါသည်။

ခင်တို့…မတွေ့ဖြစ်ကြတာ ကြာပြီမို့…ရောက်တတ်ရာရာ တော်တော်များများ ပြောဖြစ်ကြပါသည်။

အရှေ့သဖြင့် နှစ်ဦးကတော့ ခင့်ကို…ညီအစ်မလိုပဲ…ချစ်ခင်သူဖြစ်၍…သူမကပဲ စကားတွေပိုပြောပြီး ခင့်လက်ကိုလဲ…မလွှတ်



www.burmeseclassic.com

တမ်း ဆုပ်ကိုင်ထားခဲ့ပါသည်။

နှစ်ဦးက…အဝေးသင်တက္ကသိုလ်မှ…ဘွဲ့တစ်ခုရရုံမက အမှတ်ကောင်းသဖြင့် ဘွဲ့လွန်ပါ…ဆက်တက်ခဲ့လေရာ…ယခုတော့ တက္ကသိုလ်မှာ အချိန်ပိုင်းနည်းပြဆရာမပင် ဖြစ်နေလေပြီ။

သူမအရွယ်၊ သူမရုပ်ရည်လေးနဲ့ ဂုဏ်သိက္ခာရှိလှသော ပညာ အဆင့်တစ်ခုကိုပါ…ပိုင်ဆိုင်ရုံတင်မက…အစ်ကိုဖြစ်သူရဲ့ ကြည့်ရှု စောက်ပံ့မှုကြောင့်…သင့်တင့်သော လူနေမှုအဆင့်မှာပါ နေခွင့်ရလေ ပြီဖြစ်ရာ နှစ်ဦးအတွက်မှာတော့ လှပသည့်အနာဂတ်တွေက…ဆက် တိုက်ကြိုရမှာပါ။ အဲဒီအတွက်…ဧဉ်…ခင်မင်နှစ်လိုစွာပင် ကျေနပ် ပီတိဖြစ်နေခဲ့ပါသည်။

သူတို့စုံတွဲက ဧဉ့်ဖက်ရှင်အရောင်းဆိုင်ကြီးမှာပင်…အမျိုးသား အတွက်ရော…အမျိုးသမီးအတွက်ရော ဝတ်စုံတွေ ဝယ်လိုက်ကြပါ သည်။

နှုတ်ဆက်ပြီး လမ်းခွဲခါနီးမှ နှစ်ဦးက ကိုမင်းညီ မကြား အောင် ဧဉ့်အနားကပ်ပြီး…

"ဧဉ်…အရမ်းလှနေတာပဲနော်…ကိုထိုသာ တွေ့ရင် ဆွေး တော့မှာပဲ။ သူက…ဧဉ့်ကို သိပ်ချစ်တာလေ…အခုထိ…ဧဉ်…သူ့ဆီ





တစ်နေ့ကျ ပြန်လာမယ်ဆိုပြီး…စိတ်ကူးယဉ်လို့ ကောင်းတုန်း၊ ဗိုလ်ခံ စုလို့ ကောင်းတုန်းပဲ သိလား ဧဉ်ရယ်…"

ဟု…ပြောသွားခဲ့ပါသေးသည်။

ကြည့်ရတာ…နှစ်သစ်က…သူတို့ပြန်ဆုံပြီးပြီ။ ဧဉ်က… သူ့ကို ကျွာရှင်းစာချုပ်မှာ လက်မှတ်ထိုးနိုင်းဖို့ ပြန်လာတွေ့သည်… ဆိုတာကို…သူ့အမေနှင့်ညီမကို ပြန်ပြောပုံမရ။ သူ…ဘာကြောင့်များ ပြန်မပြောချင်ရတာလဲ။ ဘာကြောင့်များ သူ အခုထိ ဖွဲကောင်းကောင်း နဲ့ စောင့်နေရသလဲ။

ငါ…သူ့အပေါ်…ပစ်ပစ်ခါခါ ထားပစ်ခဲ့တာတောင်…။

www.burmeseclassic.com

နောက်တစ်ပတ်အကြာ ချိန်းဆိုထားသော အချိန်တွင် ဧည့်

သည် နှစ်သစ်၏ဖုန်းကို ဆက်သွယ်လိုက်လေသည်။

"ဟဲလို... ဧဦလား"

သူက ဧဦ့ဖုန်းနံပါတ်... သူ့ဖုန်းမှာပေါ်နေသည်မို့... ချက်ချင်း

ပဲ... ကိုင်လိုက်ပါသည်။

"ကိုနှစ်သစ်... ဒီနေ့ ရက်ချိန်းစေ့ပြီ... ကျွန်မ... စာချုပ်

လာယူရတော့မလား"

"ဟာ... ဆောရီး... ဧဦ... အခု... ကို ရန်ကုန်နယ်နမိတ်

ကနေ... ကျော်တော့မယ်ကွာ..."





"ဘာရယ်..."

"ဆောရီး... ဆောရီး။ ကို... အလုပ်လောဘကြီးသွားလို့

အလုပ်ကိစ္စဖြစ်ဖြစ်ချင်း... ချက်ချင်းပဲ... ထွက်လာခဲ့တာ...။ ဧဦနဲ့

တွေ့ဖို့ကို... လမ်းရောက်မှ... သတိရတာယ်လေ။ ကို... အခု... ရွှေလီ

ဘက်ကို... သွားရမယ်... ဆယ်ရက်လောက် ကြာမယ်... ဧဦ။ ဖြစ်

မလား..."

"ရှင်... ဒါ... တမင်ထွင်တာ မဟုတ်လား..."

"မဟုတ်ရပါဘူး ဧဦရယ်... ကို့မှာ အမြဲတမ်း အလုပ်ကိစ္စ

တွေ ကျုံညပ်နေပြီး ဒီလိုမဲ့ ရုတ်တရက်ပေါ်လာတတ်တဲ့... အလုပ်

မျိုးလဲ ရှိတတ်ပါတယ်...။ ဒါကြောင့် ထွက်လာရတာပါ။ ကို...

ဒီစာချုပ်ကိစ္စကို... ဘယ်သူမှလဲ... မသိစေချင်ဘူး။ ဒါကြောင့်...

တခြားလူကတဆင့် လူကြုံပေးတာလဲ... မလုပ်ချင်လို့... မပေးနိုင်

ခဲ့တာပါ... စိတ်ချပါ။ ကိုက ဧဦ... စိတ်ချမ်းသာတာပဲ မြင်ချင်တာ

ပါ။ ဧဦ... စိတ်ချမ်းသာအောင် ဒီလက်မှတ်ကို ထိုးပေးပါ့မယ်။

ကို... အလုပ်ကိစ္စနဲ့မို့ ရန်ကုန်မှာ... ကြာကြာတောင်... မနေရပါဘူး

ဆိုတာ ဧဦ... ယုံချင်ရင်... အမေ့ကို မေးပါ၊ နှစ်ဦးကိုလဲ မေးကြည့်

ပါ၊ သူတို့ သိပါတယ်။ သူတို့မသိတဲ့ကိစ္စက ကိုကို ဧဦ တွေ့



www.burmeseclassic.com

www.burmeseclassic.com

ပြီး တစ်ချိန်မှာ လတ်မှတ်ထိုးနိုင်းတယ်ဆိုတဲ့ ကိစ္စတစ်ခုတည်းပါ

ဆွေသည် စိတ်ရှုပ်ရှုပ်ဖြင့် သက်ပြင်းချလိုက်မိပါသည်။ သူ

တကယ်ပြောတာ ဟုတ်မဟုတ်...မဆိုလှသေမဲ့ သူက တကယ်

ရှိကိုနဲ့ကနေ ထွက်လာနေပြီဆိုတော့ရော...ဘာလုပ်ရမှာလဲ။ ဒီတေ

သည်းခံပြီး စောင့်ရဦးမယ်။ ဘာတတ်နိုင်မှာလဲ။

"ဆွေ...ဘယ်လိုလဲ"

"ဘာ...ဘယ်လိုလဲရမလဲ...။ ရှင်...ပြန်လာမဲ့ရက်

အတိအကျပြောပါ..."

"အား...မလွယ်ပါလား...။ ခုနှစ်နှစ်လုံးလုံး ဘယ်နေ

သွားမယ် ဘယ်ကိုပြန်လာမယ်ဆိုတာ...ဘယ်တော့မှအတိအကျ မ

တက်တော့ ပြောသနာပဲ...ခက်ပြီ"

"ရှင်ပြောတော့...ဆယ်ရက်ကြာမယ်ဆို..."

"အေးကွာ...ကောင်းပါပြီ၊ ဆယ်ရက်ကြာရင်...ပြန်

တွဲမယ်...ဒီနေ့ကနေ ဆယ်ရက်မြောက်နေ့ကျရင်...ကိုပဲ...ဆွေ

ဖုန်းဆက်ပြီး ခေါ်လိုက်ပါ့မယ်...စိတ်ချ"

"ရှင်...ကတိပေးပြန်ပြီ...ကျွန်မ ယုံတော့မယ်လေမဲ့...

မှာပဲလေ့...ဘာတတ်နိုင်မလဲ"





"ကို...ကတိမတည်တတ်ပါဘူး ဒါပေမဲ့...ဒီတစ်ခါတော့

တကယ်...ကတိတည်ပါ့မယ်"

"ကောင်းပြီ...ကျွန်မ...စောင့်ကြည့်ရသေးတာပေါ့"

ဆွေက...တုံးတိတိပဲပြောကာ...ဖုန်းကို ပြန်ပိတ်လိုက်ပါ

သည်။ ဆွေ့နံဘေးတွင် မိုးထက်မြင့်က ရှိနေလေရာ...သူက ဆွေ့

မျက်နှာရိပ်ကို အကဲခတ်နေပါသည်။

သို့သော်...ဘာမှမမေးပါ။ သူက...လူမှုရေးနားလည်လှ

သော ယောကျ်ားတစ်ယောက်လဲဖြစ်ရာ...အလိုက်သိစွာ...ငြိမ်နေခဲ့

သည်။ ဆွေကလဲ...အလိုက်တသိမင်...သူ့ကို ပြန်ပြောပြလိုက်ပါ

သည်။

"သူ...ဒီနေ့ စာချုပ်မှာ...လက်မှတ်ထိုးပေးမယ်ဆိုပြီး...

ချိန်းထားတာ အခုကျ...သူ...ဒီမှာ မရှိဘူးဆိုတော့ ဆက်စောင့်ရဦး

မယ် ကိုမိုးထက်မြင့်"

"သူက...ဘယ်လို business ရှိတာလဲ၊ ဆောရီး ကျွန်တော်

သူများကိစ္စကို သိပ်စပ်စုမိပြီ ထင်တယ်"

"အို...ရပါတယ်...ကိစ္စမရှိပါဘူး၊ ကျွန်မလဲ...သိချင်

နေတာလေ၊ ဒါပေမဲ့...မေးလဲမမေးချင်တော့ ဘာလုပ်သလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာ မသိဘူး။ အခု ရန်ကုန်ကထွက်သွားတာ…ရွေ အထိတောင် ရောက်မယ်လို့ ပြောတယ်…"

"ညြော်…ဟုတ်မှာပေါ့၊ အလုပ်တိစွဆိုတာ ဒီလိုပါပဲ… ကျွန်တော်လဲ…မထင်ရင် မထင်သလို ၊ ပေါ်ပေါ်လာတော့…ရ တရက်ကြီး သွေးရတာတွေလဲ ရှိပါတယ်…"

"စာချုပ်မှာ လက်မှတ်ထိုးပေးဖို့က အရေးတကြီးကြီး လို စာမဖတ်ရသေးမဲ့လဲ…ကျွန်မ ခုနှစ်နှစ်လုံးလုံး စိတ်ထဲမှာကျဉ်းကျ ပြီး နေခဲ့ရတော့…အချုပ်အနှောင်လွှတ်သွားချင်တဲ့ သဘောလဲပါ တယ်…သူနဲ့ကျွန်မ ပေါင်းစည်းထားတယ်ဆိုတဲ့သဘောကို ဖြေဖျော ပစ်လိုက်ချင်တယ်…"

"သံယောဇဉ်ကို…လက်ထပ်ခွင့်ရဖို့ စောင့်နေတဲ့ လူတ ယောက်လဲ ရှိတယ်နော်…။ ဒီကိစ္စပြီးရင်…အဲဒီကိစ္စကိုပါ စဉ်းစ ပေးပါဦး။ အဟဲ…ခက်တော့ ခက်ပြီဗျာ၊ စာချုပ်တစ်ခုကြောင့်… အချုပ်အနှောင်ခံနေရတယ်လို့ ခံစားနေရတဲ့ မိန်းကလေးတစ်ယော အဲဒီအချုပ်အနှောင်ကလွတ်ခဲ့ရင်…နောက်ထပ်ချုပ်နှောင်ခံရမှာကို လက်ခံချင်ပါတော့မလား မသိဘူး"

ဧဉ်က…သူ့ထံမှ သွယ်ဝိုက်သောစကားကို…ဘာမှ





ပြန်တော့ပါ။ ဧဉ်က…မိန်းမတစ်ယောက် ဖြစ်သည်လေ။ အထူးသဖြင့် အိမ်ထောင်ကွဲထားပြီးသော မိန်းတစ်ယောက်လဲ ဖြစ်လေရာ စကား အပြောအဆို၊ အမူအရာကအစ…ဆင်ခြင်သင့်ရင် ဆင်ခြင်ရမည်။ ကိုယ့်ကို လက်ထပ်ခွင့်တောင်းထားသော…ယောကျ်ားတစ်ယောက်၏ ရှေ့မှာဆို ပိုပြီး…စကားပြောဆင်ခြင်ရပါမည်။

"ကျွန်တော်ကတော့…အားလုံး သံယောဇဉ်ရဲ့ဓိဘ်သဘော အတိုင်းပါပဲ။ စာချုပ်တစ်ခုကြောင့်…စိတ်အနှောင့်အယှက် ဖြစ်တယ် ဆိုလဲ…စာချုပ်နဲ့လက်ထပ်တာမျိုး မလုပ်ပါဘူး…အရေးကြီးတာက လူနှစ်ယောက်ရဲ့စိတ်ဓာတ်ပါ…စိတ်ဓာတ်ချင်း ပေါင်းစည်းကြဖို့က ပို…အရေးကြီးပါတယ်"

"ကျွန်မ…ကိုမိုးထက်မြင့်ကို ဘာမှ…အပြေအတိအကျ ပေးသေးပါဘူး။ ကျွန်မဘက်က ဘာမှမရှင်းလင်းသေးဘဲနဲ့ တခြား ဘက်ကို စကားတစ်ခွန်းနဲ့ အပိုင်စီးမထားချင်ပါဘူး"

"နားလည်ပါတယ်ဗျာ…ကျွန်တော်ကတော့ ကိုယ်…မြတ် နိုးတဲ့မိန်းကလေးဆိုတော့လဲ…စိတ်ရှည်ရှည်စောင့်နိုင်ပါတယ်…"

မိုးထက်မြင့်သည် စကားပြော လိမ္မာပါးနပ်လှသော သံယောဇဉ်ကို စိတ်ထဲမှာ ကျိတ်ချီးကျူးလျက် အကဲလဲ ခတ်နေခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်က မေါင်းသင်းခဲ့တဲ့ . . ခင်ပွန်းယောင်နဲ့ မျက်နှာချင်း ဆိုင် ပြန်ဆုံခဲ့တဲ့အခါ သူမ . . ရင်ထဲမှာ . . ဘာတွေ ဖြစ်နေမလဲ၊ ဘယ်လိုခံစားရမလဲ။

သူတို့ တော်တော်ကြီးကို ချစ်ကြလွန်းလို့ အသက် နှစ်ဆယ် တစ်နှစ်အရွယ်လေးနဲ့ ချစ်သူနောက်ကို ခိုးရာလိုက်ခဲ့တဲ့အထိ အချစ် ခိုင်ကြမှာပေါ့။ ဒီလောက် . . ချစ်ထားတဲ့ချစ်သူတစ်ယောက်ကို လုံးလုံး ပြန်မတွေ့ဖြစ်ဘဲ . . . ပထမဦးဆုံးအကြိမ် ခုနှစ်နှစ်အကြာမှာ ပြန် တဲ့အခါ . . ရင်ထဲမှာ နှလုံးသားထဲမှာ ဘယ်လိုလှုပ်ရှားသွားမလဲ။

မိုးထက်မြင့်သည့် မနောလိုစိတ်လေးတချို့နှင့် . . . ဟိုတွေး ဒီတွေး လုပ်နေမိတော့သည်။

● ● ●





သံယောဇဉ် . . . လက်ချိုးရေတွက်ပြီး စောင့်နေသောနေ့တွင် မျှော်လင့်ထားသလို . . . နှစ်သစ်ထံမှ . . . ဖုန်းခေါ်ခြင်းကို လက်ခံရရှိ ပါသည်။

"ဟဲလို . . ."

ဟု . . . ဇော်သည် . . . သူမ၏ဖုန်းမှာပေါ်နေသော နံပါတ်ကို အမှတ်မှတ်မိရက် မသိချင်ဟန်ဆောင်ပြီး . . . ထူးလိုက်လေသည်။

"ဇော်လားမောင် . . ."



www.burmeseclassic.com

www.burmeseclassic.com



သူမ…အံ့ဩသွားသည်။ ဖုန်းနံပါတ်မှာ…နှစ်သစ်၏…မိုဘိုင်းလ်ဖုန်းနံပါတ်ပေမဲ့…စကားပြောသူမှာ နှစ်သစ်…မဟုတ်ဘဲ မိန်းမတစ်ယောက်အသံ ဖြစ်နေ၍ပင်။

"ဟုတ်ပါတယ်…ခဉ်ဖြစ်မှာပါ၊ ခဉ်…နို့လေ…နှစ်ဦးလေ"

"ဪ…နှစ်ဦးလား"

"ဟုတ်တယ်…"

"နှစ်ဦး…ပြောလေ…ဘာကိစ္စရှိလို့လဲ ခဉ်…။ ဘာကူညီရမှာလဲ"

သူ့အစ်ကိုရဲ့ မိုဘိုင်းလ်ဖုန်းကို…ညီမ…ဖြစ်သူ ယူသုံးနေတာ မဆန်းပါဘူး။ ဒါပေမဲ့…ဒီလိုနေ့မှ နှစ်ဦး…ယူသုံးရသလဲ။ တိုက်ဆိုင်တာလားကွယ်…။

"ကိုကိုက…ဆက်ခိုင်းလို့ပါ"

"ဪ…"

"ခဉ်…လိုချင်တဲ့စာချုပ်ကို…နှစ်ဦးလာပေးမယ်၊ ဘယ်ကိုလာရမလဲဟင်"

"ဘာရယ်…"

သံယောဇဉ်သည် ရုတ်တရက်မို့ အံ့အားသင့်နေသည်။ သူ





ပြောတော့ သူ့အမေနဲ့သူ့ညီမကိုတောင်…အသိမပေးထားဘူးတဲ့…။ အခုတော့…အသိပေးလိုက်ပြီလား။

"ခဉ်…ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးခိုင်းထားတယ်လို့ ကိုကို ပြောတယ်…အဲဒါ…သူကတော့…မလာနိုင်ဘူး ခဉ်။ နှစ်ဦးကို သွားပေးပေးပါလို့ မှာထားလို့ပါ"

သူ…ဘာဖြစ်လို့ မလာနိုင်ရတာလဲ။ ခဉ်သည်…ရင်ထဲက ဘယ်နေရာကမှန်းမသိ မေးလိုက်သည့်…အလိုမကျသလိုဖြစ်သော အသံကို သူမဘာသာ ပြန်လန့်သွားပါသည်။

ဘုရားရေ…သူနဲ့ မတွေ့ရတော့ရော ဘာဖြစ်လဲ။ ငါမှ…သူ့ကို မတွေ့ချင်တာ။ ငါလိုချင်တာက…သူ့ဆီက လက်မှတ်တစ်ခုလေး။ ဘာမှ…တွေ့ရောမလိုဘဲ…ရတဲ့လက်မှတ်…။ ဘယ်လောက်အဆင်ပြေလဲ။

"ခဉ်…နှစ်ဦး…ဘယ်လာရမှာလဲဟင်"

ခင်နှစ်ဦးအသံက…တက်ကြွမှုမပါ။ အေးစက်ပြီးအားလျော့နေသည်။ ပြီးတော့…ကြေကွဲနေတဲ့အသံမျိုး ဖြစ်နေသည်။ အေးလေ…သူက…ငါ့ကို သူ့အစ်ကိုနဲ့ သိပ်ပြန်ပေါင်းစေချင်တာဆိုတော့…။

"ခဉ်…(…)ပလာဇာက အရောင်းဆိုင်မှာ အခုရှိနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦး အို…နေဦး…ခင်ပဲ…နှမ်ဦးဆီ လာယူခဲ့မယ်။ နှစ်ဦး ဘယ်မှာ ရှိလဲ…ပြောပါ…။ ခင် လာနိုင်ပါတယ်”

“ကိုကိုက…ခင့်ဆီပဲ သွားပေးပါလို့ မှာထားတယ်”

“ဩော်…ဒီလိုလား…”

“ဟုတ်တယ်…ကိုယ့်ဘက်က အကြောင်းကြောင့်…ဒီလက်စွပ်မှတ်တိုင်ချင်ရင်…လာယူဆိုတာမျိုး မဖြစ်စေချင်ဘူးတဲ့…ခင့်၊ အနှစ်နှစ်အလလ စိတ်ကျဉ်းကြပ်အောင်…လုပ်ထားမိခဲ့သလိုဖြစ်နေတော့ အခု ခင့်…စိတ်ချမ်းသာအောင် လိုက်လျောလိုက်ပြီးပြီ။ အဲဒီအတွက် ခင့်ကို အနိုင်ယူတဲ့ပုံစံ…ဘာတစ်ခုမှ မပြချင်ဘူးတဲ့…”

ခင့်ရင်ထဲမှာ တစ်မျိုးဖြစ်သွားပါသည်။

“နှစ်ဦး…ခုမဲ ထွက်လာခဲ့မြို့နော်”

“ဟုတ်ပါပြီ…ခင်…စောင့်နေမှာပါ…”

ခင်သည်…သူမ၏အကျိုးအရောင်းဆိုင်မှာပင် ထိုင်စောင့်နေခဲ့သည်။ ခင်နှစ်ဦးက ဘယ်ကလာသည်တော့ မသိ။ သူမ…ဖုန်းဆက်ပြီး…သယ်ငါးမိနစ်အကြာမှာပဲ…ခင့်ထံ…ရောက်လာခဲ့ပါသည်။

ခင်နှစ်ဦး၏မျက်နှာ သိပ်မကောင်းလှပါ။ သိပ်လဲ ရွှင်ရွှင်ပျပျ မရှိပါ။ သို့သော်…ခင့်ကိုတော့ အချိုးအစားကောင်းမွန်စွာ…တရင်း





တနှီးပင် နွေးနွေးထွေးထွေး ပြောဆိုဆက်ဆံပါသည်။

“နှစ်ဦးရောက်လာတာ ခင်က…ဘာမှဧည့်မခံရင် ဘယ်ကောင်းမလဲ၊ လာလေ…ဒိုးနှတ်ဆိုင်သွားထိုင်ရအောင်…နှစ်ဦး အချိန်ရတယ် မဟုတ်လား”

“နေပါစေ…ခင်ရယ်”

“ဘာလဲ…ခင့်ကို မကျေနပ်လို့လား”

“အို…မဟုတ်ပါဘူး…မဟုတ်ပါဘူး၊ ဘာမှ…မဖြစ်ခဲ့ပါဘူး ခင်ရယ်။ ခင့်ကို နှစ်ဦး အရမ်းခင်ပါတယ်…။ နှစ်ဦးဘာသာ စိတ်မကောင်း ဖြစ်နေလို့ပါ”

“ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့လေ၊ ခင်တို့ နောက်ဆုံးတော့…ဒီလိုပုံစံနဲ့ပဲ အဆုံးသတ်လိုက်တာဟာ အကောင်းဆုံးဖြစ်မယ်လို့…ဆုံးဖြတ်ထားပြီးပြီပဲ၊ ဒါကို…သူလဲ…လက်ခံလိုက်သားပဲ”

ခင်သည် နှစ်ဦးကိုခေါ်ပြီး Food Hall မှာ ဖွင့်ထားသည့် မုန့်ဆိုင်လေးမှာ ထိုင်လိုက်ပါသည်။

“အထဲမှာ…သေသေချာချာ စစ်ကြည့်ပါဦး၊ ခင် ထပ်ဖြည့်ဖွတ်ချင်တာ ရှိသေးလားတဲ့…ကိုကိုက မေးခိုင်းလိုက်တယ်”

ခင်သည် သူမ အင်မတန်မှ လိုချင်တောင့်တခဲ့သော…



www.burmeseclassic.com

www.burmeseclassic.com

လက်မှတ်တစ်ခုကို…ဖိုင်ထဲဖွင့်ကြည့်ရမှာ…မငှဲမရဲ ဖြစ်နေပါသည်။ ကိုယ့်ကိုယ်ကို…ဘာဖြစ်မှန်း ခုလောလောဆယ်မှာ မသိပေမဲ့ ခဉ် သူ့လက်မှတ်ကို မကြည့်ချင်ပါ။ မကြည့်ရဲသေးပါ။

"ကိုကိုက ခဉ်…ထွက်သွားပြီးကတည်းကပဲ…အင်း… မဟုတ်သေးပါဘူးနော်။ နှစ်ဦး ခုချိန်မှာ…အဲဒါပြောဖို့ မသင့်တော့ ပါဘူး။ ကိုကိုသိရင်…ခုတော့မှာပဲ။ ခဉ်…စိတ်အနှောင့်အယှက် ဖြစ်အောင်…ဘာမှမပြောနဲ့လို့ သေသေချာချာ မှာလိုက်ရဲ့သားနဲ့လေ။ နှစ်ဦးကလဲ လျှာရှည်နေမိပြီ…"

နှစ်ဦး ဘာပြောမလဲဆိုတာ ခဉ် ကြားချင်လာပါသည်။ ခဉ်က ဖုံးဆောင်ဆောင်းလှစွာ ရယ်မောပစ်လိုက်လျှက်…

"ရပါတယ်…ပြောစမ်းပါဦး…သိရတာပေါ့၊ ခဉ်…စိတ်ထဲ မှာ ဗလာပါပဲ။ ဘာမှ မရှိပါဘူး။ ဘာမှလဲ မဖြစ်ပါဘူး။ နှစ်ဦး… ပြောချင်တာ ပြောပါ…ခဉ် နားထောင်ချင်ပါတယ်"

ခင်နှစ်ဦးက ခဉ်မျက်လုံး ကြည်ကြည်တွေကို အကဲခတ် နေရင်း…

"ခဉ်…နားထောင်ချင်တော့ ပြောရတာပေါ့။ တကယ်တော့ ခဉ်ရယ်…။ ခဉ်တို့ ကွဲတယ်ဆိုတာက ဘာမှမဟုတ်တဲ့ ပြဿနာလေး





နေ့ဖါ…။ ထားပါတော့၊ ကိုကို အရက်သောက်တာဟာ ခဉ်အတွက် ပြဿနာ အကြီးအမားပေါ့လေ။ ဒါပေမဲ့…ဒီလောက်ကြီး စိမ်းကား သွားမိတော့…ခံရတဲ့ကိုကို့ဘက်က ခံစားနိုင်ပါ့မလား… မတန်ပါဘူး။ သူက…ခဉ်ကို အရမ်းချစ်တာ…အမေနဲ့ညီမဆိုတာက သူ့မိန်းမခဉ်ပြီးမှ…သူ ထည့် တွက်တဲ့ လူစားပါ။ ခဉ်…ထားသွားကတည်းက သူ အရမ်းနောင်တ ရပြီး သူ့မှာရှိတဲ့ပိုက်ဆံလေးနဲ့ အလုပ်ကို ကြိုးစားပြီး ကုန်းရုန်းလုပ် တော့တာပဲ။ ဘာတွေ လုပ်လို့လုပ်မှန်းတော့ မသိပေမဲ့…သူ အရမ်း ပီးပွားဖြစ်လာတော့တာပေါ့။ အရက်လဲ…လုံးဝမသောက်တော့ဘူး။ ခဉ်နဲ့ နေသွားခဲ့တဲ့အိမ်ခန်းလေးကို ပြန်အပ်ရင်ရသားပဲ။ ခဉ်မိဘတွေ ရဲ့ ဆောက်ပိုက်ဆံကို ပြန်ပေးရင်ရသားပဲ…ဒါပေမဲ့ သူ ပြန်မအပ် တော့ဘူး။ အိမ်ရှင်ပြောတဲ့ဈေးကို ပိုက်ဆံထပ်ဖြည့်ပြီး ဝယ်ပြီးအရမ်း သ,ထားတယ်…ဒီအိမ်ခန်းလေးမှာ ခဉ်…ပြန်လာတဲ့အထိ စောင့်မယ် တဲ့၊ ခဉ်မိဘပိုက်ဆံ ခဉ်ပိုက်ဆံပေါ့၊ နည်းနည်းနဲ့ သူ့ပိုက်ဆံ ထပ် ဝယ်ထားတဲ့ ခဉ်နဲ့ သူ့ရဲ့ပိုင်ဆိုင်မှုဆိုပြီး အရမ်းအဖြစ်သည်းတာလေ…

အခုတော့ သူ…တကယ် အသည်းကွဲနေပြီ ခဉ်ရဲ့။ ခဉ်မှာ သူ့ထက်ချစ်ရမဲ့သူ၊ အားကိုးရမဲ့သူ ရှိလာလို့ သူ နေရာဖယ်ပေးလိုက် ရပြီတဲ့…။ ဟုတ်လား ခဉ်…။ ခဉ် တကယ် လက်ထပ်တော့မှာ လား…"



www.burmeseclassic.com

ဧဦ…ဘာပြေရမှန်းမသိ ငိုင်တွေနေသည်။ ဘာမှ မသေချာသေးဘဲနဲ့ ဧဦ+မပြောချင်။

"နှင့်ကို Propose လုပ်ထားတာပါ…ဧဦ…အဲဒီလူကို စဉ်းစားနေတဲ့ သဘောပါ…။ ဧဦ ဘာမှမဆုံးဖြတ်ရသေးပါဘူး။ ဧဦ တစ်ခါမှားပြီးပြီဆိုတော့ နောက်ထပ်တစ်ခါကို…ဆုံးဖြတ်ဖို့ အများကြီး အချိန်လုရဦးမယ်လေ။ အခု…စာချုပ်မှာ လက်မှတ်ထိုးနိုင်းတာကလဲ…"

ဧဦ…တစ်ချက် သက်ပြင်းရှိုက်လိုက်ပြီးမှ အဆုံးသက်…ပြောလိုက်ပါသည်။

"ဧဦ…အချုပ်အနှောင်ခံရသလိုဖြစ်တဲ့ အခြေအနေတစ်ခုကို ဖြေပျောက် မှေပစ်လိုက်ချင်လို့ပါ"

●●●



ကျွန်းစာချုပ်ပါ နိုင်တွဲကို ဘာကြောင့်ရယ်မသိ…မှန့်မကြည့်ဘဲ ထားခဲ့ပေမဲ့…ဖေဖေ၊ မေမေတို့ကို…ဒီအကြောင်း ပြန်ပြောတဲ့နေ့မှာတော့…

"ဘာတွေများ ဖြင်းဆိုမြီသွက်ထားသေးလဲ…စစ်ကြည့်ပြီး သမီး"

www.burmeseclassic.com

www.burmeseclassic.com

ဟု…မေမေက…မယုံကြည်စွာ…သတိပေးလာလျှင်…သဲမော့စဥ်သည်…ဗိုင်ကို ဖွင့်ကြည့်လိုက်ရတော့လေသည်။

"ဪ…သူ…လက်မှတ် ထိုးထားသေးသားပဲ…။ ဟဲ့…ဗိုင်း ဒီမှာ ဆောက်ထပ် စာချုပ်အသစ်တစ်ခုပါ…ပါလာပါလား…။ ဘာပါလို့…ကြည့်ပါဦး"

ခဥ်…ဒီတော့မှ…အဲဒီစာချုပ်အသစ်ကြီးတစ်ခုကို တွေ့တော့တာ ဖြစ်ပါသည်။

"ဟင်…"

"ဘာတဲ့လဲ…"

"သူ…ပိုင်တဲ့ (-)လမ်းက…တိုက်ခန်းကို သမီးနာစဥ်ကို လွှဲပေးတဲ့…စာချုပ် မေမေ…"

"ဪ…ငါတို့…ငှားပေးထားတဲ့ အခန်းလား"

"ဟုတ်တယ်…အဲဒီအခန်းက စောင်ငွေကို မထုတ်ဘဲ…သူ့ဖိုက်ဆံပြန်ဖြည့်ပြီး အပိုင်ဝယ်ထားတယ်တဲ့"

"ဟဲ့…သူက ဝယ်နိုင်လို့လား"

မေမေနဲ့မေမေက အံ့ဩစွာ…ရေရွတ်ပါသည်။





"မေမေတို့ကို…ခဥ်…မပြောပြရသေးဘူး။ သူက…အခု ဘာအလုပ်လုပ်ပြီး ကြီးပွားလာသလဲတော့ မသိဘူး။ တော်တော်လေး ချမ်းသာနေပြီ။ အဲဒါ…အဲဒီအခန်း ဝယ်ထားပေမဲ့…သူက သူ့အမေ နဲ့ညီမနဲ့အတူ (-)လမ်းဘက်မှာ…တိုက်နဲ့ခြံနဲ့ဝယ်နေတယ်တဲ့…ခဥ် တွေ့တုန်းကလဲ…သူက…ဖိုးဝီးလ်ဒရိုက်ဗ်နဲ့ မိုဘိုင်းလ်ဖုန်းနဲ့ ဖစ်ဖစ် တင်းကျပ်တောင်ထားတယ်…"

"အေးလေ လူဆိုတာကတော့ တသမတ်တည်း ဘယ်နေမလဲ။ မခံချင်စိတ်လေးလဲ ရှိတယ်။ ကြိုးစားမယ်။ ကံကလေး ဥာဏ်ကလေးလဲ…ပါမယ်ဆိုရင်…တစ်ချိန်ချိန်မှာ…ဖြစ်လာကြတာပါပဲ၊ ထဲ…မေမေ ပြောမယ်…အဲဒီတော့…သမီး ဘာလုပ်မလဲ။ အဲဒီ တိုက်ခန်းက သူ့ဝယ်ထားတာကို…သမီးကို လွှဲပေးတယ်ဆိုတော့ ဘာသဘောလို့ထင်လဲ"

ခဥ်…စဥ်းစားရ ခက်နေသည်။

"သူက ဘာသဘောနဲ့ မဆိုင်တာကို ဆွဲထည့်သလဲ မသိပါဘူး။ သမီးကလဲ…သူ့ကိုကွာရှင်းရလို့ နစ်နာကြေးလဲ တောင်းတာမဟုတ်ဘဲ တမင်ကြီးပေးတော့ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒွဲ…သူ့ပိုင်ဆိုင်မှုတွေ…ဘာတစ်ခုမှ မလိုချင်ပါဘူး မေမေ"

"အေး…ဒါဖြင့်ရင်…ဘယ့်နှယ်လုပ်မလဲ…။ သူကာ ပေး လိုက်ပြီးနေပြီ"

"အဲဒါကြောင့်…သူကိုယ်တိုင် လာမပေးဘဲ သူညီမကို ပေးခိုင်းလိုက်တာကိုး…"

ဖေဖေနဲ့မေမေက သံဒွေးခဒွဲ၏မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေပါသည်။

"ဒွဲ…သူ့ကို ပြန်ပေးလိုက်မယ်နော်"

"သမီး သဘောပါ…သမီးဘာ သမီးပိုင်ပါတယ်…"

"ရှင်…ဘာကိုဆိုလိုတာလဲ ဖေဖေ"

"သမီးလဲ…အသက် နှစ်ဆယ့်ရှစ်၊ နှစ်ဆယ့်ကိုး ဖြစ်နေပြီ။ လူကြီးလဲ ဖြစ်လာပြီလေ…ဒီတော့ ရှေ့ဆက်ရမဲ့လမ်းကို ကိုယ့် သဘောနဲ့ကိုယ် ဆုံးဖြတ်ရွေးချယ်နိုင်တဲ့ အသိဉာဏ် အလုံအလောက်လဲ ရှိသွားပြီလို့ ဖေဖေတို့ ယုံကြည်တယ်…ဖေဖေတို့ ဘာမှဝင်ပါစရာ





ဝင်အကြံပေးစရာ မလိုတော့ဘူး။ ဖြစ်သင့်တာကို…ကိုယ့်ဘာသာပဲ ချင့်ချိန်ပါ။ ကိုယ်…စိတ်ချမ်းသာတာကို ရွေးချယ်လိုက်ပါ…"

မေမေကပါ…တစ်ချက် ဝင်ပြောပါသည်။

"သမီး…မောင်မိုးထက်မြင့်ကို…လက်ခံချင်လို့ ဒီကိစ္စ ပြန်အစပေါ်လာတယ်ဆိုပေမဲ့…သမီး သူနဲ့ပြန်ဆုံရတော့…စိတ်မှာ ပေပေါ်ဖြစ်တာတွေ ဘာတွေရှိချင် ရှိလာလိမ့်မယ်။ ဒီတော့ ချက်ချင်း ကြီး ဟိုတစ်ဘက်ကို…လက်လွှတ်စပယ် ဆုံးဖြတ်ပြီး အဖြေပေးလိုက် တာမျိုး မလုပ်မိစေနဲ့။ ဒီတစ်ဘက်မှာလဲ…သေသေချာချာ…စိတ်ပြတ် ပြီလားဆိုတာ ပြန်သုံးသပ်ဦး။ မေမေတို့က…လူကြီးတွေပါ၊ ပြီးတော့ ကိုယ်မွေးထားတဲ့ သားသမီးရဲ့စိတ်သဘောမှာ ဘာရှိမလဲ…။ ဘာဖြစ် နေမလဲဆိုတာ တစ်ရာမှာ…ရှစ်ဆယ်ရာနိုင်နှုန်းလောက်ကို…မှန်းမိ နေတယ်"

သံဒွေးခဒွဲ…ဘာမှ ပြန်ပြောစရာ မရှိတော့လောက်အောင် ဖြစ်ကာ…ခေါင်းငုံ့နေရတော့လေသည်။

"ဘာကြောင့် အဲဒီလို…ပြန်ပြီး အကြံပေးရသလဲဆိုတော့ အခု ဖေဖေ…ကျွန်ုပ်စာချုပ်ကို စစ်ကြည့်လိုက်တယ်။ သမီးကသာ

မောင်နှစ်သစ်ကို တရုရ လက်မှတ်ထိုးခိုင်းနေတာ။ သမီး လက်မှတ်ထိုးရမဲ့နေရာမှာကျတော့…ဘာလက်မှတ်မှ ရှိမနေဘူး။ ဒီကျောရှင်းစာချုပ်မှာ မောင်နှစ်သစ်ရဲ့လက်မှတ်ပဲရှိပြီး…သမီးလက်မှတ် ရှိမနေဘူးလေ…။ သမီး သတိမထားမိဘူး ထင်တယ်"

"ရှင်…ဟုတ်လား မေမေ"

သံယောဇဉ် တအံ့တသြ ဖြစ်တော့ စိတ်လှုပ်ရှားစွာ…မေး

လိုက်မိပါသည်။

"စိတ်ထဲမှာ မပြတ်သားဘူး။ တွေဝေနေသေးတယ်ဆိုရင် လက်မှတ်မထိုးရသေးတာကို…ဒီအတိုင်းပဲ ထားထားပါ။ သမီး စိတ်အမှန်ကို သိလာတဲ့အချိန်ကျမှ…လက်မှတ်ထိုးလိုက်ပါ"

ငါ…ဘာကြောင့် ခုနစ်နှစ်လုံး ငါ့လက်ထဲမှာရှိနေတဲ့ ကျောရှင်းစာချုပ်မှာ ငါ့လက်မှတ်ကို ထိုးမထားမိတာပါလိမ့်။

သူ့ဆီက လက်မှတ်ရပြီးတဲ့အထိ ငါကိုယ်တိုင် လက်မှတ်ထိုးဖို့ကိစ္စကို ငါ…ဘာဖြစ်လို့များ အမေ့မေ့အလျော့လျော့ ဖြစ်သွားခဲ့တာပါလိမ့်။

သံယောဇဉ်သည်…သူမ၏လက်ထဲတွင်ရှိနေသော နှစ်သ





၏ လက်မှတ်ပါသည့် ကျောရှင်းစာချုပ်ကို…အကြာကြီး ငေးကြည့်နေခဲ့မိပါသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ်သည် သူ့မိုဘိုင်းလ်ဖုန်းတွင် ပေါ်လာသောနံပါတ်ကို

မှတ်မိနေသဖြင့် ဖုန်းလက်ခံပြောလိုက်ချင်းဝဲ…

"သဲယောခဉ်လား"

ဟု…ချက်ချင်း မေးလိုက်ပါသည်။

"ဟုတ်ပါတယ်…"

"ဘာကိစ္စလဲ…ကျွန်တော့်လက်မှတ်ရပြီးပြီနော်…။ ဟု





တယ်…မဟုတ်လား။ နှစ်ဦးကို ပေးနိုင်းလိုက်တာ စိတ်မရှိပါနဲ့။ ကျွန်တော် အဲဒီနေ့က ခရီးထဲအပြန်မှာ…။ တော်တော်ကြီး မှုးလာလို့ မလာနိုင်တာနဲ့…"

"အို…အဲဒါ…ကိစ္စမရှိပါဘူး။ ကိစ္စရှိတာက ရှင်…ထပ်ထည့်ပေးလိုက်တဲ့ စာချုပ်ပါ"

"ဪ…"

နှစ်သစ်က ကြိုးစားပြီး သူ့ကိုယ်သူ 'ကျွန်တော်' လို့ သုံး၊ ဧည့်ကိုတော့ 'သဲယောခဉ်' ဟု သံဖြတ်နဲ့ ခေါ်ဝေါ်သုံးစွဲဖို့ ပြင်ဆင်ထားပြီး ဖြစ်ပါသည်။

ကိုယ့်ရဲ့ချစ်ရသူ နန်းယောင်းက အရင်ကလို…လွတ်လပ်သူတစ်ယောက် မဟုတ်တော့ဘဲ နောက်ထပ် သက်ဆိုင်တဲ့သူတစ်ယောက်…ရှိလာတော့မည်ဖြစ်ရာ…ကိုယ့်စည်းနဲ့ကိုယ်…နေလိုက်ဖို့ ဆုံးဖြတ်ရပါသည်။

"ကျွန်မ…ကွာရှင်းခအဖြစ် ဘာမှ…မတောင်းဆိုထားပါဘူး။ ကျွန်မ…ရှင့်ဆီက…အာမိုင်းဆိုင်းမှာ…ခွဲဝေယူဖို့ မစဉ်းစားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့် မေးလိုက်ရသလဲ…”

“ကျွန်တော့်အတွက်မှ အသုံးမဝင်တော့တာ…”

“ဒါဆို အစကတည်းက ဘာလို့ ဝယ်ထားသေးလဲ။ ရှင် အသုံးမဝင်တော့ရင်လဲ ပြန်ရောင်းရင် ရောင်းပေါ့။ ဘာကြောင့် ကျွန်မ လက်ထဲ အတင်းထိုးထည့်လိုက်ရသလဲ…”

နှစ်သစ်…သက်ပြင်းချလိုက်မိပါသည်။ တကယ်တော့ ငွေ ပြန်လာခဲ့ရင်…ဆိုတဲ့ မျှော်လင့်ချက်လေးနဲ့…ဒီတိုက်ခန်းလေးကို ဝယ်မိ၊ သ,ထားမိတာပါ။ အခုတော့ ငွေက သူ့ဆီ ထာဝရပြန်လာဖို့မှ မရှိတော့တာ။ ဒါကြောင့်…ငွေ့ကို အမှတ်တရအနေနဲ့ လက်ဆောင် ပေးလိုက်မိတာပါ။

“ကိုနှစ်သစ်…”

“ကျွန်တော်…နားထောင်နေပါတယ်”

“နားထောင်နေရုံမှာ မတုတ်ဘူးလေ…။ ကျွန်မ…မေးတဲ့ မေးခွန်းတွေကို…ပြန်ဖြေရမှာ”

“ကျွန်တော်…မဖြေချင်တော့ဘူး…”





“ကဲ…ဒါဖြင့်…ကျွန်မ…လက်မှမခံတာ။ ရှင့်ကို အဲဒီ တချုပ် ပြန်လာပေးမယ်”

“သိယောစဉ် ဘာကြောင့် အဲဒီအခန်းကို ခါးခါးသီးသီး ဖြစ်နေပြီး လက်မခံချင်ရတာလဲ…”

“အို…ဘာမှမဆိုင်ဘူး…ဘာမှ မခါးသီးဘူး။ ကျွန်မနဲ့ ဘာမှမဆိုင်တဲ့…ပစ္စည်းတစ်ခုကို မယူချင်တဲ့…သဘောပဲ…”

“ဒါဖြင့်…တစ်နေရာရာကို…လှူလိုက်ပါလား။ အခန်းကို ရောင်းပြီး ရတဲ့ပိုက်ဆံကို…လှူဒါန်းလိုက်ပေါ့”

“ဘာလုပ်လဲ…အဲဒါ ကျွန်မနဲ့သက်ဆိုင်နေတဲ့ သဘောပဲ။ ကျွန်မကို…အဲဒီအကြံပေးမယ့်အစား ရှင်ပဲ အဲဒီအကြံအတိုင်း လုပ် လိုက်ပါလား…”

“သိယောစဉ်…လာပေးလဲ…ကျွန်တော် လက်ခံမှာမဟုတ် လို့…လာမနေပါနဲ့တော့။ ကဲ…ကျွန်တော့်မှာ အလုပ်ကိစ္စလေးတွေ ရှိတယ်…ဖုန်းကြာကြာ မပြောနိုင်ဘူး…ဆောရီး…”

သူက ချက်ချင်းပင် ဖုန်းကိုပိတ်သွား၍ ငွေ့မှာ တအံ့တသြ နှင့် ကျန်ရစ်ပါသည်။ ပြန်ခေါ်တော့လဲ…ဖုန်းကို အပြီးပိတ်ထား


www.burmeseclassic.com

လိုက်ပြီဖြစ်ရာ… ဘယ်လိုမှခေါ်လို့ မရတော့ပါ။

သူ့ အိမ်ဖုန်းကိုခေါ်တော့လဲ… ဘယ်သူမှ လာကိုင်မည့်သူ မရှိလေရာ ခင်သည် အံ့ဩကြီးကြီးကိုက်ဖြင့် ခေါ်သဖြစ်နေရတော့သည်။

မိုးထက်မြင့် ရောက်လာချိန်တွင် သူမ၏မျက်နှာမှာ မကြည် လင်လှရာ… သူက အကဲခတ်မိသွားပြီး…

"ဘာ အဆင်မပြေလို့လဲ… သဲယောခင်"

ဟု… မေးလေသည်။

"ကျွန်မ… စိတ်အနှောင့်အယှက် ဖြစ်နေမိတာလေ"

"ဘာများလဲ"

"ကျွန်မ… ကိုနော်သစ်ဆီက… ကျောင်းစာချုပ်မှာ လက်မှတ် ထိုးဖို့ တောင်းဆိုထားတယ်ဆိုတာ… ကိုမိုးထက်မြင့် သိပါတယ်… အဲဒီကိစ္စကြောင့်ပါ"

"သူက… ဘာများ အကြောင်းပြန်လို့လဲ"

"သူ… လက်မှတ်ထိုးပေးပါတယ်"

"ဪ… ဪ"

မိုးထက်မြင့်အလဲ… လူပါးတစ်ယောက်မို့ ဒီမိန်းကလေး





မျက်နှာ အရင်ကလောက် တက်ကြွလန်းဆန်းမှုမရှိဘဲ ညှိုးနှိုင်းနေသည် ကို အကဲခတ်မိပြန်သည်။ အဲဒီအခါမှာ သူ… ရင်မောသွားပါသည်။

အချုပ်အနှောင်တစ်ခုမှ… လွတ်သွားတဲ့ လူတစ်ယောက်ရဲ့ မျက်နှာဟာ ဒီလိုမဖြစ်သင့်ဘူး။ သူမ… မျက်နှာက တဆိတ်… ညှိုးငယ်နေတယ်…။

အေးလေ… ငယ်ချစ်ဟောင်းနဲ့ ပြန်တွေ့ရပြီဆိုတော့… အခုမှ ဆုံရတဲ့… အခုမှ… သူမရဲ့ရင်ထဲကို… ဝင်ဖို့ကြိုးစားရတဲ့… ငါ့အနေနဲ့ ဘာမှကို… မျှော်လင့်ချက်… မရှိနိုင်ဘူးဆိုတာ ငါ… ကြိုမြင်နေသား ပဲ။

"ဒါပေမဲ့… သူက… ကျွန်မ မတောင်းဆိုပါဘဲ…။ အိမ်ခန်း တစ်ခန်းကို… ကျွန်မ… နာမည်နဲ့လွှဲပေးတဲ့… စာချုပ်တစ်ခုကိုပါ… အပိုထည့်ပေးလိုက်တယ်…။ အဲဒါ… အခုက ပြန်ပေးဖို့ပြောတော့… လာမပေးပါနဲ့ဆိုပြီး ဖုန်းကို ဆက်ပြောလို့မရအောင် ပိတ်ထားတယ်… စိတ်ထဲမှာ… မကျေနပ်ဘူးလေ…။ မရမကပြန်ပေးမယ်လို့… ဆုံးဖြတ် ထားတာ"

ဒီကိစ္စလေးနဲ့တော့… သူမ ဒီလောက်ကြီး… မကြည်မလင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေဖို့မလိုဘူးဟု…မိုးထက်မြင့်…သုံးသပ်မိသောအခါ…သူဟာ တိတ်ဆိတ်စွာဝင်…နောက်ဆုတ်နေတော့ဖို့…ဆုံးဖြတ်လိုက်မိပါသည်။

●●●



နှစ်သစ်ဏ်…မိုဘိုင်းလ်ဖုန်းကို…အကြိမ်ကြိမ်ခေါ်တိုင်း ဖုန်း ကို တောက်လျှောက်ပင်…သုံး၊လေး၊ငါးရက် ပိတ်ထားသောအခါ…။ နှစ်သစ်ဏ်…အိမ်ဖုန်းနံပါတ်ကို ခေါ်သော်လည်း…ဖုန်းမြည်သံသာ ကြားရပြီး…ဘယ်သူမှ လာမကိုင်လွန်းသောအခါ…သံယောဇဉ်သည် နောက်ဆုံးမှာတော့…နှစ်သစ်ဏ်လိပ်စာကတ်ဒ်ထဲမှာရှိသော…အိမ်ကို ကိုယ်တိုင်ပင် လိုက်သွားဖို့ ဆုံးဖြတ်ရတော့လေသည်။

www.burmeseclassic.com

သူ့မှာလဲ…သူ့ဆုံးဖြတ်ချက်ရှိသလို ငှဲ့မှာလဲ…ကိုယ်ပိုင် ဆုံးဖြတ်ချက် ရှိနေပြီဆိုတာ…သူ့ သိကိုသိစေရမည်။

ငှဲ့…ရောက်သွားသောအခါ…လှပနေတော်မီသော…တစ်ထပ်ခွဲတိုက်အိမ်ပြာလေးရှိသည့် ဝကျွန်းမကျယ် ခြံဝန်းလေးကို အရှင်ဆုံး တွေ့ရပါသည်။

အဝင်ဝက လူခေါ်ဘဲလ်ကိုနှိပ်လိုက်တော့ အလုပ်သမားဟု ထင်ရသည့်…ကောင်လေး ခပ်ငယ်ငယ်တစ်ယောက်…ပြေးထွက်လာသည်။

"ဘယ်သူ့နဲ့ တွေ့ချင်လို့ပါလဲ ခင်ဗျာ"

"ဒီအိမ်က…ကိုနှစ်သစ်ရဲ့အိမ် မဟုတ်လား"

"အစ်ကိုကြီးအိမ်ပါ…ဟုတ်ပါတယ်"

"သူ…ရှိလား"

"အစ်ကိုကြီး မရှိဘူး ခင်ဗျ…၊ အစ်မ ကိစ္စရှိလို့လား"

"ရှိတယ်"

"မေမေချောတော့ ရှိတယ် အစ်မ။ မှာချင်တာ မှာခဲ့လို့ရပါတယ်"





"ခေါ်ခင်ချောကို ပြောတာလား…"

"ဟုတ်ကဲ့…အစ်ကိုကြီး အမေပါ…။ ကျွန်တော်က မေမေချောလို့ ခေါ်လို့ပါ…"

ငှဲ့…တစ်ချက် စဉ်းစားလိုက်ပြီး…

"တွေ့မယ်လေ"

ဟု ပြောလိုက်မိပါသည်။ ပြီးမှ…ကိုယ့်ကိုယ်ကို…ဘာတွေ လျှောက်လုပ်နေမိမှန်း မသိသလိုဖြစ်ကာ အားမလိုအားမရ…ဖြစ်ရပြန်သည်။ ယောက္ခမလောင်းနဲ့ တွေ့တော့ရော…ဘာထူးမှာမို့လဲ။ တကယ်တော့…သူ့နဲ့ မသက်ဆိုင်တော့ဘူးဆိုရင်…သူ့နဲ့ဆွေမျိုးတော်စပ်သူအားလုံးကိုပါ…ခပ်ကင်းကင်း နေလိုက်ရမှာ…။

အမြင်သိဝန်းတံခါး၊ အလယ်သစ်သားတံခါး၊ အတွင်းခြင်လုံသံဇကာတံခါးတို့ ဖွင့်လိုက်သောအခါ…သံယောဇဉ်ကို…ရစ်စောင့်နေသည့် ခေါ်ခင်ချောကို ဆုံလိုက်ရပါသည်။

"သမီး…ခြံထဲဝင်လာတာ…အမေ၊ အိမ်ထဲက လှမ်းတွေ့ပြီးသားလေ။ ဒါကြောင့် ကြိုစောင့်နေတာ။ ဟဲ့…မောင်တွေး…မင်း အစ်မကိုနှိပ်ပိန့်ကို ကော်ဖီနဲ့မုန့် သွားပြင်နိုင်းလိုက်ဦး။ ညှိသည့်ရောက်



www.burmeseclassic.com

www.burmeseclassic.com

နေတယ်လို့ ပြောလိုက်…”

ဟောင်လေးစော သုတ်တနဲ့ အိမ်ရောက်စေအောက်…ပြေးဝင်သွားသည်။

“အိမ်မှာ…သားက အချိန်ပြည့်အလုပ်လုပ်…၊ နှစ်ဦးကကျောင်းမှာ စာပြန်နေဆိုတော့လေ၊ အမေတစ်ယောက်တည်းရယ်…။ ဒါနဲ့မဲ…ဆွေမျိုးနီးစပ်ထဲက…မိဘမဲ့ရှာတဲ့ ဆောင်နုမလေးကိုပဲ ခေါ်မွေးပြီး…အကူအစောင့်ထားရတယ် သမီးရယ်။ ဒါနဲ့…နေပါဦး သမီးဘာတိစ္စများ ရှိလို့လဲ…”

“ကိစ္စ ရှိပါတယ် အမေ…အဲ…ဆန်တီ”

“အမေလို့ပဲခေါ်ပါ…ရပါတယ်…ဘာမှ မဖြစ်ပါဘူး”

“သူက…သမီးကို ကျောင်းစာရွက်မှာ လက်မှတ်ထိုးပေးလိုက်တယ် အမေ”

“ဪ…တွေ့တယ်…အမေတို့ကို သူ အသိပေးပါတယ်…”

ခေါ်ခင်ချော စိတ်မကောင်းသလို…အသံတိမ်တိမ်ဖြင့်ပြောပါသည်။





“အဲဒါလေ…သူကမရှင်းမလင်း လုပ်လိုက်လို့…”

“ဘာပါလိမ့်…”

“သမီးနဲ့မဆိုင်ဘဲ…သူဝယ်ထားတဲ့ တိုက်ခန်းကို သမီးနာမည်နဲ့ လွှဲပေးကြောင်းစာချုပ်ကို…ထည့်ပေးလိုက်တယ်…”

ခေါ်ခင်ချောက…အသွင်တစ်မျိုးနှင့် ကြည့်ကောင်းစွာ လှနေသော သံယောဇဉ်ကို ပေးနေခဲ့သည်။

“သူ့ကို ပြန်ပေးဖို့ ဆက်သွယ်တော့၊ သူက အဆက်အသွယ်မခံဘူး၊ ဖုန်းကို ပိတ်ထားတယ်…ဒီအိမ်ဖုန်းကို ခေါ်တော့လဲ…ဘယ်သူမှ လာမကိုင်ဘူး”

“အဲဒါ…သားမှာထားလို့ပါ၊…ဒီတစ်လော ဘာဖုန်းပဲလာလာ မကိုင်ပါနဲ့ဆိုပြီး မှာရှာတင်မကဘူး၊ တယ်လီဖုန်းပလပ်ပါဖြုတ်ထားတယ်၊ အမေလဲ…သူ့ကိစ္စတွေ…ဘာမှသိပ်မသိတော့…သူမှာတဲ့ အတိုင်းပဲ နေလိုက်တယ်လေ…မေးလဲ မမေးမိဘူး၊ နှစ်ဦးတော့ သိရင်သိမယ်ထင်တယ်…၊ သူတို့မောင်နှမကတော့… တချို့တလေ တိုင်ပင်လုပ်ကြတာ ရှိတယ်…၊ အခု နှစ်ဦးက…ကျောင်းသွားနေတယ် သမီး…”



www.burmeseclassic.com

www.burmeseclassic.com

"ကိစ္စမရှိပါဘူး…အမေ။ ဒီအိမ်ကိုတောင်မှ လိုက်လာပြီးပြီဆိုတော့…သမီးလဲ လုပ်စရာလေးတွေ…လုပ်လာပြီးပါပြီ…။ ဒီမှာ…ဒီဖိုင်လ်တွဲကို သူလာရင် ပေးပေးပါ…အမေ။ အဲဒီထဲမှာ သမီးရဲ့ ရှေ့နေနဲ့ ပြန်လုပ်ထားတဲ့ စာချုပ်အသစ် ပါပါတယ်။ ပြီးတော့ သူ့အိမ်ကိုလွှဲပေးတဲ့စာချုပ်လဲ ပါပါတယ်…။ သမီးက သူလွှဲပေးတဲ့ အိမ်ခန်းကို လက်မခံကြောင်း ပြန်ငြင်းထားတဲ့ သူ့ကို ပြန်လွှဲပေးထားတဲ့စာချုပ်ပါ…စာချုပ်အသစ် လုပ်လိုက်တာပါ…"

ဒေါ်ခင်ချောက…ဖိုင်လ်ကို လှမ်းယူထားလိုက်ပါသည်။

"သမီးလေ…လှလာလိုက်တာကွယ်…အမေ…သမီး အကြောင်းတွေ ကြားပါတယ်…သမီး သိပ်အောင်မြင်နေတာနော်…နှစ်ဦးတောင် ရှေ့ဆီက အင်္ဂလိပ်စိုင်းတွေ သဘောတကျကျ ဖြစ်နေတာ။ သူ့ ဈေးစပ်ပွဲတုန်းကျ ဝတ်ဖြစ်မယ်လေ။ လက်ထပ်ရင်လဲ ရှေ့ဆီက ဖက်ရှင်ပဲ…မှာမယ်၊ အဲ့မယ်နဲ့ ပြောနေတယ်…။ အေးကွယ် သမီးက လှပြီးသားရှုဆိုတော့ အခု…ပိုလှလာတာ သိပ်မဆန်းလှပါဘူး။ အမေ ဒီလိုရိုးမြင်ရတော့ ရင်ထဲမှာတောင် ဝမ်းနည်းပြီး နဲပြောလာတယ်။ သမီးက အမေ့ချွေးမလေးလေ…"





သံယောဇဉ်က ဒေါ်ခင်ချော၏ စကားအသွားအလာကို ရိပ်မိပြီး ထမြန်ဖို့ကြိုးစားနေမိပါသည်။

"သားကြီးက…အခု…အရှမ်းလိမ္မာနေပါပြီ…။ သူ ရှာဖွေသမျှတာ…"

"အမေ…စိတ်မရှိပါနဲ့၊ သမီးမှာလဲ အလုပ်ကိစ္စလေးတွေ ရှိလို့ ခွင့်ပြုပါဦးနော်…"

ဒေါ်ခင်ချောသည် သံယောဇဉ်၏မျက်နှာအမူအရာကို…အကဲခတ်မိလျှက်…တိတ်တဆိတ် သက်ပြင်းချကာ ခေါင်း အသာ ညိတ်လိုက်ပါသည်။

သံယောဇဉ်ကားသာ ခြံထဲမှအထွက်တွင် ခြံထဲကို…မောင်းဝင်လာသောနှစ်သစ်၏ ကားနှင့်ထိပ်တိုက် ဆုံလိုက်သေးသည်။

နှစ်သစ်က…ဘေးကပ်ပေးပြီး…သံယောဇဉ်၏ကား ထွက်သွားနိုင်ဖို့ လမ်းပေးပေမဲ့…သူက သူ့ကားမှန်ကိုပင် မချပဲ ရှေ့တည့်တည့်ကိုသာ ကြည့်နေခဲ့သည်။

ဖုန်းခေါ်ရရင် ဒီအိမ်ကို လိုက်လာတော့မယ်ဆိုတာ ကြိုသိသားပဲ။ အခုတော့ လူကိုယ်တိုင်လိုက်လာပြီး…လာပေးသွားပြီပေါ့။



www.burmeseclassic.com

ညှိုးရယ်…စိတ်တဖြတ်သားရဲ့ရှည့်လား။ ကိုမို့ ပတ်သက်တာ ဘာမဆို မမြင်ချင်တော့ဘူးတဲ့လား…။ သံယောဇဉ်ကြိုးလေး ဖြုတ်ရောက်မှ သူ…အသံတိတ် ရှိုက်ငင်လိုက်မိပါသည်။

●●●





(၁၀)

နှစ်သစ်သည် သူ့လက်ထဲရောက်လာခဲ့သော ဖိုင်တွဲထဲမှ… သူ့အိမ်ကို…ငှားရမ်းလွှဲပေးထားသော စာချုပ်တစ်ခုနှင့်အတူ…ပါလာသည့် စာချုပ်အသစ်ကြီးနှစ်ခုတို့ကို လှန်လှောကြည့်လိုက်မိပါသည်။

ပထမ…စာချုပ်မှာ နှစ်သစ်က…အိမ်ခန်းလွှဲပြောင်းပေးခြင်းကို လက်မခံကြောင်း၊ သူမနှင့်မသက်ဆိုင်ပါကြောင်း၊ ပြန်လည်ပေးအပ်သားထားသည့်စာချုပ်ပဲ ဖြစ်ပါသည်။



www.burmeseclassic.com

နှစ်သစ်…အဲဒီစာချုပ်ကို အေးအေးဆေးဆေး ဖတ်လိုက်ပြီး နောက်ထပ် စာချုပ်ကို အသာယူကြည့်လိုက်ရာ ခုံခြားရောကောင်းလှသော အကြောင်းအရာများပါသည့် စာချုပ်တစ်ခု…ဖြစ်နေကြောင်း သိလိုက် ရပါသည်။

သူ…ခုံခြားတုန်လှုပ်လျက်…၊ အနားမှာ အေးအေးဆေးဆေး (သို့သော်) နှစ်သစ်၏မျက်နှာအမူအရာကို အကဲခတ်လျက် ထိုင်နေခဲ့ သည့် အမေ့ကို…ဖြရင်း လှမ်းပြောလိုက်မိလေသည်။

"အမေ…ဒီစာချုပ်က တစ်မျိုးပဲ"

"ဘာလဲ…အမေ့ကို ဖတ်ပြပါဦး…၊ မျက်မှန်မပါရင် အမေက ဘာမှဖတ်လို့မရဘူး သားကြီးရဲ့"

"ဒီစာချုပ်ထဲမှာ ရေးထားတဲ့သဘောတရားက သား… သူ့ကို လွှဲပေးတဲ့အိမ်ခန်းကို သူ လက်မခံသလို…ဒီအိမ်ခန်းဟာ သားနဲ့သူ့သားလျှင် ပိုင်ဆိုင်ပါကြောင်း အားတို့နှစ်ယောက်မှာမည် ပေါက်ကြောင်း…ပြန်ရေးထားတဲ့သဘောပဲ…"

နှစ်သစ်သည် သူ့ဘာသာဖတ်ကြည့်တုန်းက ဘာကိုမှားလည်း ရမှန်း မသိသလို…ခံစားလိုက်ရပေမဲ့ အမေ့ကို တစ်ခေါက်ရှင်း





သောအခါ သူ…တစ်ခုခုကို…ရေးရေးကလေး မြင်သလိုလို ဖြစ်လာ ပါသည်။

သို့သော်…အဲဒီထင်မြင်ချက်ကိုပဲ…ချက်ချင်းကြီး တုန့်လှုပ် ပျော်ရွှင်လိုက်ဖို့ စိတ်က မရဲဝံ့ပြန်ပါ။

ဘာသဘောလဲ…ခွဲရယ်။ ခွဲ့မိဘတင်ထားတဲ့ စဘော်ငွေ ကို ထပ်ဖြည့်ပြီး ဝယ်လိုက်တဲ့အတွက် နှစ်ဦးပိုင်အိမ်ခန်းတစ်ခန်း အဖြစ် သဘောထားလိုက်သလား။

ဒါမှမဟုတ်…။

အဲဒီ…ဒါမှမဟုတ်ရဲ့…နောက်ဆက်တွဲ အဆုံးသတ်ကိုတော့ စိတ်ကူးယဉ်မျှော်လင့်လို့ပင် မရဲခဲ့သေးပါ။ ခွဲ…နှုတ်ဖျားက ဘာများ ပြောမလဲ…ကြားချင်တယ် ခွဲရယ်…။

"သူ…ဘာသဘောနဲ့များ…"

"အမေထင်တာတော့ သူ့မိဘ စဘော်တင်ထားတဲ့ငွေထဲမှာ သားက ငွေထပ်ဖြည့်ပြီး ဝယ်လိုက်လို့များလား။ အို…အဲဒီလိုဆိုလဲ အရှင်းကြီးပါ…အဲဒီစဘော်ငွေလေး ရှစ်သိန်းလောက်ကို သားက ပြန်ပေးခိုင်းရုံပဲ…သား ပြန်ပေးနိုင်တဲ့ အခြေအနေရှိနေပြီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

သဲယောဇဉ် သိနေသားပဲ။ သူ…ဒီလို မဖြစ်စေသားတွေလုပ်ဖို့ မသင့်ဘူးလေ…။ နှစ်ဦးပြောတော့…သူ…နောက်အိမ်ထောင်ပြုတော့မယ်ဆို…။ အဲဒါ…ဟုတ်နေရင် အရင်က အိမ်ထောင်ဖက်ဟောင်းနဲ့ ပူးတွဲပိုင်ဆိုင်တာတွေ…ဘာတွေ…ထားနေဖို့ မကောင်းဘူးပေါ့။ သားရော…ဘာများ ထင်သလဲ"

"မထင်တတ်ပါဘူး…ထင်လဲ မထင်ရဲသေးပါဘူး အမေရယ်…သူက…သားကို…ခုနှစ်နှစ်လုံးလုံး ခွဲထားပြီးမှတော့၊ အခုမှ…"

"ဟဲ့…ဘာပဲဖြစ်ဖြစ် တွေ့ပြီး မေးမြန်းဆွေးနွေး ကြည့်ပါဦးလား၊ အမေကတော့…အကောင်းကိုပဲ…မျှော်လင့်ပါတယ်…သားရယ်၊ အမေ စိတ်ဓာတ်ပါဘူး…။ အမှတ်အသားလဲ…မထားတတ်ပါဘူး။ သဲယောဇဉ်နဲ့သားတို့သာ ပြန်ပေါင်းမြေမယ်ဆိုရင် အမေက သားကြီးထက်တောင်…ဝမ်းသာမှာပါ"

နှစ်သစ်သည်…အမေ့စကားသံတွေကို…နောက်ချန်ရစ်ခဲ့ကာ…ရှေ့ထဲ…ဖုန်းခေါ်လိုက်ပါသည်။

ရှေ့…မိုဘိုင်းလ်ဖုန်းနံပါတ်ကို နှိပ်နေသော သူ့လက်ချောင်း





တွေမှာ…တုန်ယင်နေခဲ့ပါသည်။

သဲယောဇဉ်သည် ထင်တဲ့အတိုင်းပင်သူ့ဆီက…ပြန်လှမ်းဆက်သည်ကို…လက်ခံရသဖြင့် စိတ်လှုပ်ရှားနေလျှက်…လူက အမြန်းလေး တစ်ယောက်လိုပဲ…ရှက်သွေးဖြာ…ရင်ခုန်နေခဲ့ပါသည်။

"ရှင်…"

"ဟုတ်ကဲ့…"

"အိမ်ခန်းလေးကို နှစ်ယောက်ပိုင်ဖြစ်ကြောင်း ပြန်စာချုပ်ချုပ်ထားတာ…ဖတ်ရပါတယ်…"

"မကြိုက်လို့လား…"

"မဟုတ်ဘူး…ရှင်။ နောက်ထပ်ဘဝခရီးတစ်ခုကို နောက်အပေါ်တစ်ယောက်နဲ့…အတူသွားမယ်ဆိုရင်…အရင်က အကြောင်းအရာတွေကို…အကုန်လုံး…ဖျောက်ထားခဲ့ရမယ်လေ။ ဒီလိုနှစ်ယောက်တွဲ ပိုင်ဆိုင်မှုဆိုတဲ့ အကြောင်းအရာဟာ မရှိသင့်တော့ဘူး"

"ရှိသင့်လို့…ရေးထားတာပါ…"

"ဘာရယ်…"

"အဲဒီနှစ်ယောက်ပိုင်…နှစ်ဦးပိုင်ဆိုတဲ့ အကြောင်းအရာဟာ



www.burmeseclassic.com

www.burmeseclassic.com

ရှိကိုရှိသင့်နေပြီလေ၊ ဘာကြောင့်လဲဆိုတော့… ကျောင်းစာချုပ်မှာ ရှင်ဝဲ… လက်မှတ်ထိုးထားခဲ့တာပါ။ ကျွန်မက မေ့ပြီး လက်မှတ် မထိုးမိတာလား၊ တမင်ပဲ မထိုးဘဲ နေနေခဲ့သလား၊ တစ်စုံတစ်ခုရဲ့ ဟန့်တားမှုကြောင့် မထိုးဖြစ်အောင် နေမိသလား မသိပါဘူး။ ဒီတော့ နှစ်ဦးသဘောတူ ကျောင်းမှုဆိုတာက အထမမြောက်သေးတော့ နှစ်ဦး ပိုင် ပိုင်ဆိုင်မှုဆိုတာတွေက… ရှိကို… ရှိလာရတော့မှာပေါ့…”

ခိုင်ရယ်… ခိုင်ရယ်။ နှစ်သစ်သည် ရင်ထဲမှာ ငိုညည်းတာမျိုးလိုပဲ အခါခါ… ခေါ်နေမိတော့သည်။

“ခိုင်… ကိုကို ချစ်နေခဲ့သေးတယ်နော်”

နှစ်သစ်ကသာ ရေရွတ်ပေမဲ့ ခိုင်ကတော့ ပြောလိုရာအခါ ရှုပြီး ပြောလိုက်ပြီးခဲ့ပြီဖြစ်ရာ လူက နှလုံးသားတွေ တဖြတ်ဖြတ် ခုန်လှုပ်ရုန်းခြင်းကို ခံနိုင်ရည်မရှိတော့တာမို့ မျက်နှာကို… ပိတ်လိုက်ရတော့ လေပြီ။

ခိုင်… မျှော်လင့်ထားတဲ့အတိုင်းပင်… နောက်ထပ် ဆယ့်ငါး မိနစ်… မိနစ်နှစ်ဆယ်လောက်အကြာမှာ… သူက… ခိုင့်ရဲ့ရုံးခန်းတံခါး ဝမှာ ရောက်နေခဲ့တော့လေသည်။





ခိုင်က… သူ့ရင်ခွင်မှာ… လွမ်းမောတမ်းတစွာ နှိုးရှိုက် ငိုလိုက်မိပါသည်။

“တကယ်တော့… ခိုင် ကိုယ့်ကိုကိုယ်လဲ ညာခဲ့တယ်၊ ကိုယ့် နှလုံးသားကိုလဲ ကိုယ် ပြန်ညာခဲ့တယ်… ခိုင်… အချိန်အကြာကြီး ကိုကို… မေ့ထားသလိုဖြစ်ပေမဲ့… မသိစိတ်မှာရော၊ နှလုံးသားရဲ့… ထောင့်တစ်နေရာမှာရော ကိုကို… သိမ်းထားခဲ့မိတာလေ…။ စာချုပ် မှာ… ကိုကို လက်မှတ်ထိုးပေးဖို့ တရုံးတောင်းဆိုခဲ့တဲ့ ကာယကံရှင် ခိုင်ကတော့ ဘာလို့ လက်မှတ်ကြီးမထိုးထားမိလဲ မသိခဲ့ဘူး။ ကို့ လက်မှတ်ရတော့မှ ခိုင်… လက်မှတ်မထိုးရသေးမှန်း… အဲဒီကျမှ သိပေ ရဲ့ လက်မှတ်လေးတစ်ခု ထိုးပေးဖို့ ဘယ်အရာက ဟန့်တားမှန်းမသိ ဖြစ်ပြီး… မထိုးချင်ခဲ့တော့ဘူး ဖြစ်သွားပါတယ်…။ အဲဒီနောက်ပိုင်း မှာ ကိုယ့်ကိုကိုယ်… မြင်လိုက်ရတော့တာပဲ။ ခိုင်… ကိုကို ဘယ်တုန်း ကမှလဲ… မမုန်းခဲ့သလို… ဘယ်တော့မှလဲ… လက်တွဲ မဖြုတ်ရက် ခဲ့ပါဘူး… ကိုရယ်”

✿✿✿



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်၏…ရှုံးနိမ့်တံခါးဝမှာ ရောက်နေခဲ့သော…နှီးထက်မြင့်သည့် အတွင်းစေ့ စေတနာသံတွေကို သူ…ဘာမှမကြားနိုင်တော့ပဲ…သူဟာ…အစစအရာရာကို လက်ခံသဘောပေါက်သွားခဲ့ပါသည်။

သူသည်…လောကကြီးကို…ရှောင်ရယ် ရယ်လိုသော မျက်လုံးတွေဖြင့်…အဲဒီရှုံးခန်းရွှေ့မှ…ထွက်လာခဲ့သည်။

သူ့ကိုယ်သူ…အရှုံးသမားလို့…သူ…မသတ်မှတ်ပါ။ အစ တည်းက…နှစ်သစ်ဟာ သူ့ရဲ့ပြိုင်ဘက် မဟုတ်ခဲ့သူပါ။





သူကလဲ နှစ်သစ်ကို မပြိုင်ခဲ့ပါ။

သူဟာ…ဒီချစ်ခြင်းတရားတစ်ခုရဲ့ လွန်ဆွဲပွဲကို ဘေးကသာ ရပ်ကြည့်နေခဲ့သူပဲ ဖြစ်ပါသည်။

●●●



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နောက် ... သုံးလလောက်အကြာမှာ မိုးထက်မြင့်သည် ပညာတတ်၊ အချောအလှမျိုးရိုး ဂုဏ်တင့်တယ်သော ... မိန်းမပျိုလေးတစ်ဦးနှင့် အကြီးအကျယ် ခမ်းနားစွာ လက်ထပ်ပွဲ ကျင်းပခဲ့ပါသည်။

သူတို့၏သတင်းကို ဖတ်မိကြသော ... နှစ်သစ်နှင့် ... သဲယောဇဉ်တို့က အဲဒီနေ့တစ်နေ့တော့ မိုးထက်မြင့်ဟူသော လူတစ်ယောက်အကြောင်း သတိတရ ပြောမိပါသေးသည်။





ရောက်တော့လဲ ပုံမှန်လည်ပတ်နေကြ ... နေ့စဉ်ဝတ္တရားများကြားတွင် သူတို့ ပြန်ရောက်သွားလျှက် ... မိုးထက်မြင့်ဟူသော လူတစ်ယောက်အကြောင်းကို ... မေ့သွားခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

နောက်...နှစ်နှစ်သန့် အကြာ...

တစ်နှစ်ခွဲအရွယ် သမီးကလေးကို ချီထားသည့် နှစ်သစ်ရဲ့ လက်မောင်းကို မြဲမြဲဖွာ တွဲထားခဲ့ဖြစ်သည့် သံယောဇဉ်တာ ယနေ့တော့...သူမနှင့်သာ...သက်ဆိုင်သော...ရင်ခွင်ဂိုဏ်ဖြူတစ်ခုကို ရွေးချယ်ပြီးခဲ့လေပြီ။

ထို ရင်ခွင်ဂိုဏ်ဖြူသည်သာ သူမရဲ့တစ်သက်တာကို အလှဆုံးဖြစ်အောင်...ချစ်မိုးရွာစေမြဲ့ထားတော့မှာပဲ...ဖြစ်လေသည်။



ရှင်နိုး

( မေတ္တာရွှေသိုက် )

3rd July, Thursday, 2003.



www.burmeseclassic.com